PUN HLAING + SILOAM
HOSPITALS

The VOICE Sunday

Vol. 5 / No. 1 | Established in 2004 | ၁၃၇၈ ခုနှစ်၊ တန်ခူးလဆန်း (၆)ရက်၊ တနင်္ဂနွေနေ့ (Sunday, April 2 , 2017)

# ရန်ကုန်နှင့် မုံရွာတွင် အနိုင်ရထားဟု NLD ပါတီ ထုတ်ပြန်၊ အမ်းနှင့် ချောင်းဆုံတွင် ရှုံးနိမ့်ဖွယ်ရှိဟုဆို

## ယနေ့နံနက် ၉နာရီတွင် မဲစာရင်းကြေညာမည်ဟု ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဆို

**ရန်ကုန်၊ ဧပြီ ၁**

ရန်ကုန်တိုင်းဒေသကြီးတွင်ရှိသည့် ပြည်သူ့လွှတ်တော် လေးနေရာနှင့် အမျိုးသားလွှတ်တော်တစ်နေရာ စုစုပေါင်း မဲဆန္ဒနယ် ငါးနေရာနှင့် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်တို့တွင် အမျိုးသားဒီမိုကရေစီ P - 2

**မဲဆန္ဒနယ်အများစုမှာမဲပေးသူ နည်းခဲ့တဲ့ကြားဖြတ်ရွေးကောက်ပွဲ** စာ 12



ဓာတ်ပုံ - မြင့်မိုးညို

လှိုင်သာယာမြို့နယ်ရှိ မဲရုံတစ်ရုံတွင် ဆန္ဒမဲများကိုရေတွက်ရာတွင် တံဆိပ်တုံး သုံးနေရာထုထားသောကြောင့် ပယ်မဲအဖြစ်သတ်မှတ်ရမည့် ဆန္ဒမဲလက်မှတ်ကို မဲရုံဝန်ထမ်းတစ်ဦးက အများပြည်သူသို့ ပြသနေစဉ်

## ရေကြောင်းတက္ကစီ ပြေးဆွဲရန် ပြည်ပနိုင်ငံ သုံးခုမှ သင်္ဘောများ ဝယ်ယူ P - 2

## ဦးဝီရသူကို တရားပြန်မစွဲဟု ကိုဆွေဝင်းဆို P - 3

## မကွေးတွင် ရန်ပုံငွေ ၂ဒသမ ၈ ဘီလီယံ ပျောက်ဆုံးမှု စစ်ဆေးရာမှ ၇ဒသမ၄၅ ဘီလီယံအထိ ပျောက်ဆုံးနေကြောင်း စစ်ဆေးတွေ့ရှိ

**ရန်ကုန်၊ ဧပြီ ၁**

မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဟောင်းများဖြစ်ကြသည့် ဝန်ကြီးဟောင်း ဦးဘုန်းမော်ရွှေအပါအဝင် ဝန်ကြီးဟောင်းများကို ရေနံလက်ယက်တွင်း ရန်ပုံငွေ ၂ဒသမ၈ ဘီလီယံ ပျောက်ဆုံးမှုဖြင့် ပြည်ထဲရေးမှ စစ်ဆေးရာမှ P - 2

## ထန်တလန် မဲဆန္ဒရှင်များကို ပါတီများ စုပေါင်းအချိုးရည်ပေးဝေမှု ကော်မရှင်က ရဲခေါ်တားဆီး P - 4

## တနိုင်းသို့ ဆန်နှင့် စက်သုံးဆီ သယ်ခွင့်ပြုရန် ကချင်လွှတ်တော် အတည်ပြု P - 5



# ရေကြောင်းတက္ကစီပြေးဆွဲရန် ပြည်ပနိုင်ငံသုံးခုမှ သင်္ဘောများ ဝယ်ယူ

**ရန်ကုန်၊ ဧပြီ ၁**

ရန်ကုန်မြစ်တွင်း မကြာခင်ပြေးဆွဲမည့် ရေကြောင်းတက္ကစီ (Water Taxi) အတွက် ပြည်ပသုံးနိုင်ငံမှ သင်္ဘောများ ဝယ်ယူရန်စီစဉ်နေကြောင်း တင့်တင့်မြန်မာကုမ္ပဏီလီမိတက်ထံမှ သိရသည်။

သင်္ဘောများကို ဩစတြေးလျ၊ ဂျော်ဒန်၊ ထိုင်းနိုင်ငံတို့မှ ဝယ်ယူပြီး မြန်မာနိုင်ငံရှိ သင်္ဘောများကိုလည်း Water Taxi တွင် ထည့်သွင်းပြေးဆွဲမည်ဖြစ်ကြောင်း တင့်တင့်မြန်မာကုမ္ပဏီလီမိတက် စီမံကိန်းမန်နေဂျာဦးထွန်းနိုင်လင်းက ပြောကြားသည်။

"မြန်မာပြည်မှာ မရှိသေးတဲ့သင်္ဘောအမျိုးအစားတွေကို အများဆုံး အသုံးပြုသွားမှာပါ။ နည်းပညာပိုင်းကတော့ ဩစတြေးလျနိုင်ငံက ပရောဂျက်မန်နေဂျာတွေက ခရီးစဉ်နဲ့ Ticket ကိုဆောင်ရွက်နေတယ်" ဟု ၎င်းက ဆိုသည်။

Face-1 အနေနှင့် သင်္ဘောစင်းရေ ၂၅ စင်းမှ ၃၅ စင်းကြား မှာယူနေပြီး ရေရှည်ပြေးဆွဲနိုင်ရန် Plan အဆင့်ဆင့် ချမှတ်ဆောင်ရွက်နေကာ ရေကြောင်းတက္ကစီကို စီးနင်းမည့် ခရီးသွားပြည်သူများ လုံခြုံစိတ်ချစေရန် Safely ကို အဓိကထားစီမံဆောင်ရွက်နေကြောင်း ၎င်းက ဆက်လက်ပြောဆိုသည်။

ရန်ကုန်မြစ်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးအဖြစ် Water Taxi ပြေးဆွဲခြင်းကို မေလတွင် စတင်ပြေးဆွဲနိုင်ရန် ပြင်ဆင်နေပြီဖြစ်ကြောင်း တိုင်းဝန်ကြီးချုပ်က မီဒီယာများနှင့်တွေ့ဆုံစဉ်က ပြောကြားခဲ့ခြင်းဖြစ်သည်။

"အဲဒီကာလအမီကို ပြေးဆွဲနိုင်ဖို့ ကုမ္ပဏီဘက်က ကြိုးစားနေပါတယ်။ အခုလက်ရှိ ပြေးဆွဲမယ့်သင်္ဘောတချို့ ဆိပ်ကမ်းကို ရောက်နေပြီ" ဟု ဦးထွန်းနိုင်လင်းက ဆိုသည်။

အဆိုပါ Water Taxi ပြေးဆွဲမှုနှင့် ပတ်သက်ပြီး ဆိပ်ကမ်းအရေအတွက်၊ တစ်ရက်ပြေးဆွဲမည့်သင်္ဘောစင်းရေနှင့် လက်မှတ်ခန့်မှန်းထားများကို ဧပြီလဆန်းတွင် မီဒီယာများနှင့်တွေ့ဆုံကာ ရှင်းလင်းသွားမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ပြည်တွင်း၊ပြည်ပလုပ်ငန်းရှင်များကို ရေကြောင်းတက္ကစီပြေးဆွဲခြင်းလုပ်ငန်း လုပ်ကိုင်ရန် လုပ်ငန်းတင်ဒါကို ၂၀၁၆ ခုနှစ် နိုဝင်ဘာလ ၂၀ ရက်က စတင်ခေါ်ယူခဲ့ပြီး လျှောက်လွှာစောင်ရေ ၄၀ ကျော်အနက် ပြည်တွင်းကုမ္ပဏီနှစ်ခု ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာတွင် တင့်တင့်မြန်မာကုမ္ပဏီက တင်ဒါအောင်မြင်ခဲ့သည်။

ပြေးဆွဲမှုရေကြောင်းခရီးစဉ်လမ်းကြောင်းအနေနှင့် ရန်ကုန်မြစ်နှင့် လှိုင်မြစ်တွင် လှိုင်သာယာမှ ပန်းဆိုးတန်းခရီးစဉ်အထိ ဆိပ်ကမ်း ခုနစ်ခု၊ ငမိုးရိပ်ချောင်းတွင် ဒဂုံမြို့သစ်မြောက်ပိုင်းမှ ဘိုတန်းခရီးစဉ်အထိ ဆိပ်ကမ်း ၁၁ ခုကိုလျာထားပြီး ခရီးသည် ၅၀ မှ ၁၀၀ ကြား တင်ဆောင်နိုင်ရန် စီစဉ်မည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့YRTA၊ အတွင်းရေးမှူး ဒေါက်တာမောင်အောင်က ပြောကြားသည်။

■ J-06




ဂျာနယ်ကျော် မမလေး ရာပြည့်အခမ်းအနားကို ဧပြီလ ၁ ရက်မှ ၃ ရက်နေ့အထိ ရန်ကုန်မြို့ လမ်းမတော်မြို့နယ် သူနာပြုတက္ကသိုလ်ခန်းမတွင် ကျင်းပခဲ့စဉ်။

## မျက်နှာဖုံး - မကွေးတွင် ရန်ပုံငွေ ၂ ဒသမ ၈ ဘီလီယံ ပျောက်ဆုံးမှု မှ အဆက်

ကျပ် ၇ ဒသမ ၄၅၉ ဘီလီလံထိ ပျောက်ဆုံးကြောင်း စစ်ဆေးတွေ့ရှိခဲ့ကြောင်း စစ်ကိုင်းတိုင်း ဒေသကြီးအစိုးရအဖွဲ့ အလုပ်သမားနှင့် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာဝန်ကြီး ဦးနေမျိုးကျော်က ပြောကြားသည်။

"၂ ဒသမ ၈ ဘီလီယံကျပ်ပျောက်ဆုံးမှုကို စစ်ဆေးလိုက်တဲ့အခါမှာ အမှန်တကယ်ပျောက်နေတာ ၇ ဒသမ ၄၅၉ ဘီလီယံဖြစ်နေတာ တွေ့ရတယ်၊ ဒါတွေက အရင်အစိုးရက သူ့ရဲ့ပိုင်ဆိုင်မှုလို့ ပြောလို့မရဘူး၊ ပြည်သူတွေ၊ အမျိုးသားလုပ်ငန်းရှင်တွေက နိုင်ငံတော်ကို ပေးဆောင်ထားတဲ့ အခွန်ဘဏ္ဍာဖြစ်တယ်၊ ဒါကို ရအောင်ပြန်လုပ်ရမယ်" ဟု အလုပ်သမားနှင့် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာဝန်ကြီး ဦးနေမျိုးကျော်က ဆက်လက်ပြောကြားသည်။

အဆိုပါဖွံ့ဖြိုးရေးရန်ပုံငွေကျပ် ၂ ဒသမ ၈ ဘီလီယံကို မကွေးတိုင်းအတွင်းရှိ လက်ယက်တွင်း လုပ်ငန်းရှင်များက ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်ရန် တိုင်းအစိုးရထံ ၂၀၁၁ - ၂၀၁၅ ခုနှစ်အထိ ရန်ပုံငွေ ထည့်ဝင်ခဲ့ပြီး ယင်းရန်ပုံငွေကိစ္စနှင့်ပတ် သက် ၍ ၂၀၁၆ ခုနှစ် မေလ ၃၀ ရက်တွင် ဒုတိယအကြိမ်ကျင်းပသည့် ပြည်သူ့လွှတ်တော်အစည်းအဝေး၌ ပွင့်ဖြူမြို့နယ် လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းက လွှတ်တော်တွင် မေးခွန်းမေးမြန်းခဲ့သည်။

ထိုသို့ လွှတ်တော်၌ မေးမြန်းခဲ့ပြီးနောက် ၂၀၁၆ ခုနှစ် ဇန်နဝါရီလ၌ ဝန်ကြီးဟောင်း ဦးဘုန်းမော်ရွှေနှင့် အစိုးရအဖွဲ့ကို ပြည်ထဲရေးဝန်ကြီးဌာနမှ စစ်ဆေးခဲ့သည်။ ထိုသို့စစ်ဆေးပြီးနောက် ပျောက်ဆုံးငွေ ကျပ် ၂ ဒသမ ၈ ဘီလီယံမှ ၇ ဒသမ ၄၅၉ ထိ ပျောက်ဆုံးကြောင်း စစ်ဆေးတွေ့ရှိခဲ့ရသည်ဟု စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ အလုပ်သမားနှင့် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာဝန်ကြီး ဦးနေမျိုးကျော်က ပြောကြားသည်။

မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးဘုန်းမော်ရွှေအပါအဝင် အစိုးရအဖွဲ့ဝင်ဟောင်းများကို တိုင်းဒေသကြီး အစိုးရအကျင့်ပျက်ခြစားမှု တိုက်ဖျက်ရေးကော်မရှင်အပါအဝင် စသုံးလုံး၊ တိုင်းအခွန်ဦးစီးဌာန၊ တိုင်းစာရင်းစစ်အဖွဲ့နှင့် ဘဏ္ဍာရေးဝန်ကြီးဌာနတို့မှ စုပေါင်းကာ စစ်ဆေးနေပြီး ပျောက်ဆုံးငွေများနှင့်ပတ်သက်၍ ပြန်လည်ရရှိရန် စုံစမ်းစစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း စစ်ကိုင်းတိုင်းအစိုးရအဖွဲ့ထံမှ သိရသည်။

"စစ်ဆေးလို့ ပေါ်ပေါက်တဲ့ ခုနစ်ဘီလီယံက ရေနံလက်ယက်တွင်း ရန်ပုံငွေပဲ ရှိသေးတယ်။ ကျန်တဲ့ နိုင်ငံတော်စီးပွားရေးလုပ်ငန်းတွေနဲ့ပတ်သက်တာ မပါသေးဘူး။ အခုလို ငွေများစွာ ပျောက်နေတဲ့ကိစ္စက အရင်အစိုးရအဖွဲ့ စည်းကမ်းမဲ့လုပ်ရပ် ဖြစ်တယ်" ဟု အလုပ်သမားနှင့် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာဝန်ကြီး ဦးနေမျိုးကျော်က ပြောကြားသည်။

■

J 16

## မျက်နှာဖုံး - ရန်ကုန်နှင့် မုံရွာတွင် အနိုင်ရထားဟု NLD ပါတီထုတ်ပြန် မှ အဆက်

အဖွဲ့ချုပ်မှ အနိုင်ရကြောင်း NLD ပါတီ၏ ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲအောင်နိုင်ရေးဥက္ကဋ္ဌ ရန်ကုန်တိုင်း ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ပြောဆိုလိုက်သည်။

သို့သော် ရခိုင်ပြည်နယ် အမ်းမဲဆန္ဒနယ်တွင် ဒေါက်တာအေးမောင်က မဲအပြတ်အသတ်အသာဖြင့် ဦးဆောင်နေပြီး မွန်ပြည်နယ် ချောင်းဆုံ မဲဆန္ဒနယ်တွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ ဖြိုးရေးပါတီက အနိုင်ရဖွယ်ရှိကြောင်း ဧပြီလ ၁ ရက် ည ၁၀ နာရီအထိ အခြေအနေများအရ သိရသည်။

ဗဟန်းမြို့နယ် ရွှေဂုံတိုင်ရှိ NLD ရုံးချုပ်တွင် မဲရလဒ်များကို ထုတ်ပြန်ပေးရာတွင် ဦးဖြိုးမင်းသိန်းက အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

ရန်ကုန်တိုင်းဒေသကြီးတွင် ပြည်သူ့လွှတ်တော် ကော့မှူး၊ လှိုင်သာယာ၊ အရှေ့ဒဂုံ၊ ဒဂုံဆိပ်ကမ်းနှင့် အမျိုးသားလွှတ်တော် မဲဆန္ဒနယ် အမှတ် (၆) ဟူ၍ မဲဆန္ဒနယ် ၅ခုလုံးတွင် NLD ပါတီက အနိုင်ရခဲ့ခြင်းဖြစ်သည်။

ထို့ပြင် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်း ငါးဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်ပြီး NLD ပါတီ ကိုယ်စားလှယ် ဦးညွန့်အောင် အနိုင်ရကြောင်း NLD ပါတီက ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

လက်ရှိတွင် အဆိုပါ မဲဆန္ဒနယ်ခြောက်ခု၏ ရလဒ်များကိုသာ တရားဝင်ထုတ်ပြန်နိုင်သေးပြီး အဆိုပါ ခြောက်နေရာလုံးကို NLD ပါတီက အနိုင်ရခဲ့ခြင်းဖြစ်ကြောင်း ယင်းပါတီထံမှသိရသည်။

ကျန်သည့် မဲဆန္ဒနယ်များ ဆန္ဒမဲရလဒ်များကို မသိရသေးကြောင်း NLD ပါတီထံမှ သိရသည်။

တံတားနာမည်ကိစ္စကြောင့် အငြင်းပွားမှုဖြစ်ပေါ်ခဲ့သော မွန်ပြည်နယ် ချောင်းဆုံမြို့နယ်တွင် ဧပြီလ ၁ ရက် ည ၇ နာရီခွဲအထိ မဲရုံ ၅၃ ရုံမှ (၉ ခု ရေတွက်ရန် ကျန်သေး) စာရင်းများအရ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ ဖြိုးရေးပါတီက မဲအသာစီး ရထားကြောင်း ယင်းပါတီ ကိုယ်စားလှယ်လောင်း ဦးအောင်ကြည်သိန်းက ပြောကြားသည်။

"ကော်မရှင်ကတော့ လာမပို့ရသေးဘူး။ ရွာတွေကနေ ရေထားတဲ့အကြမ်းဖျင်းတော့ ရပြီ။ ကျွန်တော်တို့ မဲရုံ ၉ ရုံ ရေတွက်ဖို့ ကျန်တဲ့အချိန်မှာ NLD ကို မဲ ၅ ထောင်အသာနဲ့ အနိုင်ရထားပါတယ်" ဟု ဦးအောင်ကြည်သိန်းက ပြောကြားသည်။

ည ၇ နာရီခွဲအထိ USDP မှ မဲ ၁၅,၀၀၀ ခန့် ရရှိထားပြီး NLD ပါတီက မဲ ၉၀၀၀ ကျော် ရရှိထားကြောင်း၊ ချောင်းဆုံတွင် မဲပေးခွင့်ရှိသူ ၁၂၀,၀၀၀ ကျော်ရှိပြီး ကျေးရွာ အုပ်စုပေါင်း ၄၂ အုပ်စုတွင် မဲရုံပေါင်း ၆၂ ရုံရှိကြောင်း မြို့နယ် ရွေးကောက်ပွဲကော်မရှင်ရုံးခွဲထံမှ သိရသည်။

ချောင်းဆုံမြို့နယ်၌ NLD နှင့် ကြံ့ခိုင်ရေးပါတီတို့နှင့်အတူ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ(တစည)၊ မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီ (AMDP) နှင့် မွန်အမျိုးသားပါတီ (MNP) တို့လည်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။

ချင်းပြည်နယ် ထန်တလန်မြို့နယ် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ်တွင်လည်း NLD ပါတီက အနိုင်ရရှိကြောင်း ယင်းပါတီထံမှ သိရသည်။

ရခိုင်ပြည်နယ် အမ်းမြို့နယ် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ်တွင်မူ ရခိုင်အမျိုးသားပါတီ ဥက္ကဋ္ဌ ဒေါက်တာအေးမောင်က အနိုင်ရရန် လိုအပ်သည့် မဲပမာဏရရှိသွားပြီဖြစ်ကြောင်း ၎င်းက ဧပြီလ ၁ ရက်နေ့ ည ၉နာရီတွင် The Voice သို့ ပြောဆိုသည်။

မဲရုံအချို့ မဲရေတွက်ရန် ကျန်ရှိနေသေးသော်လည်း ည ၈ နာရီခန့်အထိ ရေတွက်ပြီးသည့် မဲအရေအတွက်အရ ရခိုင် အမျိုးသားပါတီက ၁၀၇၇၈ မဲ၊ ကြံ့ခိုင်ရေးပါတီက ၃၁၃၄ မဲ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီက ၂၀၁၇ မဲ၊ တစ်သီးပုဂ္ဂလက ၇၁၈ ရရှိထားကြောင်း ရခိုင်အမျိုးသားပါတီမှ မြေပုံမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးဖေသန်းက ဆိုသည်။

ကြားဖြတ်ရွေးကောက်ပွဲရလဒ်များ အားလုံး မရောက်ရှိသေးသဖြင့် ယင်း ရလဒ်များကို ဧပြီလ ၂ ရက် နံနက် ၉ နာရီတွင် ကြေညာမည်ဟု ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြေညာသည်။



# ဦးဝီရသူကို တရားပြန်မစွဲဟု ကိုဆွေဝင်းဆို

**ရန်ကုန်၊ ဧပြီ ၁**

Myanmar Now သတင်းထောက်ချုပ် ကိုဆွေဝင်းက ဆရာတော် ဦးဝီရသူကို ဥပဒေအရ အရေးယူပေးရန် သာသနာရေးဝန်ကြီးဌာနထံ လိပ်မူပြီး စာရေးသားပေးပို့တိုင်ကြားထားသော်လည်း မိမိအနေနှင့် တိုက်ရိုက်တရားစွဲဆိုသွားရန် မရှိကြောင်း ဧပြီလ ၁ ရက် မွန်းလွဲပိုင်းက မြန်မာဂျာနယ်လစ်ရုံးခန်းတွင် ပြောကြားသည်။

မစိုးရိမ်ကျောင်းတိုက်မှ ဦးဝိစိတ္တာဘိဝံသ (ဦးဝီရသူ) သည် နိုင်ငံတော်၏ ဥပဒေပြဋ္ဌာန်းချက်များ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ ထုတ်ပြန်ချက်ကို မထီမဲ့မြင်ပြုမူဆောင်ရွက်နေပြီး ဗုဒ္ဓဘာသာသာသနာကို သိမ်ဖျင်းညှိုးနွမ်းစေရန် ရည်ရွယ်၍ ဗုဒ္ဓတရားတော်များတွင် ပါဝင်ခြင်းမရှိသည့် အဓမ္မ အယူအဆများကို အကြိမ်ကြိမ် ဟောပြောနေသည့်အတွက် ဗုဒ္ဓဘာသာကိုးကွယ်သူ ရဟန်းရှင်လူများ ပုဂ္ဂိုလ်အသီးသီးနှင့် ဗုဒ္ဓဘာသာသာသနာမှာ အလွန်ထိခိုက်နစ်နာလျက်ရှိသည်ဟုဆိုကာ တည်ဆဲဥပဒေများနှင့်အညီ အရေးယူပေးရန် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးထံသို့ လိပ်မူ၍ Myanmar Now အယ်ဒီတာချုပ် ကိုဆွေဝင်းက မတ်လ ၂၈ ရက်တွင် တိုင်ကြားစာပေးပို့ခဲ့သည်။

"ကျွန်တော့်တိုင်ချက်နဲ့ပတ်သက်လို့ သာသနာရေးဝန်ကြီးဌာနဒုတိယအတွင်းဝန် ဦးဇာနည်ဝင်းက ဖုန်းဆက်အကြောင်းပြန်တယ်၊ သူ့(ဦးဝီရသူ)ရဲ့ ဟောပြောချက်တွေကို သာသနာရေးဝန်ကြီးဌာနက စုစည်းပြီး ဥပဒေချုပ်ရုံးကို ပေးပို့ထားတယ်၊ ဥပဒေချုပ်ရုံးကနေ မကြာခင်ကျတော့မယ်ပေါ့၊ သူဟောပြောချက်တွေက သာသနာညှိုးနွမ်းစေတယ်လို့ယူဆတဲ့ ဘယ်သူမဆို တရားစွဲမယ်ဆိုရင် ဝန်ကြီးဌာနအနေနဲ့ မှတ်ချက်ပေးသွားမယ်လို့ ပြောပါတယ်" ဟု ကိုဆွေဝင်းက ရှင်းပြသည်။

ကြည့်မြင်တိုင်မြို့နယ်တွင် နေထိုင်သူ ကိုသက်မျိုးဦးက မီဒီယာများနှင့် တွေ့ဆုံစဉ် သာသနာ ညှိုးနွမ်းစေရန် ကိုဆွေဝင်းက ပြောဆိုခဲ့သည်ဟုဆိုကာ ကျောက်တံတား မြို့နယ်တရားရုံးတွင် ဦးတိုက်လျှောက်ထား တရားစွဲဆိုထားသည်။ ယင်းအပြင် မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ အမှတ်(၇)နယ်မြေ ရဲတပ်ဖွဲ့စခန်းတွင် ဆက်သွယ်ရေးဥပဒေ ပုဒ်မ ၆၆(ဃ)ဖြင့် ဦးကျော်မျိုးရွှေကလည်း ကိုဆွေဝင်းကို တရားစွဲဆိုထားရာ ဧပြီလ ၂ ရက် နေ့တွင် အမှတ်(၇)နယ်မြေရဲစခန်းသို့ လာရောက်အစစ်ဆေးခံရန် အကြောင်းကြားစာပေးပို့သည့်ကိစ္စနှင့် ပတ်သက်၍ မြန်မာဂျာနယ်လစ်ရုံးခန်းတွင် သတင်းစာရှင်းလင်းပွဲ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

မန္တလေးတိုင်းဒေသကြီး၊ အမှတ်(၇)နယ်မြေရဲစခန်းမှ အကြောင်းကြားစာပေးပို့ထားခြင်းသည် နှစ်ဖက်ညှိနှိုင်းစဉ်က သဘောတူထားသည့် အချက်အလက်များ ထုတ်ဖော်ပြသခြင်းမရှိကြောင်း၊ ပေးပို့သည့်အကြောင်းကြားစာတွင် စခန်းမှူး၏ အမည်၊ ကိုယ်ပိုင်အမှတ်တို့ မပါရှိသဖြင့် အမှန်တကယ် ဟုတ်၊ မဟုတ် အတည်ပြုမရသည့်အတွက် ဥပဒေနှင့် ညီညွတ်ခြင်း မရှိသဖြင့် သွားရောက်ရှင်းလင်းမည်မဟုတ်ကြောင်း ကိုဆွေဝင်းက ယင်းသတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

"ဆက်သွယ်ရေးဥပဒေပုဒ်မ ၆၆(ဃ) နဲ့ပတ်သက်ရင် အစိုးရ၊ ရှေ့နေချုပ်၊ တရားသူကြီးချုပ်တွေက တာဝန်မဲ့နေတယ်။ သတင်းမီဒီယာသမားကို ၆၆(ဃ)နဲ့တရားစွဲလို့ မရဘူး၊ ဆက်သွယ်ရေးဥပဒေက ၂၀၁၃ က ပြဋ္ဌာန်းခဲ့တာ၊ သတင်းမီဒီယာဥပဒေက ၂၀၁၄၊ ဥပဒေအကြောင်းနဲ့ပတ်သက်လို့ အငြင်းပွားဖွယ်ဖြစ်လာရင် နောက်မှ ပြဋ္ဌာန်းတဲ့ ဥပဒေကို အတည်ယူရမယ်ဆိုတာ ဥပဒေက ပြဋ္ဌာန်းထားပြီးသား" ဟု တရားလွှတ်တော်ရှေ့နေ ဦးကြီးမြင့်က ပြောကြားသည်။

■ J -16



ဓာတ်ပုံ - အောင်နိုင်

# စားသောက်ကုန်များ၌ ပါဝင်သည့်အချက်များ မဖော်ပြပါက အရေးယူမည်

**ရန်ကုန်၊ ဧပြီ ၁**

ပြည်တွင်း၌ အစားအသောက် ထုတ်လုပ်သူများသည် ထုတ်လုပ်သည့် ကုန်ပစ္စည်း၏ အမှတ်တံဆိပ်ဖော်ပြချက်တွင်ပါဝင်သော အချက်အလက်များကို သုံးလအတွင်း ထည့်သွင်းဖော်ပြရမည်ဖြစ်ပြီး လိုက်နာမှုမရှိပါက ဥပဒေအတိုင်း အရေးယူမည်ဖြစ်ကြောင်း အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန်းထွဋ်က ပြောကြားသည်။

"ဈေးကွက်မှာ သတ်မှတ်ချက်နဲ့ မကိုက်ညီတာရှိပါတယ်။ အစားအသောက်တွေဟာ သတ်မှတ်တဲ့အမှတ်တံဆိပ်ဖော်ပြချက်ကို လိုက်နာရမယ်" ဟု ၎င်းကဆိုသည်။

အမှတ်တံဆိပ်ဖော်ပြချက်တွင် လုပ်ငန်းတည်နေရာလိပ်စာ၊ ဆက်သွယ်ရန်ဖုန်းနံပါတ်၊ ထုတ်လုပ်ရက်စွဲ၊ သက်တမ်းကုန်ရက်စွဲ၊ ထုတ်လုပ်အပတ်စဉ် အမှတ်၊ FDA ၏အစားအသောက်ထုတ်လုပ်ခြင်း ထောက်ခံချက်အမှတ်နှင့် လိုင်စင်အမှတ်များ ထည့်သွင်းရန်လိုအပ်ကြောင်း FDA ၏ဖော်ပြချက်များအရ သိရသည်။

အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနအနေနှင့် ရန်ကုန်နှင့် နေပြည်တော်တွင် ဈေးကွက်များရှိ အစားအသောက်နမူနာများကို ကောက်ယူ၍ လေ့လာမှုများပြုလုပ်ခဲ့ရာ ထောက်ခံချက်အမှတ် ဖော်ပြသူများရှိသကဲ့သို့ ပြုလုပ်ဆဲနှင့် လုံးဝ လုပ်ဆောင်ခြင်းမရှိသူများကိုလည်း တွေ့ရှိခဲ့ကြောင်း ယင်းဌာန၏စစ်ဆေးမှုများအရ သိရသည်။

"တချို့ကတော့ ရထားတဲ့ထောက်ခံချက်အမှတ် ဖော်ပြတယ်။ တချို့ကတော့ လျှောက်ပါမယ်ပေါ့။ လျှောက်နေတဲ့ကာလမှာလည်း လျှောက်ထားဆဲနဲ့ ဆက်ထုတ်လုပ်ခွင့်ပေးမှာပါ။ အဲ့လိုအခြေအနေမှာ ဈေးကွက်ထောက်လှမ်းကြည့်သွားမှာပါ" ဟု ဒေါက်တာသန်းထွဋ်က ဆက်လက်ပြောကြားသည်။

အဆိုပါ အမှတ်တံဆိပ်ဖော်ပြချက်ပါအချက်များကို ၂၀၁၇ ခုနှစ် မတ်လ အကုန်တွင် နောက်ဆုံးထားထည့်သွင်းဖော်ပြရန် ပြီးခဲ့သည့်ဖေဖော်ဝါရီလ ၈ ရက်နေ့တွင် အသိပေးကြေညာချက်ထုတ်ပြန်ခဲ့သော်လည်း အစားအသောက်ထုတ်လုပ်သူများ၏ အခက်အခဲများကြောင့် ယခုကဲ့သို့ အချိန်ကာလတစ်ခု သတ်မှတ်ခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းကာလအပြီး လိုက်နာဆောင်ရွက်မှု မရှိသူများကို အမျိုးသားအစားအသောက်ဥပဒေ၊ စားသုံးသူကာကွယ်ရေးဥပဒေများဖြင့် အရေးယူမည်ဖြစ်ကြောင်း ၎င်းက ပြောဆိုသည်။

■ J-12



# ထန်တလန် မဲဆန္ဒရှင်များကို ပါတီများ စုပေါင်း အချိုရည်ပေးဝေမှု ကော်မရှင်က ရဲခေါ် တားဆီး

ရန်ကုန်၊ ဧပြီ ၁



ဓာတ်ပုံ - ငြိမ်းသူမင်း

ချင်းပြည်နယ် ထန်တလန်မြို့နယ်တွင် ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပနေသည့် မဲရုံပရိဝုဏ်အနီး ဝင်ရောက်ယှဉ်ပြိုင်သည့်ပါတီများ စုပေါင်းကာ မဲဆန္ဒရှင်များကို အချိုရည်ပေးဝေခဲ့သဖြင့် ရဲခေါ်၍ တားဆီးခဲ့ရကြောင်း မြို့နယ်ကော်မရှင်ထံမှ သိရသည်။

"အချိန်တော့ အတိအကျ မသိတော့ဘူး။ မနက်ပိုင်းကပဲ။ သုံးပါတီလုံး ပေါင်းပြီးတော့ လုပ်တယ်လို့ ကျွန်တော်တို့ ကြားပါတယ်။ အဲဒီလိုကြားကြားချင်း အဲဒီမှာ ဝေနေသူတွေကို ဆက်ပြီးတော့ မဝေဖို့အတွက် ရဲတွေကိုခေါ်ပြီး ပြောခိုင်းလိုက်ပါတယ်။ ကျွန်တော်တို့ တိုက်ရိုက်ပြောတာမဟုတ်ပါဘူး။ သူတို့ဒီလိုလုပ်တာ မသိလို့ လုပ်တာဖြစ်မှာပါ" ဟု ထန်တလန်မြို့နယ် ရွေးကောက်ပွဲကော်မရှင်မှ ဦးထောင်ဇဆန်းက ဆိုသည်။

ထန်တလန် ရွေးကောက်ပွဲကို မဲဆန္ဒရှင်များက စိတ်ဝင်စားမှု နည်းပါးပြီး ၂၀၁၅ ရွေးကောက်ပွဲလောက် စိတ်ဝင်စားမှု မရှိကြောင်း ချင်းဒီမိုကရက်တစ်ပါတီဥက္ကဋ္ဌ ဦးဇိုဇမ်က ပြောကြားသည်။

"မဲပေးသူတွေအနေနဲ့ အရင်ရွေးကောက်ပွဲလောက်တော့ စိတ်ဝင်စားမှု မရှိဘူးလို့ ကျွန်တော်ပြောချင်တယ်။ လောလောဆယ်အထိတော့ ကြီးကြီးမားမားပြဿနာမရှိသေးပါဘူး" ဟု ၎င်းက ဆိုသည်။

ယင်းမြို့နယ်တွင် မဲရုံပေါင်း ၁၀၁ ရုံနှင့် ရပ်ကွက်၊ ကျေးရွာအုပ်စုပေါင်း ၄၀ ရှိကြောင်း၊ မဲပေးခွင့်ရှိသူဦးရေ ၂၈၀၂၄ ဦးရှိကြောင်း မြို့နယ်ကော်မရှင်ရုံးထံမှ သိရသည်။ ■

The VOICE Sunday

**The Product of Myanmar Partners Think Tank Group**
**(A Sister Publication of Living Color Magazine)**

**Editor in-Chief** - Kyaw Min Swe, **Deputy Chief Editor** -Tin Aung Kyaw , **Editor in Charge** -Kyaw San Min . **Senior Executive Editors** - Thiri Zaw, Aung Soe, **Legal Advisor** - U Hla Sein (Advocate), **Foreign Desk** - Aung Kyaw Soe, **Editors** - Kyaw Swar Soe, Win Lwin Khaing, Kyi Kyi Lwin, Aung Aung Tun, Pyae Phyo Lin , Thant Zin Oo, Hein Myat Soe, Nay Zar Kyaw, Aung Thiha Tun. **Graphic Editors** - Myo Htoo Htet, Ngu War Khine, Soe Han, **Manager (DTP)** -Ma Khine, **Designer** - Saw Elijah, **Design & DTP** - Cho Cho Zin, Hnin Si. **Senior Reporters** - Aung Htet , Khaing Soe Lin , Sithu Aung Myo Kyaw, Pwint Zin Maw Hein, Thet Shine Thu, Nilar Myint, Zaw Moe Lwin,Si Si Thin Hlaing, Zeyar Hein. **Reporters** - Khine Cherry Tun, San San Htwe, Kyaw Soe Oo, Su Lay Ngone, Thida Swe, Aung Zaw Htoo, **Part-time Editors**- Aung Naing Win, Mg Man @ Myo Myint Aung. **Mandalay Reporters** - Ye Win Naing, Than Pe Thar. Nay Lin, Yan Moe Naing, Myat Min, Aung Phyo, **Regional Reporters** - Zay Yar Ko, Yan Naing, Zaw Tint, Myint Soe, Kyaw Soe Moe, Nyein Thu Min, Nay Min Htet, Nay Lin Phyu, Cho Thae Kyi, Yan Kaung, Min Min Aung, Myat Ko, Slai Yaw Zin, Ma Ma, Myat Thu Tun (Poe Thiha), Paw Oo, Khin May San, Tin Zaw Oo. **Photographer** - Ye Pyae Zar Ni, Aung Naing, **Publisher** - Daw Win Kalayar Swe (00940), **Advertising** - Ei Mar Lar, Zaw Zaw Aung **Distribution** - Htet Khaung, Jet Too Too. **Press** -Hnit Thit Oo Press (00601) , 27(A), Corner of U Hmoo St and U Tun Nyo St., Dagon (East) Industrial Zone,
**Web Team**- thevoicewebteam@gmail.com,
**Website** - www.thevoicemyanmar.com, **Office** - No. 157, West Horse Race Course Road, Kyaikasan Quarter, Bahan Township, Yangon.
**Phone** – 09 263200010, 09 263200020, 09 263200030, 09 263200040, 09 263200050, 09 263200060, 09263200070, 09 263200080
**Hot Lines** – 09 785555771 **(Newsroom),** 09 785555772**(Advertising),** 09 785555773**(Distribution)**
**E-mail**-Admin; Chief Editor :c-editor@thevoicemyanmar.com,
**News Room** : newsroom@thevoicemyanmar.com.

# Editor's Word

## ပျက်အစဉ် ပြင်ခဏ၊ မှုသာ ပဓာန

အခုနောက်ပိုင်း ကျွန်တော်တို့ မြန်မာလူမှုပတ်ဝန်းကျင်မှာ မြင်ကြားတွေ့သိနေရတဲ့ အမှုအခင်းကိစ္စ တော်တော် များများက အံ့အားသင့်စရာကောင်းလောက်အောင် ကျွန်တော်တို့ရဲ့လူမှုတန်ဖိုးတွေ၊ ကျင့်ဝတ်စံနှုန်းတွေ ဒလဟောကျနေသလားလို့ မေးစရာဖြစ်လာတယ်။

ဘာမဟုတ်တဲ့ ကိစ္စလေးတွေ၊ ပြဿနာလေးတွေ၊ သဘောထား မတိုက်ဆိုင်မှုလေးတွေနဲ့တင် ရက်ရက်စက်စက် လူသတ်တဲ့အထိ ဖြစ်လာတာမျိုး၊ မကြားဝံ့မနာသာ ကလေးသူငယ်ဆိုင်ရာ လိင်အကြမ်းဖက်မှုခင်းပိုများလာတာမျိုး၊ ဆယ်ကျော်သက်၊ နှစ်ဆယ်စွန်းစွန်း လူငယ်တွေ ခိုး၊ ဆိုး၊ လု၊ နှိုက်တဲ့နှုန်း မြင့်လာတာမျိုးနဲ့ ပိုင်ရှင်မဲ့ ဖမ်းမိတဲ့မူးယစ်ဆေး၊ သစ်၊ တားမြစ်ကုန်စည် အမှုအခင်းတွ နေ့တိုင်းလိုလို ဖြစ်လာတာမျိုးတွေပေါ့။

နေ့စဉ် ကိုယ့်ပတ်ဝန်းကျင်ကို ကြည့်လိုက်ရင်လည်း စည်းကမ်းမဲ့ အပြုအမူတွေ၊ ဥပဒေ စည်းကမ်း ချိုးဖောက်မှုတွေကို ကျင့်သားရနေတဲ့ ပုံစံမျိုး၊ ပြုမြဲ ပြုနေကျ ပုံစံမျိုးနဲ့ ကျူးလွန်ဖောက်ဖျက်နေကြတယ်။ ရိုင်းပျစော်ကားတဲ့ အသုံးအနှုန်းတွေနဲ့ ဆဲဆို၊ ပုတ်ခတ်၊ စောင်းမြောင်း၊ တိုက်ခိုက်တာတွေကလည်း အွန်လိုင်းလူမှုရေးကွန်ရက်ပေါ်မှာ တင်းကျမ်းပြည့်နေတယ်။

အမှိုက်ကောက်လှုပ်ရှားမှုကလည်း ရက်သတ္တတစ်ပတ်လောက်နဲ့ တချို့နေရာတွေမှာ တစ်လလောက်ပဲ ခံလိုက်တယ်။ အမှိုက်ပစ်တဲ့သူတွေကတော့ အချိုးမပြင်တဲ့အပြင် ပြည်သူပိုင်ပန်းခြံ၊ ကစားကွင်းလိုနေရာမျိုးတွေမှာတောင် အရက်ဝိုင်းဖွဲ့သောက်၊ အမှိုက်တွေ ဖွထားခဲ့တာ မြင်မကောင်းဘူး။ လက်တစ်ကမ်းတိုင်းမှာ အမှိုက်ပစ်စရာ အမှိုက်ပုံးတွေ ထောင်သောင်းချီပြီး ချပေးလိုက်ရင်တော့ စည်းကမ်းမဲ့ပစ်တာ လျော့သွားမယ်ထင်တယ်။

လမ်းပေါ်တက်လိုက်ရင်လည်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းချိုးဖောက်မှုက မမြင်ချင်မှ အဆုံးဆိုသလိုပဲ။ နိုင်ငံတကာမှာဆို အပြစ်အကြီးဆုံး ယာဉ်စည်းကမ်းချိုးဖောက်မှုလို့ ပြောနိုင်တဲ့ အလွတ်ချိုးကွေ့ကြောထဲကနေ တည့်ကြောထဲကို မီးပွိုင့်နားကပ်မှ ဖြတ်ဝင်တာမျိုး၊ တည့်ကြောထဲဝင်ပြီး မီးပွိုင့်နားရောက်မှ ကွေ့ဖို့အချက်ပြမီးနဲ့ ထိပ်က ပိတ်နေတာမျိုး၊ မီးဝါနဲ့ မီးနီကြားဖြတ်မောင်းတာမျိုးတွေက နေ့တိုင်း၊ ရုံးဆင်း၊ ရုံးတက်ချိန်တိုင်း တွေ့နေရတယ်။

ယာဉ်ကြောပိတ်ဆို့မှုနဲ့အတူ ကားရပ်စရာနေရာမရှိတဲ့အတွက် ဖြူနီကြားမှာရော၊ ဖြူနီကြားမဟုတ်တဲ့ နေရာတွေမှာပါ နှစ်ထပ်၊ သုံးထပ်ရပ်လာကြတာမျိုး၊ ကားပါကင်နေရာလုရင်း တုတ်တစ်ပြက်၊ ဓားတစ်ပြက် ရန်ဖြစ်ကြတာမျိုး၊ မြို့လယ်ကလမ်းကျဉ်းလေးတွေထဲမှာ ကားရပ်ပြီး ပစ္စည်းအတင်အချ လုပ်နေကြတဲ့အတွက် နောက်ကကားတွေ အချိန်အကုန်ခံပြီး စောင့်နေကြရတာမျိုးတွေက အရင်ထက်ပိုဆိုးလာတယ်။

ကားရပ်ဖို့ နေရာ အလုံအလောက် ဖန်တီးမပေးဘဲ မဖြစ်လို့ ကန့်သတ်ထားတဲ့ နေရာတွေမှာ ရပ်တဲ့ကားတွေ၊ နှစ်ထပ် သုံးထပ်ရပ်တဲ့ကားတွေကို ဆွဲကားနဲ့ ဆွဲပြီး ဒဏ်ရိုက်တာက ဆွဲတုန်း နာရီပိုင်း၊ မိနစ်ပိုင်းလောက်ပဲ မရပ်တာရှိမယ်။ ဆွဲတဲ့ကားထွက်သွားတာနဲ့ ဒုံရင်းဒုံရင်းပြန်ဖြစ်သွားတယ်။ တကယ်တော့ အခပေး ကားပါကင် လုံလုံလောက်လောက် ဖန်တီးပေးပြီး အဲဒီနေရာတွေမှာ စည်းကမ်းတကျ ရပ်ခိုင်းတာမျိုး၊ မရပ်တော့မှ ပြင်းပြင်းထန်ထန် ဒဏ်ရိုက်တာမျိုးဆိုရင် ပိုကောင်းမယ်။

တကယ်တော့ ဒီပြဿနာ အားလုံးကို ဆန်းစစ်ကြည့်လိုက်ရင် ဆင်းရဲမွဲတေမှုနဲ့ စီမံခန့်ခွဲမှုအလွဲဆိုတဲ့ ရင်းမြစ် အကြောင်းအရင်းနှစ်ခုကို တွေ့ရမယ်။ ဆင်းရဲတဲ့အတွက် ဆာလောင်နေတဲ့ ဝမ်းဗိုက်ကို အာဟာရဖြည့်တင်းဖို့ ရုန်းကန်နေတဲ့ အချိန်များတယ်။ ဦးနှောက်နဲ့ နှလုံးသား ထက်မြက်သန့်စွမ်းအောင် မြှင့်တင်ပေးမယ့် ဉာဏ်ပညာနဲ့ စိတ်အာဟာရ ဖြည့်တင်းဖို့ ပျက်ကွက်လာတယ်။

ဆင်းရဲတဲ့အတွက် အာဏာသုံးရပ်မှာ အကျင့်ပျက်ခြစားမှုတွေ၊ လာဘ်ပေးလာဘ်ယူမှုတွေများလာပြီး နယ်ပယ်အရပ်ရပ်နဲ့ လူထု၊ လူတန်းစား အသီးသီးမှာလည်း ယုံကြည်မှုကို အလွဲသုံးစားလုပ်တဲ့ အမှုအခင်းတွေ၊ ဒုစရိုက်မှုတွေများသထက် များလာတယ်။

တကယ်တော့ ဒီပြဿနာတွေအားလုံးက အရင်စနစ်ဆိုးတုန်းက စည်းကမ်းမဲ့၊ ဥပဒေမဲ့ ဖြစ်ခဲ့တာတွေ၊ စည်းကမ်းကျော်၊ ဥပဒေကျော် ခွင့်ပြုခဲ့တာတွေရဲ့ အကျိုးဆက်လို့ဆိုပေမယ့် ပြဿနာဖြစ်တိုင်း အရင်လူတွေချည်း အပြစ်ပုံချနေတာမျိုးကလည်း မသင့်တော်ပြန်ဘူး။

ကျွန်တော့်အမြင်အရပြောရရင် ဒီလို စည်းကမ်းနဲ့ ကျင့်ဝတ်ပိုင်းမှာ ပရမ်းပတာဖြစ်လုနီးနီး ဖြစ်နေတဲ့ နိုင်ငံနဲ့ လူ့အဖွဲ့အစည်းကို ပြုပြင်တတ်ဖို့၊ စီမံခန့်ခွဲတတ်ဖို့ အရည်အချင်းရှိတဲ့ ဥပဒေပြုလွှတ်တော်နဲ့ အစိုးရတွေလိုတယ်။ ဝေဖန်၊ တိုက်ခိုက်တာကို ခံနိုင်ရည်ရှိဖို့လိုမယ်။ အကြံပြု၊ ထောက်ပြတာတွေကို ယူသင့်တာယူ၊ ပယ်သင့်တာ ပယ်တတ်ဖို့ လိုမယ်။ လုပ်သင့်လုပ်ထိုက်တာကို ရဲရဲတင်းတင်း၊ ပြတ်ပြတ်သားသား ဆုံးဖြတ်၊ လုပ်ကိုင်ဖို့ လိုမယ်။

အခြေခံပညာ မူလတန်း ပညာရေးကအစ အရပ်ဘက်၊ နိုင်ငံ့ဝန်ထမ်းဘက်၊ ရဲဘက်ရော၊ စစ်ဘက်စတဲ့ နယ်ပယ်အားလုံးမှာရှိတဲ့ အလယ်တန်း၊ အထက်တန်း၊ သိပ္ပံ၊ ကောလိပ်၊ တက္ကသိုလ်တွေရဲ့ သင်ရိုးညွှန်းတမ်းတွေကို ပြောင်းနေတဲ့ ကမ္ဘာကြီးရဲ့ အလျင်၊ ဒီမိုကရေစီ တန်ဖိုးနဲ့ လူမှုကျင့်ဝတ်စံနှုန်းတွေနဲ့ ညီညွတ်တဲ့ ခေတ်မီသင်ရိုးညွှန်းတမ်းတွေအဖြစ် မွမ်းမံပြုပြင်ရမယ်။

အဲဒီလို အများကြိုက်နိုင်တာရော၊ အများမကြိုက်နိုင်တာရော ဥပဒေနဲ့အညီ စီမံခန့်ခွဲဖို့အတွက် အနိမ့်ဆုံးအားဖြင့် ဥပဒေ၊ စည်းကမ်းနဲ့အညီ သူ့နေရာနဲ့သူ ထိုက်တန်ကျွမ်းကျင်၊ နားလည်၊ တတ်သိတဲ့ လူမှန်နေရာမှန် တာဝန်ပေးတတ်ဖို့၊ ဗဟိုချုပ်ကိုင်မှု လျှော့ပြီး အောက်ခြေအဆင့်ဆင့်အလိုက် လုပ်ပိုင်ခွင့်လွှဲအပ်ထားဖို့လိုတယ်။ ဒါတွေအားလုံးကို ချုပ်ပြီး ပြောရရင် လူအစား မှု နဲ့ စီမံခန့်ခွဲဖို့ပဲ။

**အယ်ဒီတာ ( ၁ - ၄ - ၂၀၁၇ )**

# တနိုင်းသို့ ဆန်နှင့် စက်သုံးဆီ သယ်ခွင့်ပြုရန် ကချင်လွှတ်တော် အတည်ပြု

**မြစ်ကြီးနား၊ ဧပြီ ၁**

ကချင်ပြည်နယ် တနိုင်းမြို့နယ်အတွင်း ယခင်က ဆန်နှင့် စက်သုံးဆီတင်ပို့ခွင့်ကို ကန့်သတ်ထားရာမှ လွတ်လပ်စွာသယ်ယူရောင်းချခွင့်ပြုရေး အရေးကြီး အဆိုကို ပြည်နယ်လွှတ်တော်အစည်းအဝေးတွင် မတ်လ ၃၁နေ့က အတည်ပြုခဲ့ကြောင်း လွှတ်တော်ကိုယ်စားလှယ်များထံမှ သိရသည်။

ပြီးခဲ့သည့် ၂၀၁၆ ခုနှစ် နိုဝင်ဘာလ ကုန်ပိုင်းကစ၍ ဆန်နှင့် စက်သုံးဆီသယ်ယူမှုများကို ယခုအထိ တားမြစ်စိစစ်နေသောကြောင့် ဒေသခံများ အခက်အခဲဖြစ်ပေါ်နေသည်ကို တနိုင်းမြို့နယ် မဲဆန္ဒနယ်အမှတ် ၂ မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးဇော်ဝင်းက အရေးကြီးအဆိုကို တင်သွင်းခဲ့ခြင်း ဖြစ်သည်။

တနိုင်းဒေသသို့ ဆန်နှင့် စက်သုံးဆီများ လစဉ်လိုအပ်ချက်ထက် ပိုမိုဝင်ရောက်နေမှုကို ထိန်းချုပ်ဆောင်ရွက်ရန် မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်က ပြည်နယ်အစိုးရအဖွဲ့ကို ညှိနှိုင်းအကြောင်းကြားလာသည့်အတွက် ယင်းသို့စိစစ်ဆောင် ရွက်နေခြင်းသာဖြစ်ကြောင်း ကချင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး သူရမျိုးတင်က ပြောကြားသည်။

မတ်လ ၃၁ ရက်နေ့က ကျင်းပသည့် ကချင်ပြည်နယ်လွှတ်တော်အစည်းအဝေးတွင် တက်ရောက်လာသည့် လွှတ်တော်ကိုယ်စားလှယ် ၄၅ ဦး အနက် ၄၂ ဦးက ထောက်ခံသည့်အတွက် ယင်းအရေးကြီးအဆိုကို လွှတ်တော်က အတည်ပြုဆုံးဖြတ်လိုက်ခြင်းဖြစ်သည်။

ကချင်ပြည်နယ် တနိုင်းဒေသ အပါအဝင် စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်းယွန်း၊ ပန်ဆောင်စသည့်ဒေသများသည် လီဒိုလမ်းမကြီးတစ်လျှောက် မြစ်ကြီးနား-တနိုင်း-ပန်ဆောင်လမ်းကြောင်းကို သယ်ယူပို့ဆောင်ရေးအတွက် အသုံးပြုနေရသည်။

မြစ်ကြီးနားမှ တနိုင်းဒေသသို့ ဆန်နှင့် ဆီတင်ကားများတင်ပို့နေမှုကို ဒွန်ဘန်တပ်စခန်းမှ တင်ဆောင်ခွင့် တားမြစ်ထားသည်မှာ လေးလကျော်ခန့်ရှိနေပြီဖြစ်သည်။

ယင်းသို့စက်သုံးဆီယာဉ်များကို တားမြစ်ကန့်သတ်မှုကြောင့် တနိုင်းမြို့နယ်အတွင်း စက်သုံးဆီဈေးနှုန်းများမြင့်တက်နေပြီး စက်သုံးဆီ ရှားပါးမှုကြောင့် ရှင်ဗွေယန်မြို့နယ်အတွင်းရှိ တရားမဝင် ရွှေလုပ်ကွက် ၃၀ ကျော် ရပ်နားထားရကာ သွားလာရေး အခက်အခဲကို ရင်ဆိုင်နေရကြောင်း ယင်းဒေသခံများထံမှ သိရသည်။ ■ **R-06**



ဓာတ်ပုံ - စောကျော်ဇွေး

# ဘားအံတွင် ကတ္တရာကွန်ကရစ်လမ်းဖွင့်

**ဘားအံ ၊ ဧပြီ ၁**

ဘားအံတွင် အာရှလမ်းမကြီး၏ အစိတ်အပိုင်းတစ်ခုဖြစ်သော အိန္ဒု - ဇာသပြင်လမ်းအပိုင်းမှ နိုင်လွန် ကတ္တရာ ကွန်ကရစ်လမ်းကို မတ်လ ၃၀ရက်က စတင်ဖွင့်လှစ်ခဲ့သည်။

ဘားအံ-မော်လမြိုင် လမ်း၏အစိတ်အပိုင်းတစ်ခုဖြစ်သော ယင်းလမ်းမှာ ယခင်က သာမန်ကတ္တရာ လမ်းတစ်ခု ဖြစ်ကာ ကုန်တင်ယာဉ်များကြောင့် ဆိုးရွားစွာ ပျက်စီးခဲ့ကြောင်း၊ ၂၀၁၆ ခုနှစ် မတ်လမှ စတင်ကာ လမ်းချဲ့ခြင်း၊ ထပ်ပိုးလွှာ ခင်းခြင်း၊ ကတ္တရာကွန်ကရစ် (AC)ခင်းခြင်း လုပ်ငန်းများကိုလုပ်ဆောင်ခဲ့ပြီး လမ်းအကျယ်မှာ ၂၄ ပေရှိပြီး ၁၅မိုင်ခန့်ရှည်လျားကြောင်း လမ်းတာဝန်ခံ မြို့နယ် အင်ဂျင်နီယာ ဒေါ်ယဉ်လဲ့လဲ့ကျော်က ပြောဆိုသည်။

“ကျွန်တော်တို့ပြည်နယ်ဟာ ငြိမ်းချမ်းမှုတွေ ဆိတ်သုဉ်းခဲ့တာကြောင့် လမ်း၊ တံတား၊ အခြေခံအဆောက်အဦတွေ ဖွံ့ဖြိုးမှု အားနည်းခဲ့ပါတယ်၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ ကရင်ပြည်နယ်အနေနဲ့ ပထမဆုံး ဖွင့်လှစ်နိုင်တဲ့ ကတ္တရာ ကွန်ကရစ်လမ်း ဖြစ်ပါတယ်” ဟု ပြည်ထောင်စုလွှတ်တော် နာယက မန်းဝင်းခိုင်သန်းက မတ်လ ၃၀ရက် လမ်းဖွင့်ပွဲ အခမ်းအနားတွင် ပြောကြားခဲ့သည်။

ယခု ဖွင့်လှစ်သော အိန္ဒု-ဇာသပြင် လမ်းမှာ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်ကို ချိတ်ဆက်သည့် လမ်းဖြစ်သည့် အပြင် ဘားအံ- ကော့ကရိတ်-မြဝတီအာရှလမ်း၊ ဇာသပြင် -ကျုံဖရဲ-ကျားကလေးလမ်းတို့နှင့် ချိတ်ဆက် လျက်ရှိသော နိုင်ငံတကာ ဆက်သွယ်ရေး လမ်းမကြီးဖြစ်သည့်အတွက် နိုင်ငံတကာ စံနှုန်းအတိုင်း ဖောက်လုပ်ထားကြောင်း ၎င်းထံမှသိရသည်။

“အရင်ကလမ်းကအရမ်း ကြမ်းတယ်၊ ဘားအံတစ်ခေါက်သွားဖို့ ချက်ဘလက်ကားနဲ့သွားမယ်ဆိုရင် ဆင်စီးရသလိုပဲ၊ မနည်းဘူးအချိန်ယူရတယ်၊ အဲ့ဒီတော့ မြို့ရှောင်လမ်းကိုအားကိုးနေရတယ်၊ အခုဆိုရင် နာရီဝက်အတွင်း အိန္ဒုတို့ ဘားအံတို့ ရောက်နိုင်တယ်၊ ဇာသပြင် အနောက်ကျေးရွာအုပ်ချုပ်ရေးမှူး နိုင်ဟန်သိန်းက ပြောကြားသည်။

၂၀၁၆ - ၂၀၁၇ ဘဏ္ဍာနှစ်ပြည်ထောင်စုရန်ပုံငွေ ၅၀၀ သန်းနှင့် ပြည်နယ်ရန်ပုံငွေ ၂၅၉၉ ဒသမ ၈၆ သန်းတို့ဖြင့် ဆောင်ရွက်သော ၂၄ ကီလိုမီတာ (၁၅ မိုင်) ရှည်သောယင်းလမ်းကိုဆောက်လုပ်ရေး ဝန်ကြီးဌာနမှ ၁၁ ဒသမ ၆ ကီလိုမီတာ (၇မိုင် ၂ ဖာလုံ) နှင့် ချစ်လင်းမြိုင်ကုမ္ပဏီမှ ၁၂ ဒသမ ၄ ကီလိုမီတာ (၇ မိုင် ၆ ဖာလုံ) တည်ဆောက်ခဲ့သည်။

■ **R-17**

# မြို့အဝင်ဘီးကောက်လုပ်ငန်းရပ်ဆိုင်းရေး သကြၤန်မတိုင်မီ ဆုံးဖြတ်နိုင်ဖွယ်ရှိ

**မကွေး၊ ဧပြီ ၁**

မကွေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များတွင် လုပ်ဆောင်နေဆဲဖြစ်သော မြို့အဝင်ဆိုင်ကယ်ဘီးကောက်လုပ်ငန်းများ ရပ်ဆိုင်းရေးအတွက် မကွေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များက တိုင်းဒေသကြီးအစိုးရအဖွဲ့ထံသို့ တင်ပြထားရာ ယင်းကိစ္စကိုတိုင်းဒေသကြီးအစိုးရအဖွဲ့အနေနှင့် သင်္ကြန်မတိုင်မီဆုံးဖြတ်နိုင်ဖွယ်ရှိကြောင်း မကွေးတိုင်းဒေသကြီး စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စည်ပင်သာယာရေး ဝန်ကြီးရုံးမှ စုံစမ်းသိရသည်။

မြို့ဖြတ်သန်းခ ကောက်ခံခြင်းကို ဘီးကောက်ဟုခေါ်ပြီး မြို့ကိုဝင်ထွက်နေသည့်ဘီးပါယာဉ်များကိုအခွန်ကောက်ခြင်းကို ဘီးခွန်လို့ခေါ်ကြောင်း မကွေးတိုင်းဒေသကြီး စီမံကိန်း ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးဇော်မင်းက ပြောကြားသည်။

“တိုင်းအစိုးရအဖွဲ့နောက်တစ်ပတ်အစည်းအဝေးထိုင်ပြီးတာနဲ့ ဆုံးဖြတ်ချက်ကကျလာမယ့်အနေအထားမှာရှိပါတယ်” ဟု ၎င်းက ဆိုသည်။

ယင်းကိစ္စအပေါ် တိုင်းလွှတ်တော်ကိုယ်စားလှယ်များ၏တင်ပြပုံမှာ ဆိုလိုရင်း အဓိပ္ပာယ်ရှင်းလင်းမှုမရှိသည့်အတွက် ယခုအချိန်ထိ ကြန့်ကြာနေခြင်းဖြစ်ကြောင်းမကွေးတိုင်းဒေသကြီး၊ အစိုးရအဖွဲ့ဝင်အချို့က ပြောဆိုသည်။

“မြို့နယ်တွေမှာ အရပ်ရပ်လေလံပွဲတွေကျင်းပတဲ့အခါ ဆိုင်ကယ်ဘီးကောက်တွေကိုထည့်မထားဖို့ ကျွန်တော်တို့တစ်တွေ တောင်းဆိုထားပြီး ဖြစ်ပါတယ်။ ကျွန်တော်တို့ဆီမှာတော့ မြို့အဝင်ဘီးကောက်တွေလုပ်လည့်မကြည့်တာ ကြာပါပြီ” ဟု ရေနံချောင်းမြို့နယ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးတင့်လွင်က ပြောဆိုသည်။

အဆိုပါမြို့အဝင် ဘီးကောက်ရပ်ဆိုင်းပေးရေးအတွက်မကွေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ၄၀ကျော်က တိုင်းအစိုးရအဖွဲ့ထံသို့ လက်မှတ်ရေးထိုးတင်ပြခဲ့ပြီး မြို့နယ်အချို့တွင်လည်း ယခင်က မြို့အဝင်ဆိုင်ကယ်ဘီးကောက်ခြင်း မရှိသည့်မြို့လေးမြို့ခန့်ရှိကြောင်း ရေနံချောင်းမြို့နယ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးတင့်လွင်က ဆက်လက်ရှင်းပြသည်။

မြို့အချို့တွင် မြို့ဝင်ကြေးဆိုင်ကယ်ဘီးကောက်ခံသည့်ကိစ္စများဖြင့် အချင်းများမှုများရှိနေပြီး ယင်းသို့မြို့ဝင်ကြေးဆိုင်ကယ်ဘီးကောက်လုပ်ငန်း ရပ်ဆိုင်းမည့်အစီအစဉ်ကိုကြိုဆိုကြောင်း နတ်မောက်ဒေသခံများက ပြောကြားသည်။

■ **R-02**

ဖြန့်ချိရေးကိစ္စ ဆက်သွယ်လိုပါက . . . ဖုန်း - ၀၉ ၇၈၅၅၅၅၇၇၃

အောင်ပြည့်စုံ
09-421041338,
09-73224763,09-250095114

မိဘမေတ္တာ (Gas)



ဓာတ်ပုံ - zawG

ရောဝတီတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ ရှမ်းပြည်နယ် လွှတ်တော်သို့ သွားရောက်လေ့လာစဉ်

# ရောဝတီတိုင်းလွှတ်တော်ကိုယ်စားလှယ်များ ရှမ်းပြည်နယ်လွှတ်တော်ကို သွားရောက်လေ့လာ

**ပုသိမ်၊ ဧပြီ ၁**

ရောဝတီတိုင်းဒေသကြီးမှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များက ရှမ်းပြည်နယ် လွှတ်တော်သို့မတ်လ ၃၁ ရက်မှ ဧပြီ ၃ ရက်အထိ လေ့လာရေးခရီးသွားရောက်လျက်ရှိသည်။

"ရှမ်းပြည်နယ် လွှတ်တော်ကို လေ့လာဖို့ရယ်၊ ပြည်နယ်ဝန်ကြီးချုပ်နဲ့လည်း အလွတ်သဘောတွေ့ဆုံပါမယ်၊ အင်းလေးကန် ကိုလည်း သွားမှာပါ" ဟု ရောဝတီတိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ ဦးအောင်ကျော်ခိုင်က ပြောကြားသည်။

ရောဝတီတိုင်းဒေသကြီး လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး မတ်လ ၃၀ရက်နေ့တွင် ပြီးဆုံးပြီး နောက်လေ့လာရေးခရီးစဉ် သွားရောက်ခြင်းဖြစ်ကြောင်း၊ တိုင်းလွှတ်တော် လေ့လာရေးအဖွဲ့တွင် လွှတ်တော်ကိုယ်စားလှယ် ၄၀ဦး၊ တပ်မတော်သားလွှတ်တော် ကိုယ်စားလှယ် ၁၅ ဦးနှင့် လွှတ်တော်ရုံးအဖွဲ့မှ ဝန်ထမ်း ၁၂ ဦးတို့ လိုက်ပါကြကြောင်း၊ ရောဝတီတိုင်း လွှတ်တော်အနေနှင့် ပထမဆုံးအကြိမ်ခရီးစဉ်ဖြစ်ကြောင်း လွှတ်တော်ရုံးမှ သိရသည်။

ဖေဖော်ဝါရီလက စစ်ကိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးဆောင်သည့် လွှတ်တော် လေ့လာရေးအဖွဲ့က ပုသိမ်မြို့ရှိ ရောဝတီတိုင်းဒေသကြီးလွှတ်တော်ကို လာရောက် လေ့လာပြီး ကိုယ်စားလှယ်များ တွေ့ဆုံဆွေးနွေးခဲ့သည်။ ■

# ဥက္ကံ အမှတ် (၁၃) သကြားစက်တွင် အလုပ်သမား ၂၇၀ကျော် ဆန္ဒပြ

**တိုက်ကြီး ၊ ဧပြီ ၁**

ရန်ကုန်တိုင်းဒေသကြီး၊ ဥက္ကံမြို့ အမှတ် (၁၃) သကြားစက်တွင် မတ်လ ၂၉ရက်နေ့မှ စတင်ကာ ဧပြီလ ၁ရက် အထိ လုပ်အားခ နှင့် အချိန်ပိုကြေးနည်းပါးသဖြင့် စက်ရုံလုပ်သား ၂၇၀ ကျော်က ငြိမ်းချမ်းစွာ ဆန္ဒထုတ်ဖော်နေကြောင်း အလုပ်သမား ဦးဆောင်သူ မဝင်းနန္ဒလှိုင်က ပြောကြားသည်။

"ကျွန်မတို့ အလုပ်သမားတွေကို Golden Myan.Tai ကုမ္ပဏီ လိုလို လုပ်နေတာသုံးနှစ်ရှိပြီး အလုပ်သမားတွေ မခံစားနိုင်တော့လို့ ဆန္ဒထုတ်ဖော်တာပါ" ဟု ၎င်းက ရှင်းပြသည်။

ဥက္ကံမြို့ အမှတ် (၁၃) သကြားစက်မှာ ၁၉၉၇ခုနှစ်မှ စတင်၍မြန်မာ့ကြံလုပ်ငန်းက တည်ထောင်ခဲ့ပြီး ၂၀၀၄ ခုနှစ် တွင် မြန်မာ့စီးပွားရေး ဦးပိုင်သို့လွှဲပြောင်းခဲ့ကြောင်း၊ ၂၀၁၃ ခုနှစ်တွင် Golden Myan.Tai ကုမ္ပဏီက လုပ်ကိုင်ခဲ့ရာ လက်ရှိ အချိန်ထိဖြစ်ကြောင်း၊ အလုပ်သမားများက နှစ်စဉ်ဝန်ထမ်းများကို လုပ်သက်ဆုကြေး (Bonus) အနိမ့်ဆုံး ၃လခ ပေးရေး၊ အချိန်ပိုကြေးကို အခြားစက်ရုံများနည်းတူ တွက်ချက်ပေးရေး၊ တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းကို ကုမ္ပဏီ၏ ဝန်ထမ်းအဖြစ် တိကျစွာဖော်ပြပေးရေး၊ လူမှုဖူလုံရေး အကျိုးခံစားခွင့် အပြည့်အဝ ခံစားခွင့်ပြုရေး၊ အသက်၆၅နှစ်ပြည့်ဝန်ထမ်းများကို အလုပ်ရပ်နားပါက နစ်နာကြေးကို အလုပ်သမား အခွင့်အရေးများနှင့်အညီ ခံစားခွင့်ပြုရေးတို့ကို တောင်းဆိုကြောင်း စက်ရုံဝန်ထမ်းများထံမှ သိရသည်။

"မြန်မာ့ စီးပွားဦးပိုင်က ညွှန်ကြားချက်နဲ့ ဆောင်ရွက်နေတာပါ စက်ရုံအလုပ်သမားတွေရဲ့တောင်းဆိုချက်တွေကိုကျွန်တော်တို့ ရုံးချုပ်ကိုတင်ပြထားပါတယ်" ဟု Golden Myan.Tai မှ စက်ရုံမှူး ဦးစိန်လှိုင်က ပြောကြားသည်။ ■ R-19

## NEWS IN BRIEF

### ဟင်္သာတတွင် စိတ်ကြွဆေးရောင်းသူလေးဦးကို ဖမ်းမိ

ရောဝတီတိုင်းဒေသကြီး ဟင်္သာတမြို့ဥယျာဉ်မြောက်ရပ်ကွက် အာဇာနည်ဗိမာန်ရှေ့တွင် မတ်လ ၃၀ရက် နံနက်ပိုင်းက မော်တော်ယာဉ်ဖြင့် စိတ်ကြွဆေးပြားရောင်းချသူလေးဦးကို ဖမ်းမိခဲ့ကြောင်း ဟင်္သာတခရိုင် မှူခင်းနှိမ်နင်း ရေး၌ာနစုထံမှ သိရသည်။

ရပ်ထားသော ပရိုဘောက်စ်ယာဉ်ကို ရဲတပ်ဖွဲ့က မသင်္ကာသဖြင့် ရှာဖွေရာ စိတ်ကြွဆေးပြား ၃၅၀၊ လက်ကိုင်ဖုန်းများကို သိမ်းဆည်းနိုင်ခဲ့ပြီး မူးယစ်ဆေးဝါးရောင်းချသော ကိုစန်းဦးမောင်(၂၁နှစ်)၊ ကိုအောင်အောင်ထက် (၂၆နှစ်) ၊ ကိုကျော်ဇင်လတ်( ၃၁နှစ်)၊ မမေသဇင်ဖူး(၂၃နှစ်) တို့ကို ဟင်္သာတ မြို့မ ရဲတပ်ဖွဲ့စခန်းက မူးယစ်(ပ)အမှတ်၁/ ၂၀၁၇ မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသောဆေးဝါးများ ဆိုင်ရာ ဥပဒေပုဒ်မများဖြင့် အမှုဖွင့်ထားကြောင်း ဟင်္သာတမြို့နယ် ရဲတပ်ဖွဲ့မှူးရုံးထံမှ သိရသည်။ ■ R-13

### ဗန်းမော်မြို့တွင် တရားမဝင် ခုတ်ယူထားသောသစ်များကို ဖမ်းမိ

ကချင်ပြည်နယ် ၊ ဗန်းမော်မြို့နယ် ၊ စင့်ကင်ကျေးရွာ အနီးတွင် ကုမ္ပဏီတစ်ခုက ခြံစည်းရိုးကာရန်အတွက် တရားမဝင် ခုတ်ယူထားသော ကျွန်းသစ်နှင့် အခြားသစ်မာများကို မတ်လ ၃၁ရက်တွင် တာဝန်ရှိသူများက သွားရောက်စစ်ဆေးခဲ့ကြောင်း စင့်ကင်ကျေးရွာအုပ်ချုပ်ရေးမှူးဦးကျော်ကျော်ထံမှ သိရသည်။

ဒေသခံများ၏ သတင်းပေးမှုကြောင့် ခန့်ငြား ကုမ္ပဏီဝင်းသို့ သစ်တောဦးစီး၌ာနမှ တာဝန်ရှိသူများက သွားရောက်ကာ တိုင်းတာ စစ်ဆေးနေကြောင်း၊ ဗန်းမော်ခရိုင်သစ်တောဦးစီး၌ာန လက်ထောက် ညွှန်ကြားရေးမှူး ဦးထွန်းထွန်းဦးက ပြောကြားသည်။ ■

# ရေပူဂိတ်တွင် နောက်ပြန်လှည့်သွားသည့် ယာဉ်ပေါ်မှ ဘိန်းဖြူများဖမ်းမိ

**လားရှိုး၊ ဧပြီ ၁**

ရှမ်းပြည်နယ်မြောက်ပိုင်း၊ သိန္နီ ရေပူအမြဲတမ်း စစ်ဆေးရေးစခန်းတွင် ဧပြီလ ၁ ရက်နေ့ နံနက် ၁၀ နာရီ ၅၀ ခန့်က အတက်-အဆင်းယာဉ်များကို စစ်ဆေးနေစဉ် စစ်ဆေးရေးစခန်းကိုမဖြတ်တော့ဘဲ နောက်ကြောင်းပြန်လှည့်သွားသည့် ယာဉ်ကိုဖမ်းဆီးစစ်ဆေးရာတွင် ဘိန်းဖြူများဖမ်းဆီးရမိခဲ့ကြောင်း အဆိုပါစခန်းထံမှ သိရသည်။

"ပိန်းဆာပြည်သူ့စစ်တို့ ပူးပေါင်းအဖွဲ့ကမော်တော်ယာဉ် ၂စီးနဲ့ နောက်ပြန်လှည့်သွားတဲ့ Pajero ယာဉ်နောက်ကို လိုက်ခဲ့တယ်။ သိန္နီမြို့အဝင် နမ့်တူချောင်းတံတားအလွန်မှာ အဲဒီယာဉ်ကိုမီတာနဲ့ အရှေ့အနောက်ယာဉ်တစ်စီးစီပိတ်ဆို့ပြီး စခန်းကိုပြန်ခေါ်လာပြီးစစ်ဆေးတာ" ဟု ယင်းစခန်းတာဝန်ခံ အကောက်ခွန်ဦးစီး၌ာန ဒုတိယညွှန်ကြားရေးမှူး ဦးတက်ထွန်းအောင်က ဆိုသည်။

အဆိုပါမော်တော်ယာဉ်ပေါ်မှာ ဘိန်းဖြူထည့်ထားသည့် ဆပ်ပြာခွက် ၇၄ ခွက်၊ အလေးချိန်၈၈၈ ဂရမ်၊ တန်ဖိုး ၁၆၈ သိန်းကို ဖမ်းဆီးရမိခြင်းဖြစ်ကြောင်း ၎င်းက ရှင်းပြသည်။

ဘိန်းဖြူထည့်ထားသော ဆပ်ပြာခွက်များကို မော်တော်ယာဉ်၏ အပိုဘီး အတွင်းမှ တွေ့ရခြင်းဖြစ်ပြီးအပိုဘီးကို လေလျှော့ကာ ဘိန်းဖြူဆပ်ပြာခွက်များထည့်သွင်းသယ်ဆောင်လာခြင်းဖြစ်ကြောင်း၊ အဆိုပါဘိန်းဖြူများကို မူဆယ်မြို့မှ လားရှိုးသို့ သယ်ဆောင်လာခြင်းဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ယင်းသို့ဘိန်းဖြူများကိုသယ်ဆောင်လာသူ ဦးဆက်နိုင်ကို မော်တော်ယာဉ်နှင့်အတူ မူးယစ်အထူးတပ်ဖွဲ့ထံသို့လွှဲပြောင်းအပ်နှံကာ ဆက်လက်အရေးယူမည်ဖြစ်ကြောင်း ယင်းစစ်ဆေးရေးစခန်းထံမှ သိရသည်။ ■ R-07

# တာချီလိတ်တွင် အဖေကို သားက ရိုက်သတ်

**ကျိုင်းတုံ၊ ဧပြီ ၁**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့နယ် ဒေင်ကျေးရွာတွင် မတ်လ ၃၁ရက် ညနေ ၅ နာရီခန့်က ဖခင်ကို သားဖြစ်သူက သစ်သားတုတ်ဖြင့် ရိုက်ရာမှ သေဆုံးခဲ့ကြောင်း တာချီလိတ်မြို့မရဲစခန်းထံမှသိရသည်။

အိမ်သက်ငယ်မိုးသည့် ကိစ္စနှင့် ပတ်သက်၍အသက် ၇၀ အရွယ်ဖခင်ကို အသက် ၂၇နှစ် အရွယ်သားက သစ်သားချောင်းဖြင့် ခေါင်းကို ရိုက်ခဲ့ကြောင်း၊ ဒဏ်ရာရရှိသော ဖခင်မှာ ထိုင်းနိုင်ငံရှိ ဆေးရုံတွင် ဆေးကုသနေစဉ် ဧပြီလ ၁ရက် နံနက် ၂နာရီက သေဆုံးခဲ့ကြောင်း တာချီလိတ် လူမှုကူညီရေးအသင်းမှ တာဝန်ရှိသူတစ်ဦး ကပြောကြားသည်။

ယင်းလူသတ်မှုကြောင့် သားဖြစ်သူ ကိုအားဂျွေကို ရာဇသတ်ကြီး ပုဒ်မ ၃၂၅ ဖြင့်ကနဦး အမှုဖွင့်ထားရာမှ ရာဇသတ်ကြီး ပုဒ်မ ၃၀၂ဖြင့် ပြောင်းလဲ အမှုဖွင့်ထားကြောင်း ကျိုင်းတုံမြို့ ဒုတိယ ရဲတပ်ဖွဲ့မှူးရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ ■ R-16

# လမ်းလျှောက်သင်္ကြန်မဏ္ဍပ် ကျပ် ၁၀ သိန်းဖြင့် ဆောက်ခွင့်ပြု

**မန္တလေး၊ ဧပြီ ၁**

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီအနေနှင့် လမ်းလျှောက်သင်္ကြန်ကျင်းပမည့်နေရာတွင် အလှူငွေ ကျပ် ၁၀ သိန်းထည့်၍ မဏ္ဍပ်ဆောက်ခွင့်ပြုမည်ဖြစ်ကြောင်း အဆိုပါကော်မတီတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

လမ်းလျှောက်သင်္ကြန်ကျင်းပမည့် တစ်နေရာစာအတွက် အလှူငွေ ၁၀ သိန်းထည့်ဝင်ရမည်ဖြစ်ကာ ရေစက်အသုံးပြုခအဖြစ် အခွန် ထပ်ပေးရန်မလိုကြောင်း၊ တေးသီချင်းများသာခွင့်ပြုမည်ဖြစ်ပြီး DJ တီးဝိုင်းများ ခွင့်မပြုကြောင်း ၎င်းက ပြောဆိုသည်။

ကျုံးကို အမြင်မကွယ်စေရန် မဏ္ဍပ်စင်နောက်ခံအမြင့် ခြောက်ပေဖြင့် ဆောက်လုပ်ခွင့်ပေးထားသည့်အပြင် မိသားစုအစီအစဉ်ဖြင့် ရေကစားလိုပါက နှစ်လက်မထက်မကြီးသော ရေပိုက်များအသုံးပြုနိုင်ပြီး မီးသတ်ခေါင်းများတပ်ဆင်ခွင့်မရှိကြောင်း၊ ရေစုပ်စက်တစ်ခု ကျပ်နှစ်သိန်းအခွန်ဆောင်ရမည်ဖြစ်ကြောင်း မန္တလေးမြို့တော်ဝန် ဒေါက်တာရဲလွင်က ၎င်း၏ လူမှုကွန်ရက်စာမျက်နှာမှတစ်ဆင့် မတ်လ ၃၀ ရက်နေ့ ည ၈ နာရီကျော်က မျှဝေထားသည်။

လမ်းလျှောက်သင်္ကြန်ကျင်းပမည့် နေရာတွင် ယာဉ်ဝင်ခွင့်ပိတ်ထားရာ မဏ္ဍပ်များသို့ လမ်းလျှောက်သွားရမည်ဖြစ်ပြီး ၂၆ လမ်းမကြီးပေါ်ရှိ ၆၆ လမ်းမှ ၇၈ လမ်းအထိ ယာဉ်ဝင်ခွင့် ပိတ်ထားမည်ဖြစ်သည်။

မဏ္ဍပ်ဆောက်လုပ်ခွင့် လျှောက်လွှာများကို ဧပြီ ၆ ရက်နေ့မတိုင်မီ လျှောက်ထားနိုင်ပြီး လျှောက်ထားသည့်နေ့တွင်ပင် မဏ္ဍပ်ဆောက်ခွင့်ရမည်ဟု မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီက ထုတ်ပြန်ထားသည်။ လမ်းလျှောက်သင်္ကြန်တွင် စတုဒိသာ ကျွေးလိုသူများအနေနှင့် အခွန်ဌာနနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်းလည်း ယင်းဌာနထံမှ ထပ်မံသိရသည်။

■ M-01

# အိမ်အကူအမျိုးသမီးကို ရိုက်နှက်မှု မဖွယ်မရာပြုလုပ်မှုဖြင့် ထပ်မံတရားစွဲ

**မန္တလေး၊ ဧပြီ ၁**



ဓာတ်ပုံ – မောင်သန့်

အိမ်အကူအမျိုးသမီးကို ရိုက်နှက်ခဲ့သည်ဟု တရားစွဲဆိုခံရသည့် အိမ်ရှင်လင်မယားကို မတ်လ ၁၇ ရက်နေ့က အမရပူရမြို့နယ်တရားရုံးတွင် ရုံးတင်စစ်ဆေးပြီးနောက်တွေ့ရစဉ်

အမရပူရမြို့နယ်အတွင်းရှိ စက်ချုပ်ဆိုင်တစ်ခုတွင် အိမ်အကူလုပ်ကိုင်နေသည့် ပအိုဝ်းအမျိုးသမီးငယ်ကို ရိုက်နှက်ခဲ့သည်ဟု တရားစွဲဆိုခံရသော အိမ်ရှင်လင်မယားကို မဖွယ်မရာပြုမှု ရာဇသတ်ကြီးပုဒ်မ ၃၅၄ ဖြင့် မတ်လ ၃၀ ရက်နေ့က ထပ်မံတရားစွဲထားကြောင်း ယင်းမြို့နယ်ရဲစခန်းထံမှ သိရသည်။

"အရင်စွဲဆိုထားတဲ့အမှုတွေအပြင် ဥပဒေအကြံပေးတင်လိုက်တဲ့အခါ အင်္ကျီချွတ်ပြခိုင်းတာတွေ လုပ်တဲ့အတွက် မဖွယ်မရာ ပြုလုပ်မှုထပ်တိုးပြီး တရားစွဲတင်ပါတယ်" ဟု ယင်းရဲစခန်းမှ တာဝန်ကျအရာရှိတစ်ဦးက ပြောကြားသည်။

အိမ်အကူအဖြစ် လုပ်ကိုင်နေသည့် အသက် ၁၄ နှစ်အရွယ် အမျိုးသမီးငယ်ကို ရိုက်နှက်နှိပ်စက်ခဲ့သော ထန်းတောကျေးရွာမှ ဟိန်းအာကာ အပ်ချုပ်ဆိုင်ပိုင်ရှင်များဖြစ်သည့် ဦးနိုင်အောင်နှင့် ဒေါ်ဆောင်းနှစ်သစ်ဦးတို့ကို မြို့နယ်ရဲတပ်ဖွဲ့က ရာဇသတ်ကြီး ဥပဒေပုဒ်မ ၃၂၅၊ ၃၂၆၊ ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေးဥပဒေပုဒ်မ ၆၆ တို့ဖြင့် အမှုဖွင့်ထားသည့်အပြင် ရာဇသတ်ကြီးဥပဒေပုဒ်မ ၃၅၄ ဖြင့် ထပ်မံအမှုဖွင့်ကာ တရားရုံးတင်ခဲ့ခြင်းဖြစ်သည်။

အိမ်ရှင်လင်မယားက ဝါယာကြိုးနှင့် ဖိနပ်တို့ဖြင့် ရိုက်နှက်ခြင်း၊ ရေကန်အတွင်း နှစ်ခြင်း၊ ခေါင်းကို နံရံဖြင့်တိုက်ခြင်း၊ ဒူးများနှင့် လက်များကို အပ်ဖြင့် ထိုးခြင်းတို့အပြင် ခန္ဓာကိုယ်အပေါ်ပိုင်းကို ချွတ်စေကာ အိမ်ရှင်အမျိုးသားအား ပြသစေခြင်းတို့ ပြုလုပ်ခဲ့ကြောင်း နှိပ်စက်ခံရသည့် အမျိုးသမီးက ပြောဆိုထားသည်။

နှိပ်စက်ခံရသည့်ကလေးငယ်ကို ဖေဖော်ဝါရီလ ၂၈ ရက်နေ့မှ မတ်လ ၃ ရက်နေ့အထိ ထန်းတောကျေးရွာ အုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် ဒေသခံအမျိုးသမီးများက စောင့်ရှောက်ပေးခဲ့ပြီး မတ်လ ၃ ရက်နေ့ ညနေပိုင်းမှလက်ရှိအချိန်အထိ လူမှုဝန်ထမ်း ဦးစီးဌာနက စောင့်ရှောက်ပေးထားသည်။

■ M-04



ဓာတ်ပုံ–သန်းဇေသာ

ယဉ်ကျေးမှုပြတိုက်အတွင်း လွတ်လပ်စွာ ဓာတ်ပုံရိုက်ကူးနေသူကို တွေ့ရစဉ်

# မြနန်းစံကျော်ယဉ်ကျေးမှုပြတိုက်အတွင်း ဓာတ်ပုံရိုက်ကူးခွင့် ပြန်လည်ခွင့်ပြု

**မန္တလေး၊ ဧပြီ ၁**

ပြည်တွင်းပြည်ပခရီးသွားများ လာရောက်လည်ပတ်ရာ မန္တလေးနန်းတွင်းရှိ မြနန်းစံကျော်ရွှေနန်းတော် ရှေးဟောင်းပြတိုက်အတွင်း မှတ်တမ်းဓာတ်ပုံရိုက်ကူးခွင့် ပြန်လည်ခွင့်ပြုထားကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (အထက်မြန်မာပြည်) ထံမှ သိရသည်။

မန္တလေးနန်းတွင်းရှိ အဆိုပါပြတိုက်ကို အကြီးစားအဆင့်မြှင့်တင်မှု သုံးလကြာပြုလုပ်ခဲ့ပြီးနောက် ယခုလ ၂၄ ရက်နေ့က ပြန်လည်ဖွင့်လှစ်ခဲ့ကြောင်း၊ လာရောက်လေ့လာသူများကို ယခင်ကဲ့သို့ ဓာတ်ပုံရိုက်ကူးခွင့် တားမြစ်ခြင်းမရှိတော့ဘဲ ခွင့်ပြုပေးထားကြောင်း ယင်းဦးစီးဌာန အကြီးတန်းအရာရှိတစ်ဦးက The Voice သို့ ပြောကြားသည်။

"အရင်က ဒီပြတိုက်အတွင်းမှာ ဓာတ်ပုံရိုက်ကူးခွင့်မပြုဘူး။ စာရေးပြီး သတိပေးထားသလို ကျွန်မတို့ဝန်ထမ်းတွေကိုယ်တိုင်လည်း လိုက်လံသတိပေးတားမြစ်ပါတယ်။ ပြတိုက် ပြင်ဆင်ပြီးတဲ့နောက် တရားဝင်ပိတ်တာမျိုးမလုပ်ဘဲ ခွင့်ပြုပေးထားပါတယ်။ သရုပ်ပျက် ရိုက်ကူးတာမျိုး ရှိလာရင်တော့ ပိတ်ကောင်းပိတ်နိုင်ပါတယ်။ အခုအချိန်အထိတော့ ပိတ်ပင်တားဆီးတာတွေ မလုပ်သေးပါဘူး" ဟု ၎င်းကဆိုသည်။

အနောက်ဇေတဝန်ဆောင်နှင့် ယဉ်ကျေးမှုပြတိုက်ကို ရှေးဟောင်းပစ္စည်းအမျိုးအစား ၅၀ ကျော်ခန့် ထပ်တိုးပြသခြင်းအပါအဝင် အခန်းကန့်သတ်ခြင်း၊ ပြတိုက်တစ်ခုလုံး အလုံပိတ်ကာရံ၍ လေအေးပေးစက်များ တပ်ဆင်ထားခြင်းနှင့် လျှပ်စစ်မီး အလင်းအမှောင် ပေးထားခြင်း စသည့်အဆင့်မြှင့်တင်မှုများကို သုံးလအတွင်း ပြုပြင်မွမ်းမံခဲ့ကြောင်း အဆိုပါဦးစီးဌာနမှ သိရသည်။

"အရင်က ဓာတ်ပုံရိုက်ခဲ့ဖူးပေမယ့် တရားဝင်တားမြစ်ထားလို့ ကောင်းကောင်း မရိုက်ခဲ့ရဘူး။ အခုလို ခွင့်ပြုပေးတာကို ကြိုဆိုတယ်။ အဓိကတော့ မြန်မာလူမျိုးတွေ စည်းကမ်းရှိဖို့ပဲလိုတယ်။ ဘယ်သူဖြစ်ဖြစ် အဝေးကနေ တကူးတကလာကြတာဆိုတော့ အမှတ်တရဓာတ်ပုံ ရိုက်ကြမှာပဲ။ ပြန်ပိတ်ပင်တာမျိုး မဖြစ်အောင် အားလုံးကူညီကြဖို့လိုမယ်" ဟု အသက် ၂၃ နှစ်အရွယ်ရတနာပုံတက္ကသိုလ်ကျောင်းသူတစ်ဦးက မှတ်ချက်ပြုသည်။

မြနန်းစံကျော် ရွှေနန်းတော်အတွင်းရှိ ရှေးဟောင်းယဉ်ကျေးမှုပြတိုက်ကို အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၏ အလှူငွေဖြင့် ပြုပြင်ခဲ့ခြင်းဖြစ်သည်။

အဆိုပါပြတိုက်ကို ၁၉၆၃ ခုနှစ် မန်းရာပြည့်ပွဲတော် ကျင်းပရေးကော်မတီက တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ၁၉၇၄ ခုနှစ်တွင် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ယဉ်ကျေးမှုဗိမာန်ဦးစီးဌာန ပြတိုက်ခွဲတစ်ခုအဖြစ် မှန်နန်းဆောင်ပြတိုက်အမည်ဖြင့် ဖွင့်လှစ်ခဲ့ကြောင်း၊ ၁၉၉၂ ခုနှစ်မှစတင်၍ ရွှေနန်းတော် ယဉ်ကျေးမှုပြတိုက်အမည်ဖြင့်ရှိခဲ့ရာမှ ယခုအခါ မြနန်းစံကျော် ရွှေနန်းတော် ယဉ်ကျေးမှုပြတိုက်အဖြစ် အမည်ပြောင်းလဲခဲ့ကြောင်း အဆိုပါဦးစီးဌာန သမိုင်းမှတ်တမ်းများအရ သိရသည်။

■ M-02

# ပြည်လမ်းပေါ် ကိုယ်လုံးတီး သွားလာသည့် အမျိုးသမီးကို အရေးယူ

**ရန်ကုန်၊ ဧပြီ ၁**

မရမ်းကုန်းမြို့နယ်၊ ပြည်လမ်း၊ ကိုးမိုင်တွင် မတ်လ ၃၁ ရက် ည ၁၀ နာရီက အဝတ်ဗလာ ကိုယ်လုံးတီးဖြင့် လူမြင်ကွင်းတွင် သွားလာနေသော အသက် ၂၆ နှစ်အရွယ် အမျိုးသမီးတစ်ဦးကို ရဲတပ်ဖွဲ့က ဖမ်းဆီး၍အများပြည်သူသွားလာသည့် နေရာတွင် ညစ်ညမ်းအောင်ပြုလုပ်မှု ဥပဒေပုဒ်မ ၄၁(၁၅) ဖြင့် အမှုဖွင့် အရေးယူထားကြောင်း ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့ထံမှ သိရသည်။

ပြည်လမ်းပေါ် ကိုယ်လုံးတီးဖြင့် သွားလာခဲ့သည့် အမျိုးသမီးမှာ စိတ်ကျန်းမာရေးချို့ယွင်းသူ တစ်ဦးဖြစ်ပြီး ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်တွင် နေထိုင်သူဖြစ်ကြောင်း၊ ယင်းညက ၎င်းနှင့် အတူပါလာ သည့် သုံးနှစ်အရွယ် သမီးနှင့် တစ်နှစ်အရွယ် သားဖြစ်သူတို့ကို ၁၀ မိုင်ကုန်း ပြည်လမ်းရှိ ဒံပေါက်ဆိုင်ဘေးတွင် ထားခဲ့ပြီးနောက် ၎င်းခန္ဓာကိုယ်ပေါ်ရှိ အဝတ်များချွတ်၍ တစ်ဦးတည်း ကိုးမိုင်ဘက်သို့ ထွက်သွားခဲ့ကြောင်း မရမ်းကုန်းမြို့မှ ရဲစခန်းမှ ရဲအရာရှိတစ်ဦးက ပြောသည်။

“အမျိုးသမီးက အိမ်ထောင်ရေး၊ စီးပွားရေး အဆင်မပြေမှုတွေကြောင့် အခုလို စိတ်ဖောက်ပြန်သွားတာလို့ သူ့မိသားစုထံက သိရတယ်၊ တစ်ချက်တစ်ချက် အသိစိတ်လွတ်သွားတာ”ဟု ၎င်းက ဆိုသည်။

အိမ်ထောင်ရေး၊ စီးပွားရေး အဆင်မပြေသည့် ယင်းအမျိုးသမီးမှာ မျက်မမြင်သားငယ်ကို မွေးဖွားခဲ့ပြီးနောက် စိတ်ထိခိုက်ပြီး မကြာခဏ စိတ်ဖောက်ပြန်လေ့ရှိရာမှ ယင်းနေ့က ၎င်းတို့သားအမိ သုံးဦး အင်းစိန်မြို့ရှိ ဘုရားကျောင်းတစ်ခုမှ ဒဂုံတောင်မြို့နယ်ရှိ နေအိမ်သို့အပြန် လမ်းခုလတ်အရောက် ၎င်း၏ အဝတ်များချွတ်၍ ကိုယ်လုံးတီးဖြင့် ပြည်လမ်းပေါ် သွားလာခဲ့ခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့ထံမှ သိရသည်။

လမ်းပေါ်ထားခဲ့သည့် ၎င်း၏ သားသမီးနှစ်ဦးကို ရပ်ကွက်နေသူများက စောင့်ရှောက်ခဲ့ပြီး ဧပြီ ၁ ရက်နေ့တွင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်တွင် နေထိုင်သည့် ကလေးငယ်များ၏ အဘွားနှင့် အဒေါ်ဖြစ်သူတို့ထံ ပြန်လည်လွှဲပြောင်း အပ်နှံပေးခဲ့သည်။

မတ်လ ၂၈ ရက်ညပိုင်းက လမ်းမတော်မြို့နယ်၊ အနော်ရထာလမ်းနှင့် ၁၁ လမ်းထိပ်တွင် ရန်ဖြစ်နေသည့် လင်မယားနှစ်ဦးကို လှည့်ကင်းရဲတပ်ဖွဲ့က လာရောက်ထိန်းသိမ်းသည်ကို အသက် ၃၀ အရွယ် အမျိုးသမီးက မကျေနပ်သဖြင့် ၎င်းဝတ်ဆင်ထားသည့် အဝတ်များကို ချွတ်ပြီး ကိုယ်လုံးတီးဖြင့် ကားလမ်းပေါ် ပြေးလွှားခဲ့သည်။

■ **S-03**

# လမ်းပေါ်တွင် ရပ်ထားသောကားကို ဆိုင်ကယ်ဝင်တိုက်၊ တစ်ဦးသေ

**တောင်ငူ၊ ဧပြီ ၁**

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ပဲခူး-သနပ်ပင် ကားလမ်း မိုင်တိုင် အမှတ် ၃ အနီးတွင် မတ်လ ၃၁ ရက်နေ့ည ၁၁ နာရီခန့်က လမ်းပေါ်တွင် ကားဘီးဖြုတ်ကာ ရပ်တန့်ထားသည့် ဟီးနိုးကားကို ဆိုင်ကယ်က ဝင်တိုက်ရာမှာ အမျိုးသားတစ်ဦး သေဆုံးခဲ့ကြောင်း ပဲခူးမြို့မရဲစခန်းထံမှ သိရသည်။

ကားဘီးပေါက်သဖြင့်ဘီးဖြုတ်ရပ်နားထားသည့် ဟီးနိုးအပြာရောင် မော်တော်ယာဉ်ကို ပဲခူး-သနပ်ပင်လမ်းအတိုင်း ပဲခူးဘက်သို့အသက် ၂၁ နှစ်အရွယ် ကိုနေသွေး မောင်းလာပြီး အသက် ၂၂ နှစ်အရွယ် ဦးဇော်ဝင်းထွဋ် လိုက်ပါသော မော်တော်ဆိုင်ကယ်က အရှိန်ဖြင့် ဝင်တိုက်ရာ ဆိုင်ကယ်မောင်းသူ သေဆုံးပြီး စီးနင်းသူ ဒဏ်ရာရရှိကြောင်း ယင်းရဲစခန်းမှ တာဝန်ရှိသူ တစ်ဦးက ပြောကြားသည်။

ယာဉ်တိုက်မှုကြောင့်ဆိုင်ကယ်မောင်းသူနှင့် ဟီးနိုးယာဉ်မောင်းကို ရာဇသတ်ကြီးပုဒ်မ ၃၀၄(က)/၃၃၈ ဖြင့်အမှုဖွင့်ထားကြောင်း ပဲခူးမြို့မ ရဲစခန်းထံမှ သိရသည်။

■ **R-15**

# ရထားပေါ်ခုန်တက်သည့် အမျိုးသားတစ်ဦး ရထားကြိတ် သေဆုံး

**မြစ်ကြီးနား၊ ဧပြီ ၁**

မိုးကောင်းမြို့ နောင်ကိုင်တော် ရပ်ကွက်တွင် မတ်လ ၃၁ ရက်နေ့ နံနက် ၁၁ နာရီခွဲအချိန်ခန့်က ရထားပေါ်ခုန်တက်ခဲ့သည့် အမျိုးသားတစ်ဦး ခြေချော်ပြုတ်ကျပြီး ရထားကြိတ်မိသေဆုံးခဲ့ကြောင်း မိုးကောင်းမြို့မရဲစခန်းထံမှ သိရသည်။

သေဆုံးသူမှာ မိုးကောင်းမြို့ နောင်ကိုင်တော်ရပ်ကွက်တွင် နေထိုင်သည့် ကျော်ဇင်ဦး အသက် ၂၄ နှစ်ဖြစ်ပြီး ၎င်းသည် မိုင်တိုင်အမှတ် ၆၈၅/၁၇ နှင့် ၆၈၅/၁၈ ကြားတွင် နွားကျောင်းနေရာမှ နန့်စီးအောင်မှ မြစ်ကြီးနားသို့ ခုတ်မောင်းလာသည့် မိုင်းရှင်းရထား၏တတိယတွဲပေါ်သို့ ခုန်တက်ခဲ့ရာ ခြေချော်ပြုတ်ကျပြီး ရထားကြိတ်မိသေဆုံးခဲ့ခြင်းဖြစ်ကြောင်း ယင်းစခန်းထံမှ သိရသည်။

■ **R-06**

ကြော်ငြာကိစ္စ ဆက်သွယ်လိုပါက . . .
ဖုန်း - ၀၉ ၇၈၅၅၅၅၇၇၂

# မှုခင်းသတင်းတိုများ

■ လမ်းမတော်မြို့နယ်၊ ညောင်ပင်လေးဈေးရှေ့လမ်းဘေးတွင် မတ်လ ၃၁ ရက် မွန်းလွဲ ၁ နာရီက ဖဲလောင်းကစား ဆော့ဖ်ဝဲထည့်ထားသည့် လက်ကိုင်ဖုန်းများဖြင့် ချိတ်ဆက်၍ ငွေကျပ် ၂၈၀၀၀ ဖြင့် လောင်းကစား ပြုလုပ်နေသော အသက် ၂၄ နှစ်မှ ၃၂ နှစ်ကြားရှိ အမျိုးသားငါးဦးကို ဖမ်းမိခဲ့သည်။

■ ပုဇွန်တောင်မြို့နယ်၊ ဗိုလ်ချုပ်လမ်းတွင် မတ်လ ၃၁ ရက် နံနက် ၆ နာရီက Toyota Wish အမျိုးအစား ယာဉ်တစ်စီးကို သိမ်ဖြူမီးပွိုင့် မီးနီဖြတ်မောင်းလာသည့် ကင်တာယာဉ်တစ်စီးက ဝင်တိုက်မိခဲ့သောကြောင့် ယာဉ်နှစ်စီး ပျက်စီးခဲ့ကြောင်း သိရသည်။

■ ကော့မှူးမြို့နယ်၊ ဗိုလ်ချုပ်လမ်းရှိ စက်မှုလယ်ယာရှေ့တွင် မတ်လ ၃၁ ရက် မွန်းလွဲ ၃ နာရီက အနေးယာဉ်တစ်စီးကို Titam အမျိုးအစား ယာဉ်တစ်စီးက အရှိန်မထိန်းနိုင်ဖြစ်ပြီး ဝင်တိုက်မိသောကြောင့် အနေးယာဉ် နင်းသူ အသက် ၄၅ နှစ်အရွယ်အမျိုးသားနှင့် အနေးယာဉ်ပေါ်ပါ ငါးတန်းကျောင်းသား တစ်ဦး၊ လေးတန်းကျောင်းသူ တစ်ဦး ထိခိုက်ဒဏ်ရာများ အပြင်းအထန်ရခဲ့သည်။

■ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ သမိုင်းဘူတာရုံလမ်းနှင့် ချယ်ရီလမ်းထိပ် ကွမ်းယာဆိုင်တွင် မတ်လ ၃၁ ရက် မွန်းလွဲ ၃ နာရီက လောင်းကစား သတင်းရရှိထားသောကြောင့် ဝင်ရောက်စစ်ဆေးခဲ့ရာ အသက် ၆၈ နှစ်အရွယ် အမျိုးသမီးတစ်ဦးထံမှ နှစ်လုံးထီဂဏန်းများ ရေးထားသည့် ဘောက်ချာဖြတ်ပိုင်းများနှင့်အတူ ငွေကျပ် ၃၂၀၀၀ ကို သိမ်းဆည်းရမိခဲ့သည်။

■ ဗဟန်းမြို့နယ်၊ တက္ကသိုလ်ရိပ်သာလမ်းရှိမြဝတီစက်သုံးဆီဆိုင်ရှေ့တွင် မတ်လ ၃၀ ရက် နံနက် ၈ နာရီခွဲက Toyota Belta ယာဉ်တစ်စီးမှ အရှိန်မထိန်းနိုင်ဖြစ်ပြီး တစ်ဖက်ယာဉ်ကြောသို့ ရောက်ရှိကာ ကိုယ်ပိုင်ယာဉ် နှစ်စီးကို ဝင်တိုက်မိခဲ့သောကြောင့် ယာဉ်သုံးစီး ပျက်စီးခဲ့ကြောင်း၊ ယာဉ်တိုက်မှုကြောင့် ကိုယ်ပိုင်ယာဉ်ပေါ်ပါ အမျိုးသမီးလေးဦး ထိခိုက်ဒဏ်ရာများ ရခဲ့သည်။

**S-03**

# အင်္ဂပူတွင် အသက် ၇ နှစ်ကလေးကို အဓမ္မကျင့်

**ဟင်္သာတ၊ ဧပြီ ၁**

ဧရာဝတီတိုင်းဒေသကြီး၊ အင်္ဂပူမြို့နယ် ခုံကြီးအုပ်စု မကျီးပင်ကွင်းကျေးရွာတွင် မတ်လ ၂၈ ရက်က အသက် ၇ နှစ်အရွယ် မိန်းကလေးကို အသက် ၁၈ နှစ်အရွယ် ယောကျ်ားလေးတစ်ဦးက အဓမ္မပြုကျင့်ခဲ့ ကြောင်း ဒေသခံများထံမှ သိရသည်။

ယင်းမိန်းကလေးက ကစားဖော် သူငယ်ချင်းနှင့် ဆော့ရန် သွားရာမှ သူငယ်ချင်းကို မတွေ့ရဘဲ သူငယ်ချင်း၏ အစ်ကိုက အဓမ္မပြုကျင့်ခဲ့ကြောင်းကို မိခင်ဖြစ်သူထံ ပြောဆိုခဲ့ကြောင်း၊ ယင်းကြောင့် ကလေး၏ မိခင်က တစ်ရွာတည်းတွင် နေထိုင်သော အသက် ၁၈ နှစ်အရွယ် ကိုမျိုးသက်နွယ်ကို မတ်လ ၃၀ ရက်တွင် ရာဇသတ်ကြီး ဥပဒေပုဒ်မ ၃၇၆ဖြင့် အမှုဖွင့်ထားကြောင်း အင်္ဂပူမြို့နယ် ရဲတပ်ဖွဲ့မှူးရုံးထံမှ သိရသည်။

**R-13**

ကြော်ငြာကိစ္စ
ဆက်သွယ်လိုပါက . . .
ဖုန်း - ၀၉ ၇၈၅၅၅၅၇၇၃


ဓာတ်ပုံ - အောင်နိုင်

YBS ယာဉ်လိုင်းမှ ယာဉ်များ

# YBS ၂၁ ယာဉ် ဧပြီလတွင် အဆင့် A၊ B၊ C သတ်မှတ် ပြေးဆွဲမည်

**ရန်ကုန်၊ ဧပြီ ၁**

Power Eleven Public ကုမ္ပဏီက တာဝန်ယူထားသည့် YBS ၂၁ ယာဉ်လိုင်းက ဧပြီလအတွင်း ခရီးသည်များအတွက် ဝန်ဆောင်မှုတိုးမြှင့်သည့်အနေနှင့် အဆင့် A၊ B၊ C သတ်မှတ်ပြေးဆွဲမည်ဖြစ်ကြောင်း အဆိုပါကုမ္ပဏီထံမှ သိရသည်။

"ဒီအစီအစဉ်ကို ဧပြီလထဲမှာ စတင်အကောင်အထည်ဖော်မှာပါ။ ယာဉ်လိုင်းတွေအနေနဲ့ ဝန်ဆောင်မှုအပိုင်းကို အပြိုင်အဆိုင်လုပ်စေချင်တယ်" ဟု Power Eleven Public ကုမ္ပဏီအုပ်ချုပ်မှုဒါရိုက်တာ ဦးတရုတ်လေးက ဆိုသည်။

အဆင့် A class သတ်မှတ်ထားသောယာဉ်များမှာ ၁၉၉၆/၉၇ မော်ဒယ်လ်ယာဉ်များဖြစ်ပြီး အဆင့် B class မှာ ၂၀၀၆/၂၀၀၇ မော်ဒယ်လ်ဖြစ်ကာ အဆင့် C class မှာ ၂၀၀၇/၂၀၀၈ မော်ဒယ်လ် Air Con Bus သီးသန့်ယာဉ်ဖြစ်ကြောင်း Power Eleven Public ကုမ္ပဏီထံမှ သိရသည်။

"အဆင့် B နဲ့ Cက ယာဉ်စီးခ ၂၀၀ ပါ။ နောက်ပိုင်းမှာ ၂၁ ယာဉ်လိုင်းတစ်ခုလုံး အဲယားကွန်းယာဉ်တွေအဖြစ် ပြောင်းလဲမှာပါ။ သီးသန့်ယာဉ်က လူပိုမတင်တဲ့ယာဉ်ပါ" ဟု ဦးတရုတ်လေးက ဆက်လက်ပြောဆိုသည်။

ပြောင်းလဲမည့် A class ၏ခရီးစဉ်အလိုက် ယာဉ်စီးခနှုန်းမှာ အနောက်ပိုင်းတက္ကသိုလ်မှ တညင်းကုန်း ၁၀၀ ကျပ်၊ တညင်းကုန်းမှ သမိုင်းလမ်းဆုံ ၁၀၀ ကျပ်၊ သမိုင်းလမ်းဆုံမှ လှည်းတန်း ၁၀၀ ကျပ်လှည်းတန်းမှ မော်တင် ၁၀၀ ကျပ်၊ ဂိတ်စဂိတ်ဆုံး ကျပ် ၂၀၀ ဖြစ်သည်။

YBS ၂၁ ယာဉ်လိုင်း အဆင့် A classတွင် ယာဉ်စီးရေ ၃၁ စီး၊B class တွင် ယာဉ်စီးရေ ၄၀ စီး၊ C class တွင် ယာဉ်စီးရေ ၃၀ စီးဖြင့် ပြေးဆွဲရန် စီစဉ်ထားကြောင်း အဆိုပါ ယာဉ်လိုင်းထံမှ သိရသည်။

■ J-06

# အကြမ်းဖက်ခံရသည့် အမျိုးသမီးဂေဟာများဖွင့်ရန် စီစဉ်

**မန္တလေး၊ ဧပြီ ၁**

လူမှုဝန်ထမ်းဦးစီးဌာနသို့ ရောက်ရှိလာသည့် အကြမ်းဖက်ခံခဲ့ရသောအမျိုးသမီးများကို အချိန်အတိုင်းအတာတစ်ခုအထိ စောင့်ရှောက်ထားနိုင်မည့်ဂေဟာများ ဖွင့်လှစ်ပေးရန် စီစဉ်နေကြောင်း လူမှုဝန်ထမ်းဦးစီးဌာနထံမှ သိရသည်။

"အကြမ်းဖက်ခံရတဲ့အမျိုးသမီးတွေကို ကာကွယ်စောင့်ရှောက်တဲ့နေရာမှာ ထိရောက်တဲ့စောင့်ရှောက်မှုတွေ လုပ်ပေးဖို့ လိုအပ်ပါတယ်။ လိုအပ်တဲ့ စံ၊ လုပ်ငန်းလမ်းညွှန်တွေ ရှိထားပေမယ့် ယာယီနားခိုဖို့လိုအပ်နေတဲ့ အမျိုးသမီးတွေအတွက် နေရာတွေလည်း တည်ထောင်ဖို့ကလည်း အရေးတကြီးလိုအပ်ချက်တစ်ခုအနေနဲ့ ပါနေတယ်။ အဲဒါကြောင့် ဝန်ကြီးဌာနက ဆောင်ရွက်နိုင်တဲ့အတိုင်းအတာထဲကနေ အမျိုးသမီးတွေ ယာယီနားခိုဖို့နေရာတွေ (Safe House) ဖွင့်လှစ်ဖို့ စီစဉ်နေပါတယ်" ဟု လူမှုဝန်ထမ်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဖြိုးသုနန္ဒက ပြောကြားသည်။

ယင်းဂေဟာများကို ရန်ကုန်မြို့တွင် စတင်ဖွင့်လှစ်မည်ဖြစ်ပြီး ဒုတိယအနေနှင့် မန္တလေးမြို့တွင် ဖွင့်လှစ်သွားမည်ဖြစ်ကာ ယင်းမှတစ်ဆင့် လုပ်ငန်းလိုအပ်ချက်၊ အားနည်းချက် အားသာချက်များကို နမူနာယူကာ အခြားမြို့များတွင် ဆက်လက်ဖွင့်လှစ်မည်ဖြစ်ကြောင်း ၎င်းကပြောဆိုသည်။

ယင်းဂေဟာများကို အမျိုးသမီးများအတွက် လုံခြုံစိတ်ချရသည့်နေရာအဖြစ် ဖန်တီးပေးမည်ဖြစ်ပြီး စောင့်ရှောက်ခံအမျိုးသမီးများနှင့် အတူပါလာမည့် ကလေးငယ်များကိုလည်း လုံခြုံမှုပေးနိုင်မည့်အပြင် ပျော်ရွှင်စွာနေထိုင်နိုင်စေရန် စီစဉ်ထားကြောင်းလည်း ၎င်းက ရှင်းပြသည်။

ရန်ကုန်မြို့တွင် တည်ဆောက်နေသည့် ဂေဟာသည် ပြီးစီးလုနီးဖြစ်ကာ အမျိုးသမီးလေးဦးကို စောင့်ရှောက်ထားပြီးဖြစ်ကာ မန္တလေးမြို့တွင် တည်ဆောက်နေသော ဂေဟာသည် ရာခိုင်နှုန်းအများစုပြီးစီးနေပြီဖြစ်သော်လည်း လတ်တလောတွင်မူ အကူအညီတောင်းခံလာသည့် အမျိုးသမီးများကို စောင့်ရှောက်ထားနိုင်ခြင်းမရှိသေးကြောင်း လူမှုဝန်ထမ်းဦးစီးဌာနထံမှ ထပ်မံ သိရသည်။

အကြမ်းဖက်ခံရသော အမျိုးသမီးများ၊ ၎င်းတို့၏ကလေးငယ်များအနေနှင့် စောင့်ရှောက်ရေး ဂေဟာများတွင် သုံးလခန့်အထိ နေထိုင်နိုင်မည်ဖြစ်ကြောင်း၊ ၎င်းတို့၏ စားသောက်ရေးနှင့် ကျန်းမာရေးတို့ကိုလည်း ဂေဟာကတာဝန်ယူပေးမည် ဖြစ်ကြောင်းလည်း ဒေါ်ဖြိုးသုနန္ဒက ထပ်လောင်းပြောကြားသည်။

အိမ်တွင်းအကြမ်းဖက်ခံရခြင်း၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခံရခြင်း၊ အလုပ်ခွင်အကြမ်းဖက်ခံရခြင်း စသည်တို့ကြောင့် အကူအညီ တောင်းခံလာသည့် အမျိုးသမီးများကို စောင့်ရှောက်ပေးနိုင်ရန် လူမှုဝန်ထမ်းဦးစီးဌာနက စီစဉ်နေခြင်း ဖြစ်သည်။

■ M-04

# မြောက်ဦးသို့ နည်းပညာ အကူအညီပေးမည့် တရုတ်ပညာရှင်အဖွဲ့ တတိယအကြိမ်လာမည်

**ရန်ကုန်၊ ဧပြီ ၁**

၂၀၁၈ ခုနှစ်တွင် ယူနက်စကို တင်သွင်းမည့် မြောက်ဦးယဉ်ကျေးမှုဇုန်၏ စေတီပုထိုးများ စစ်တမ်းကောက်ယူမှုအတွက် နည်းပညာ အကူအညီပေးရန် တရုတ်ပညာရှင်အဖွဲ့ ဧပြီလနောက်ဆုံးပတ်တွင် တတိယအကြိမ်မြောက် လာရောက်မည်ဖြစ်ကြောင်း အဆိုပါယဉ်ကျေးမှုဇုန်ထံမှ သိရသည်။

ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဒေသအဖြစ် ကုလသမဂ္ဂ၊ ပညာရေး၊ သိပ္ပံနှင့်ယဉ်ကျေးမှုဆိုင်ရာအဖွဲ့သို့ မြောက်ဦးဇုန်၏ မှတ်တမ်းအချက်အလက်များကို ယခုနှစ်အတွင်း အပြီးသတ်တင်သွင်းရမည်ဖြစ်ခြင်းကြောင့် တရုတ်နိုင်ငံ အစိုးရဘတ်ဂျက်ဖြင့် တရုတ်ပညာရှင်များက နည်းပညာအကူအညီ လာရောက်ပေးခြင်းဖြစ်ကြောင်း ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးညိမ်းလွင်က ပြောကြားသည်။

ဇန်နဝါရီလတွင် စေတီပုထိုးပေါင်း ၅၀ ကျော်၏ သုံးဖက်မြင်ရုပ်ကြွဓာတ်ပုံများ ကွန်ပျူတာစနစ်ဖြင့် ရိုက်ကူးပေးခဲ့ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

"ယူနက်စကို တင်တဲ့နေရာမှာ ဇုန်ကို ဟက်တာအတိအကျနဲ့ တွက်ရတယ်။ ဒီအလုပ်က ကမ္ဘာ့အမွေအနှစ်စာရင်း ဝင်ဖို့ မဝင်ဖို့ အရမ်းအရေးပါတယ်။ ပိုက်ဆံလည်း အများကြီးကုန်ကျတဲ့ အလုပ်ပါပဲ။ တရုတ်ပြည် မဟာတံတိုင်းကြီး ရှေးဟောင်းအမွေအနှစ် ထိန်းသိမ်းရေးအပိုင်းဆောင်ရွက်နေတဲ့ ပညာရှင်တွေပါ" ဟု ၎င်းကဆိုသည်။

ထို့အပြင် မြောက်ဦးရှေးဟောင်းဇုန်အတွင်းရှိ စေတီပုထိုးအဆူ ၁၀၀ ခန့်ကို ဝင်ရောက်လေ့လာရန် ဇုန်တွင်းပတ်လမ်းကြောင်းများ ဆောင်ရွက်ပေးထားပြီး ခန့်မှန်းတွက်ချက်မှုအရ ဇုန်အတွင်း ရှေးဟောင်းစေတီပုထိုးပေါင်း ၅၀၀ ကျော်ရှိနိုင်ကြောင်း၊ ဟက်တာဖြင့်ခန့်မှန်းရာတွင် စတုရန်းကီလိုမီတာ ၅၀ ဝန်းကျင်ကျယ်ဝန်းကြောင်း အဆိုပါယဉ်ကျေးမှုဇုန်ထံမှ သိရသည်။

"မြောက်ဦးဇုန်မှာ နယ်မြေဒေသအရလည်း သွားလာရေးခက်ခဲတယ်၊ ဧရိယာက ချောင်းနဲ့မြောင်းတွေ ပေါတော့ အလုပ်က တအားတွန်းပြီးတော့ ဆောင်ရွက်နေရတယ်။ နိုင်ငံတကာက ပူးပေါင်းကူညီလာတော့ မြန်မြန်ခရီးရောက်မှာပါ။ ဒီနှစ်ထဲ အချက်အလက်မှတ်တမ်းတွေ အပြီးသတ်တင်နိုင်ဖို့ ကြိုးစားနေတယ်" ဟု ယူနက်စကိုအဖွဲ့ (မြန်မာ) စီမံကိန်းညှိနှိုင်း ဆောင်ရွက်နေသော အကြီးတန်းအရာရှိတစ်ဦးက ဆိုသည်။

ယူနက်စကိုက ပျူမြို့ဟောင်းသုံးမြို့ဖြစ်သော သရေခေတ္တရာ၊ ဗိဿနိုး၊ ဟန်လင်း ရှေးဟောင်းယဉ်ကျေးမှုဇုန်များကို ကမ္ဘာ့အမွေအနှစ်စာရင်းဒေသအဖြစ် သတ်မှတ်ခဲ့ပြီးနောက် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနက ၂၀၁၇ ခုနှစ်တွင် ပုဂံရှေးဟောင်းယဉ်ကျေးမှုဇုန်၊ ၂၀၁၈ ခုနှစ်တွင် မြောက်ဦး ရှေးဟောင်းယဉ်ကျေးမှုဇုန်နှင့် ၂၀၁၉ ခုနှစ် ရွှေတိဂုံစေတီတော်တို့ကို ကုလသမဂ္ဂပညာရေး၊ သိပ္ပံနှင့်ယဉ်ကျေးမှုဆိုင်ရာအဖွဲ့အစည်း (ယူနက်စကို)သို့ ဝင်ရောက်ဆက်လက်ကြိုးပမ်းနေခြင်းဖြစ်သည်။

■ J - 17

မြန်မာပြည်မှာ ဆန်းရှိုင်း
သားရေစစ်စစ် ပစ္စည်းအမျိုးမျိုးအရောင်းဆိုင်များ(ပင်ရင်း)
၁.၄.၂၀၁၇ မှ ၇.၄.၂၀၁၇ ထိအထူးလျှော့ဈေး
သားရေရှုးကင်း (၁)ထည်ဝယ်သူတိုင်း (၁)ထည်လက်ဆောင်
ကျန်တဲ့ပစ္စည်းကိုလည်း (၁)ခုဝယ် (၁)ခုလက်ဆောင်
အခုလှူပေးတာမဟုတ်ပါ အမှန်အကန်အထူးလျှော့ဈေး
ဖြစ်ပါသည်။ ခါလီဖြစ်အောင်ရောင်းမည်။
၁။ အမှတ်(၁၄/A)၊ ၁၈ × ၁၉လမ်းကြား၊ ၈၃လမ်း၊ မန္တလေးမြို့ ☎ ၀၂-၇၂၂၈၀
၂။ ၁၉လမ်း၊ ဈေးချိုဆောင်၊ မန္တလေးမြို့ ☎ ၀၂-၇၃၀၀၆
၃။ ... ☎ ၀၂-၂၂၆၃၁၊ ၀၂-၇၅၁၃၄
၄။ အမှတ်(၁၃၃)၊ ... မန္တလေးမြို့ ☎ ၀၂-၂၂၁၈၅၊ ၀၂-၂၂၂၈၄
၅။ ... ☎ ၀၈၅-၂၂၉၂၇ ၀၉-၅၁၁၄၈၁၁
၆။ ရန်ကုန်မြို့ ... ၀၉-၇၁၀၆၁၄၂၂၊ ၀၉-၂၅၀၁၂၈၀၆
မှတ်ချက်။ ။ ... ဈေးလျှော့ရောင်းတာပါ။

## NEWS IN BRIEF

### ဂျာမနီနှင့်ပူးပေါင်း၍ SME များအတွက် နည်းပညာနှင့်ဈေးကွက် မြှင့်မည်

**ရန်ကုန်၊ ဧပြီ ၁**

စက်မှုဝန်ကြီးဌာန၊ အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဌာန၊ နည်းပညာနှင့် ဈေးကွက်မြှင့်တင်ရေးဌာနသည် ဂျာမနီနိုင်ငံ CEFE International နှင့် GIZ (ထိုင်းနိုင်ငံရုံးခွဲ) တို့နှင့်ပူးပေါင်းကာ မြန်မာနိုင်ငံ၏ အသေးစား အလတ်စားလုပ်ငန်းရှင်များအတွက် နည်းပညာနှင့် ဈေးကွက် ယှဉ်ပြိုင်နိုင်စွမ်း မြင့်မားလာစေရန် ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း အသေးစား အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဌာနထံမှ သိရသည်။

ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်းအပြင် အကြံဉာဏ်ကောင်းများ ဖော်ထုတ်အသုံးပြုနိုင်ရန်နှင့် IP Protection အကြောင်းသိရှိစေရန် မတ်လ ၃၀ ရက်နေ့က ယင်းအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ Centre of Exellence and SMEs Incubation Centre တွင် ဆွေးနွေးပွဲပြုလုပ်ခဲ့ပြီး မူပိုင်ခွင့်ဆိုင်ရာများ မေးမြန်းဆွေးနွေးခဲ့ကြကြောင်း ယင်းဌာနမှ ဌာနခွဲမှူး ဒေါ်အိအိခိုင်က ပြောကြားသည်။ **J-11**

### တယ်လီနောက Wowbox App မိတ်ဆက်

**ရန်ကုန်၊ ဧပြီ ၁**

တယ်လီနောမြန်မာက ပြည်တွင်းသတင်းအချက်အလက်များ၊ ပြိုင်ပွဲအစီအစဉ်များအပါအဝင် အနုပညာနှင့် အလှအပရေးရာများအပြင် တယ်လီနော၏ သတင်းအချက်အလက်များကို အခမဲ့ကြည့်ရှုနိုင်မည့် Wowbox App ကို မိတ်ဆက်လိုက်သည်။

Wowbox App တွင် သီးသန့်ရေးထားသည့် အထူးဆောင်းပါးသစ် တစ်နေ့လျှင် အနည်းဆုံး ၁၀ ပုဒ်အထိ ဖတ်ရှုနိုင်မည်ဖြစ်ပြီး တယ်လီနော၏ အင်တာနက်ဒေတာဝန်ဆောင်မှုများကိုလည်း အလွယ်တကူဝယ်ယူနိုင်မည်ဖြစ်ကြောင်း တယ်လီနောထံမှ သိရသည်။ J-05

# ပြည်တွင်းငြိမ်းချမ်းရေးရရှိရန် ကုန်သည်စက်မှုအသင်းချုပ် ကူညီမည်

**ရန်ကုန်၊ ဧပြီ ၁**

နှစ်ပေါင်း ၇၀ နီးပါး ကြာမြင့်နေပြီဖြစ်သော ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများငြိမ်သက်၍ ပြည်တွင်းငြိမ်းချမ်းရေးရရှိရန်အတွက် မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် အသိုင်းအဝိုင်းက အကူအညီပေးမည်ဖြစ်ကြောင်း ယင်းအသင်းချုပ်က ထုတ်ပြန်သည်။

ပြည်တွင်းငြိမ်းချမ်းရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတို့မှာ နက်ရှိုင်းစွာဆက်နွှယ်နေသည့်အတွက် မြန်မာပြည်သူလူထု၏ လူမှုစီးပွားရေးဘဝ တည်ငြိမ်အေးချမ်းရေးအတွက် ကုန်သည်စက်မှုအသင်းချုပ်ဦးဆောင်သည့် ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းရှင်များက United Nations Global Compact Network Myanmar နှင့် ပူးပေါင်း၍ လုပ်ဆောင်မည်ဖြစ်ကြောင်း ယင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

"နိုင်ငံတစ်နိုင်ငံရဲ့စီးပွားရေးဖွံ့ဖြိုးမှုအတွက် ငြိမ်းချမ်းရေးက အဓိကကျသလို စီးပွားရေး ပတ်ဝန်းကျင်ကောင်းတစ်ခုဟာလည်း ရေရှည်တည်တံ့ခိုင်မြဲပြီးစစ်မှန်တဲ့ ငြိမ်းချမ်းရေးအတွက် အဓိကကျပါတယ်" ဟု ကုန်သည်စက်မှုအသင်းချုပ်ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းက ပြောဆိုသည်။

ပြည်တွင်းငြိမ်းချမ်းရေးကိုအထောက်အကူပြုနိုင်ရန်အတွက် အဓိကအနေနှင့် မဏ္ဍိုင်လေးရပ်ကို လိုက်နာဆောင်ရွက်သွားရန် စီးပွားရေးလုပ်ငန်းများကိုအားပေးတိုက်တွန်းမည်ဖြစ်ကြောင်း United Nations Global Compact Network Myanmar ဥက္ကဋ္ဌ ဒေါက်တာအောင်ထွန်းသက်က ပြောကြားသည်။

"ငြိမ်းချမ်းရေးဖော်ဆောင်တဲ့အခါမှာ အပစ်အခတ်ရပ်စဲတာ တစ်ခုတည်းနဲ့တင် မလုံလောက်ပါဘူး။ အလုပ်အကိုင်တွေ မရှိရင်၊ စားဝတ်နေရေး ခက်ခဲကြရင်၊ ဝမ်းရေးငြိမ်းချမ်းမှု၊ ကိုယ်စိတ်နှလုံးငြိမ်းချမ်းမှုတွေမရှိရင် ကျွန်မတို့နိုင်ငံ၊ ကျွန်မတို့ လူ့အဖွဲ့အစည်းမှာ ငြိမ်းချမ်းမှုဆိုတာ မရှိနိုင်ပါဘူး" ဟု ကုန်သည်စက်မှုအသင်းချုပ် တွဲဖက်အထွေထွေအတွင်းရေးမှူး ဒေါ်ခိုင်ခိုင်နွယ်က ပြောဆိုသည်။

ငြိမ်းချမ်းရေးကို အထောက်အကူပြုနိုင်မည့် နည်းလမ်းများကို ရှာဖွေနိုင်ရန်အတွက် 'Business for Peace ငြိမ်းချမ်းရေးအတွက် စီးပွားရေးလုပ်ငန်းများ' ခေါင်းစဉ်ဖြင့် ဧပြီလ ၄ ရက်နေ့ နံနက် ၉ နာရီမှ ၁၂ နာရီအထိ ရန်ကုန်မြို့ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်၊ မင်္ဂလာခန်းမတွင် လက်ရှိငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်းအပါအဝင် ပါမောက္ခဒေါက်တာအောင်ထွန်းသက်နှင့် UMFCCI ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းတို့က ဟောပြောဆွေးနွေးမည်ဖြစ်သည်။

ငြိမ်းချမ်းရေးအတွက် လုပ်ငန်းရှင်များ ပူးပေါင်းပါဝင်ဆောင်ရွက်သွားရန် ကတိကဝတ်ပြုသည့် စာချုပ်လွှာ တစ်ရပ်ကိုလည်း United Nations Global Compact Network Myanmar နှင့် ကုန်သည်စက်မှုအသင်းချုပ်တို့ ရေးထိုးမည်ဖြစ်ကြောင်း ယင်းအသင်းချုပ်ထံမှ သိရသည်။

အမျိုးသားရင်ကြားစေ့ရေးနှင့် ငြိမ်းချမ်းရေးစင်တာအတွက် လုပ်ငန်းရှင်များနှင့် ပြည်သူလူထုထံမှ အလှူငွေ ကျပ် ၁၄ ဘီလီယံရရှိပြီးဖြစ်ကြောင်း နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က အစိုးရသက်တမ်းတစ်နှစ်ပြည့် မိန့်ခွန်းတွင် ထည့်သွင်းပြောကြားထားသည်။ **S-04**

# လယ်ယာထွက်ပစ္စည်းတင်ပို့မှု ယခင်နှစ်ထက် ဒေါ်လာသန်း ၃၀၀ နီးပါးပိုမို

**ရန်ကုန်၊ ဧပြီ ၁**



ဓာတ်ပုံ - အောင်နိုင်

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း လယ်ယာထွက်ပစ္စည်းတင်ပို့မှုပမာဏမှာ ယခင်ဘဏ္ဍာနှစ်ထက် အမေရိကန်ဒေါ်လာသန်း ၃၀၀ နီးပါး ပိုမိုရရှိခဲ့ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ စာရင်းများအရ သိရသည်။

၂၀၁၆ ခုနှစ်အစပိုင်းတွင် ဆန်တင်ပို့မှုနှင့်ပတ်သက်၍ အဖမ်းအဆီးများခဲ့သော်လည်း နောက်ပိုင်းတွင် အခြေအနေများ ပြန်လည်တည်ငြိမ်သောကြောင့် အဓိက လယ်ယာထွက်ကုန်ဖြစ်သည့် ဆန်ကို တရုတ်ပြည်သို့ တန်ချိန်များများ တင်ပို့နိုင်ခဲ့ကြောင်း၊ သစ်သီးဝလံများလည်း တင်ပို့မှုများသောကြောင့် လယ်ယာထွက်ကုန်တင်ပို့မှု များလာခြင်းဖြစ်ကြောင်း ဆန်ကုန်သည် ဦးသိန်းနိုင်က ပြောကြားသည်။

"ပြောင်းဆန်တို့၊ နှမ်းတို့လည်း ဒီနှစ်မှာ အဝယ်များတယ်။ လယ်ယာထွက်ကုန်ပစ္စည်းက တင်ပို့မှုများတယ်လို့ ပြောကြတာ။ တောင်သူတွေက ဈေးကောင်းမရကြဘူး။ ယွမ်ဈေး အတက်အကျကြောင့် ဒီနှစ်ဈေးမရဘူး" ဟု ၎င်းက ဆိုသည်။

မူဆယ်နယ်စပ်မှ တရုတ်နိုင်ငံဘက်သို့ လယ်ယာထွက်ကုန်ပစ္စည်းနှင့် ရေထွက်ကုန်ပစ္စည်းများကို အများဆုံးတင်ပို့ကြောင်း၊ ယခုနှစ်တွင် လယ်ယာထွက်ကုန်က ပိုမိုတင်ပို့နိုင်သည်ဟု ဆိုသော်လည်း တရုတ်နှင့် ကုန်သွယ်သည့် နယ်စပ်စခန်းများမှာ ကုန်သွယ်မှုလျော့ကျနေကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနထံမှ သိရသည်။

ယခုဘဏ္ဍာနှစ်အတွင်း ပြည်တွင်းမှ ဆန်တန်ချိန် ၁ ဒသမ ၅သန်း တင်ပို့နိုင်ခဲ့ကြောင်း ယင်းဝန်ကြီးဌာနထံမှ သိရသည်။ **J-13**

# ငါးသယံဇာတ ပြန်များစေမည့် စီမံကိန်း ဆောင်ရွက်မည်

**ရန်ကုန်၊ ဧပြီ ၁**

ရခိုင်ပြည်နယ် မာန်အောင်ကျွန်း၊ ဧရာဝတီတိုင်းဒေသကြီး ငရုတ်ကောင်းကျွန်း၊ တနင်္သာရီတိုင်းဒေသကြီး သပေါ့ဆိပ်နှင့် မွန်ပြည်နယ်တို့တွင် ငါးသယံဇာတများ ပြန်လည်ပေါများလာစေမည့် စီမံကိန်း ဆောင်ရွက်မည်ဖြစ်ကြောင်း သားငှက်ထိန်းသိမ်းရေးအဖွဲ့ထံမှ သိရသည်။

ယင်းစီမံကိန်းကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနနှင့် ဒေသခံတာဝန်ရှိသူများ၊ ရေလုပ်သားများနှင့် သားငှက်ထိန်းသိမ်းရေအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်မည်ဖြစ်ပြီး ရေသယံဇာတစီမံခန့်ခွဲမှုနှင့် ရေထွက်ကုန်ပစ္စည်းများ နိုင်ငံတကာဈေးကွက်ဝင်နိုင်ရေးတို့အတွက် အဓိကထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လက်ရှိတွင် လေ့လာစမ်းသပ်မှုများ ပြုလုပ်လျက်ရှိပြီး ယခုနှစ်အတွင်း အကောင်အထည်ဖော်မည်ဖြစ်ကြောင်း သားငှက်ထိန်းသိမ်းရေးအဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ ဦးသက်ဆွေအေးက ပြောကြားသည်။

အဆိုပါစီမံကိန်းကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆက်လက်ဆောင်ရွက်မည်ဖြစ်ပြီး ယခုနှစ်အတွင်းဆောင်ရွက်မည့် တိုင်းဒေသကြီးနှင့် ပြည်နယ်လေးခုရှိ ကမ်းရိုးတန်းဒေသများသည် လင်းရှူးများ၊ ပင်လယ်လိပ်မျိုးစိတ်များ အဓိကကျက်စားသည့်ဒေသများဖြစ်ကာ တရားမဝင် ငါးဖမ်းဆီးခြင်းကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်လျက်ရှိကြောင်း၊ ယင်းပျက်စီးမှုများကို ပြန်လည်ထိန်းသိမ်းနိုင်ရန်အတွက် ယခုစီမံကိန်းကို ဆောင်ရွက်ခြင်းဖြစ်ကြောင်း သားငှက်ထိန်းသိမ်းရေးအဖွဲ့ထံမှ သိရသည်။ **J-11**

# တောဆင်ရိုင်းသတ်သည့်ဂိုဏ်းမှ လွတ်မြောက်သူများကို အပူတပြင်းရှာဖွေ

**ပုသိမ်၊ ဧပြီ ၁**

ပုသိမ်ခရိုင် ငပုတောမြို့နယ် မဲခရဲ သစ်တောကြိုးဝိုင်းအတွင်း မတ်လ ၂၈ ရက်နေ့က တောဆင်ရိုင်းတစ်ကောင်ကို သတ်ခဲ့သည့်ဆင်သတ်ဂိုဏ်းမှ လွတ်မြောက်နေသူ ငါးဦးကို အပူတပြင်းစုံစမ်းရှာဖွေလျက်ရှိကြောင်း ဧရာဝတီတိုင်းရဲတပ်ဖွဲ့မှူးရုံးထံမှ သိရသည်။

တောဆင်ရိုင်းတစ်ကောင်ကို သတ်ကာ အသားများကို ခုတ်ထစ်သယ်ပိုးနေသည့် လူရှစ်ဦးပါဝင်သည့် ဆင်ခိုးဂိုဏ်းကို ရဲတပ်ဖွဲ့က ဖမ်းဆီးစဉ် ငါးဦးထွက်ပြေးလွတ်မြောက်သွားခြင်းကြောင့် ရဲတပ်ဖွဲ့က အပူတပြင်း စုံစမ်းရှာဖွေနေခြင်း ဖြစ်သည်။

မဲခရဲသစ်တော ကြိုးဝိုင်းအတွင်း တောဆင်ရိုင်းသတ်သည့်သူများ ရောက်ရှိနေကြောင်း သတင်းရရှိသဖြင့် ငပုတောမြို့နယ် သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးတင်စိုးနှင့် ယင်းမြို့နယ် ကျုံကူး နယ်မြေစခန်းမှူး ရဲအုပ်မောင်မောင်သန်းတို့ ဦးဆောင်သော အဖွဲ့ဝင် ၁၅ ဦးပါဝင်သည့် ပူးပေါင်းအဖွဲ့ကွင်းဆင်းစစ်ဆေးခဲ့ကြကြောင်း၊ ၁၂ မိုင်ကျေးရွာအရောက် ဒေသအခေါ် (ပဒပ်စာကုန်း) တောင်ကြောတွင် တောဆင်ရိုင်းတစ်ကောင်အား အသားဖျက်နေသည့် လူတစ်စုကို ဝင်ရောက် ဖမ်းဆီးစဉ် ထွက်ပြေးသွားခဲ့ခြင်းဖြစ်ကြောင်း ရဲအရာရှိတစ်ဦးက ပြောဆိုသည်။

၎င်းတို့ကို လိုက်လံဖမ်းဆီးရာ မဲခရဲ သစ်တောကြိုးဝိုင်း အကွက်အမှတ်(၂၉၄) တွင် ငပုတောမြို့နယ် ညောင်ဝိုင်းကျေးရွာအုပ်စု ပျဉ်းမချောင်းကျေးရွာတွင် နေထိုင်သည့် ကျပန်းလုပ်သားများဖြစ်သော ဇော်သိန်းလေး(ခ)ပြူးကျယ် ၃၁ နှစ်၊ မောင်မောင် ၃၇ နှစ်နှင့် ၁၅ နှစ်အရွယ် ယောကျ်ားလေးတစ်ဦးတို့ကို ဖမ်းဆီးရမိကြောင်း၊ ဖမ်းဆီးရမိသူများ၏ ထွက်ဆိုချက်အရ ယင်း ၁၅ နှစ် ယောကျ်ားလေး၏ဖခင် နိုအိ ၃၇ နှစ်နှင့် အမည်မသိ ချင်းလူမျိုးလေးဦး လွတ်မြောက်သွားခြင်းဖြစ်ကြောင်း ၎င်းက ရှင်းပြသည်။

"လွတ်မြောက်နေရင် ဆင်သတ်မှုတွေ ဖြစ်နေဦးမှာပဲ။ အမြန်မိဖို့လိုတယ်။ ဒေသခံတွေက တောဆင်ရိုင်းကိုမသတ်ကြဘူး"ဟု လှုပသောမြေသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့ဝင် ဦးမြင့်အောင်က ပြောကြားသည်။

အသတ်ခံသည့် တောဆင်ရိုင်းမှာ အလျား ၈ ပေ အမြင့် ၇ ပေ ရှိသည့် အသက် ၃၀ နှစ်အရွယ် ဟိုင်းဆင်အမဖြစ်ပြီး ဆင်သတ်သူ သုံးဦးနှင့်အတူ ဆင်သား ၅၁ ပိဿာခန့်၊ သုံးပိဿာခန့်ရှိ ဆင်နားရွက်နှစ်ခု၊ ၂၀ ပိဿာခန့်ရှိ ဆင်နှာမောင်းတစ်ခု၊ ဆင်သတ်သူများအသုံးပြုသည့်လက်နှိပ်ဓာတ်မီး၊ ယမ်းမှုန့်ဘူး၊ သံဘောစ၊ လွယ်အိတ်နှင့် လက်ကိုင် ဖုန်းနှစ်လုံးတို့ကို သိမ်းဆည်းရမိကြောင်း ဧရာဝတီတိုင်း ရဲတပ်ဖွဲ့ထံတင်ပြသည့် ငပုတောမြို့နယ် ရဲစခန်း၏ကြေးနန်းတွင်ဖော်ပြထားသည်။

တောဆင်ရိုင်းသတ်ဖြတ်သူ ရှစ်ဦးကို အရေးယူပေးရန် တောအုပ် ဦးတင်နိုင်က တိုင်ကြားထားသောကြောင့် ငပုတောမြို့နယ် ကျုံကူးနယ်မြေ ရဲစခန်းက (ပ) ၈/၂၀၁၇ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေး ဥပဒေ ပုဒ်မ ၃၇ (က)ဖြင့် မတ် ၂၉ ရက်နေ့က အမှုဖွင့်ထားပြီး လွတ်မြောက်နေသည့် ငါးဦးကို ဖမ်းဆီးရမိရေး စုံစမ်းနေဆဲဖြစ်ကြောင်း အဆိုပါ ရဲစခန်းထံမှ သိရသည်။

■ **R12**

# လျှင်ဒဏ်သင့်ဘုရားများ မြေကြောဖြတ်ရန် စီစဉ်

**မန္တလေး ဧပြီ ၁**

ငလျင်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ပုဂံဘုရားများ ထပ်မံမထိခိုက်စေရေးအတွက် မြေကြောဖြတ်ရန်စီစဉ်နေကြောင်း ရှေးဟောင်း သုတေသနနှင့်အမျိုးသား ပြတိုက်ဦးစီးဌာန (ပုဂံဌာနခွဲ) ထံမှ သိရသည်။

၂၀၁၆ ခုနှစ် ဩဂုတ်လ ၂၄ ရက်နေ့က ချောက်မြို့၏ အနောက်တောင်ဘက် ၁၂ မိုင်အကွာကိုဗဟိုပြု၍ အင်အားရစ်ခ်ျတာစကေး ၆ ဒသမ ၈ အဆင့်ရှိ အင်အားပြင်းထန်သည့် ငလျင်လှုပ်ခတ်ခဲ့သဖြင့် ပုဂံယဉ်ကျေးမှုဒေသရှိ ဘုရားစေတီ ၃၈၉ ဆူခန့် ထိခိုက်ပျက်စီးခဲ့သည်။

ငလျင်လှုပ်ပြီးနောက်ပိုင်း ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း ယာဉ်အသွားအလာများကြောင့် မြေတုန်ခါမှုမရှိစေရန် လောကထိပ်ပန်ဘုရားအနီးတွင် မြေကြောဖြတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ထားပြီးဖြစ်ကြောင်း၊ အခြားနေရာများတွင်လည်း ဆောင်ရွက်နိုင်ရန် ရည်ရွယ်ထားပြီး ငလျင်ကြောင့် ထိခိုက်ပျက်စီးမှုများနှင့် ကြုံတွေ့ခဲ့ရသည့် ဘုရား ၃၈၉ ဆူစလုံးကို လေ့လာစောင့်ကြည့်လျက်ရှိကြောင်း ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန (ပုဂံဌာနခွဲ) ဒုတိယညွှန်ကြားရေးမှူး ဦးစိုးစိုးလင်းက ပြောကြားသည်။

"တုန်ခါမှုတွေကြောင့် ဘုရားတွေကို မထိခိုက်စေဖို့ ဘုရားပတ်လည်မှာ မြောင်းတွေတူး မြေကို ဖယ်ထုတ်လိုက်တယ်။ အဲဒီနေရာမှာ ကျောက်ခဲအကြီးတွေ ချမယ်။ သဲဖို့မယ်။ ဒါက မြေကြောဖြတ်ခြင်းရဲ့ သဘောသဘာဝပေါ့။ ဇုန်တစ်ခုလုံးကို မြေကြောဖြတ်ပေးနိုင်ရင်တော့ အကောင်းဆုံးပါပဲ။ ဒီလိုလုပ်နိုင်ရင် သိပ်ကောင်းတယ်။ ဘယ်တုန်းကမှ မလုပ်ခဲ့ဖူးဘူး" ဟု ပုဂံဘုရားများ ပြုပြင်ထိန်းသိမ်းရာတွင် နည်းပညာပိုင်ဆိုင်ရာများ ကူညီပံ့ပိုးပေးနေသည့် Technical Support Team- Bagan အဖွဲ့ခေါင်းဆောင် ဦးဇေမျိုးလင်းက ပြောကြားသည်။

မော်တော်ယာဉ်ကြီးများကြောင့် ရှေးဟောင်းအမွေအနှစ်များ မပျက်စီးစေရန် သရပါတံခါးနှင့် စူဠာမဏိပုထိုးတော်ကြီးအနီး ပေတစ်ရာပတ်လည်အတွင်း မော်တော်ယာဉ်သွားလာခွင့်ကို ၂၀၁၆ ခုနှစ် စက်တင်ဘာလကလည်းကောင်း၊ ပုထိုးသားများဘုရားနှင့် နတ်လှောင်ကျောင်းအနီး မော်တော်ယာဉ်သွားလာခွင့်ကို ယင်းနှစ် အောက်တိုဘာလအတွင်းကလည်းကောင်း၊ သဗ္ဗညုဘုရားအနီးမှ မော်တော်ယာဉ်သွားလာခြင်းကို ဒီဇင်ဘာဒုတိယပတ်အတွင်းကလည်းကောင်း ညောင်ဦးခရိုင် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနက ကန့်သတ်ထားခဲ့သည်။

■ **M 05**

# ခုတင်နှစ်ထောင်တိုးချဲ့ဆေးရုံအတွက် ဝန်ထမ်း ၁၀၀၀ ခန့် တောင်းခံ

**ရန်ကုန်၊ ဧပြီ ၁**

ရန်ကုန်ဆေးရုံကြီးကို ခုတင် နှစ်ထောင်ဆံ့ဆေးရုံအဖြစ် တိုးချဲ့ပြီးနောက် ဖွဲ့စည်းပုံထက် အကူလုပ်သားနှင့် အောက်ခြေဝန်ထမ်းဦးရေ ၆၀၀ခန့် ပိုမိုလိုအပ်နေခြင်းကြောင့် ကုသရေးဦးစီးဌာနမှတစ်ဆင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးထံ မတ်လက တင်ပြတောင်းခံထားကြောင်း ဆေးရုံကြီးအုပ်ချုပ်ရေးအဖွဲ့ထံမှ သိရသည်။

ဆေးရုံကြီးကို အများပြည်သူ ဆေးဝါးကုသရေးအတွက် ရည်ရွယ်ကာ ၂၀၁၆ ခုနှစ်အတွင်း ခုတင် ၁၅၀၀ ဆံ့မှ ကုတင် ၂၀၀၀ ဆံ့အဖြစ် တိုးချဲ့ထားရှိခဲ့သော်လည်း ကျန်းမာရေးနှင့်အားကစား ဝန်ကြီးဌာန၏ ဖွဲ့စည်းပုံအရအောက်ခြေဝန်ထမ်းဦးရေ ၄၀၀ ခန့်သာ ခန့်အပ်ခွင့်ရှိခြင်းကြောင့် ဖွဲ့စည်းပုံကို ပြန်လည်ပြင်ဆင်ကာ ကုသရေးဦးစီးဌာနမှတစ်ဆင့် ဝန်ထမ်းဦးရေ ၁၀၀၀ ကိုတင်ပြတောင်းခံခဲ့ကြောင်း ရန်ကုန်ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာ အေးကိုကိုက ပြောကြားသည်။

"အောက်ခြေဝန်ထမ်းမျိုးစုံ တစ်ထောင်လောက်အထိ လိုအပ်နေတယ်။ လောလောဆယ် တင်ပြတဲ့အဆင့်ပဲ ရှိပါသေးတယ်" ဟု ၎င်းက ဆိုသည်။

ထို့အပြင် ရန်ကုန်ဆေးရုံကြီး၏ အုပ်ချုပ်မှုအောက်ရှိ ရောဂါကုသဆောင်ကြီး လေးခုတွင် ဌာနအလိုက် ရောဂါကုသဆောင်ငယ်များဖြစ်သည့် ဦးနှောက်နှင့် အာရုံကြောဌာန၊ အရေပြားဌာန၊ သွားနှင့်ခံတွင်းဌာန၊ ကင်ဆာရောဂါကုဌာ၊ နှလုံးခွဲစိတ်ဌာနဆောင်အပါအဝင် ရောဂါကုသဆောင်ပေါင်း ၃၀ ကျော်ရှိကြောင်း ယင်းဆေးရုံကြီး အုပ်ချုပ်ရေးအဖွဲ့ထံမှ သိရသည်။

ရန်ကုန်ဆေးရုံကြီးတွင် ၂၀၁၆ ခုနှစ်ခန့်က Brave Service Security အမည်ရှိ ပုဂ္ဂလိကလုံခြုံရေးကုမ္ပဏီမှ လုံခြုံရေး ၅၅ ဦးခန့်ကို တစ်လလျှင် ကျပ်သိန်း ၈၀ ကျော်ဖြင့် တစ်နှစ်ခန့် ငှားရမ်းအသုံးပြုခဲ့ဖူးပြီး ၂၀၁၇ ခုနှစ်ဆန်းတွင် စာချုပ်သက်တမ်း ပြည့်ခဲ့ခြင်းကြောင့် ဆက်လက်ငှားရမ်းအသုံးမပြုတော့ကြောင်း ယင်းဆေးရုံကြီးမှ သိရသည်။

ရန်ကုန်ဆေးရုံကြီး ပြင်ပလူနာဌာန (အထူးကု)ထံ ပုံမှန်လာရောက်ပြသသူ လူနာဦးရေ ၅၀၀ ခန့်ရှိပြီး အရေးပေါ်ကုသဌာနထံ နေ့စဉ်တက်ရောက်ကုသသည့် လူနာဦးရေ ၃၀၀ နှင့် ၅၀၀ ကြား ရှိကြောင်း ယင်းဆေးရုံကြီး၏ စာရင်းအချက်အလက်များအရ သိရှိရသည်။

■ **J - 17**

# NEWS PHOTO



ဓာတ်ပုံ - FM

တောင်ကြီးမြို့ အေးသာယာမြို့သစ်ရှိ Taunggyi Business Centerတွင် မတ်လ ၃၁ ရက်နေ့မှ ဧပြီလ ၂ ရက်နေ့အထိ ကျင်းပလျက်ရှိသော Ford Myanmar ၏ Brand New Cars Roadshow အမည်ရှိ ကားအရောင်းပြပွဲ

# လိင်ဖော်ဖြေရေးအရုပ်နှင့် ကာမ ဆက်စပ်ဆေးများ ဖမ်းမိ

**မြိတ်၊ ဧပြီ ၁**

လိင်ဖော်ဖြေရေးအရုပ်နှင့် တားမြစ်ကာမ ဆက်စပ်ဆေးများ ရောင်းချသည့် မြိတ်မြို့မှ ကွမ်းယာဆိုင်ပိုင်ရှင်ကို မတ်လ ၃၀ ရက်က ဖမ်းဆီး အရေးယူလိုက်သည်။

မြို့ပေါ်ရှိ ကွမ်းယာဆိုင်များတွင် တားမြစ်ဆေးဝါးများ ရောင်းချနေကြောင်း သိရှိသဖြင့် မတ်လ ၃၀ ရက်က သက်ဆိုင်ရာရပ်ကွက် အုပ်ချုပ်ရေးမှူးများ၊ ကျန်းမာရေးဌာန၊ ခရိုင်အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနနှင့် မူးယစ်အထူးအဖွဲ့တို့မှ လိုက်လံစစ်ဆေးစဉ် ယင်းသို့ သိမ်းဆည်းရမိခဲ့ခြင်းဖြစ်ကြောင်း မြိတ်မြို့နယ် ရဲစခန်းမှ သိရသည်။

ထားဝယ်စုရပ်ကွက် ဂုဏ်ရုံလမ်းရှိ ကွမ်းယာဆိုင်မှ ကာမဆက်စပ် ဆေးပြား၊ ဆေးဘူး၊ ဆေးဘူးခွံ စသည့် အမျိုးအစား ၁၂ မျိုးနှင့် လိင်ဖော်ဖြေရေးအမျိုးသမီးရုပ်တို့ကို သိမ်းဆည်းရမိခဲ့ကြောင်း ရဲစခန်းမှ သိရသည်။

သိမ်းဆည်းရမိသည့် လိင်ဖော်ဖြေရေး အမျိုးသမီးအရုပ်မှာ လေထိုးအသုံးပြုရသည့်အမျိုးအစား ဖြစ်သည်။

ယင်းကွမ်းယာဆိုင်တွင် ယခင်ကလည်း တားမြစ်ဆေးဝါးများ ရောင်းချမှုဖြင့် ဖမ်းဆီးအရေးယူဆောင်ရွက်ခဲ့ဖူးကြောင်း ရဲစခန်း ရဲတပ်ဖွဲ့က ဆိုသည်။

ယင်းကဲ့သို့ တားမြစ်ဆေးဝါးများ ရောင်းချနေသည့် ကွမ်းယာဆိုင်ရှင် ဦးဇော်ဝမ်းဆိုသူအား (ပ)၇၀၄။၂၀၁၇ အမျိုးသားဆေးဝါး ဥပဒေ ပုဒ်မ ၁၈။၁၉ အရ အမှုဖွင့်အရေးယူထားကြောင်း မြိတ်ရဲစခန်းမှ သိရသည်။

■ **Dawei Watch**

# မဲဆန္ဒနယ်အများစုမှာ မဲပေးသူ နည်းခဲ့တဲ့ ကြားဖြတ်ရွေးကောက်ပွဲ

**ရန်ကုန်၊ ဧပြီ ၁**


ဓာတ်ပုံ - မြင့်မိုးညို

ဧပြီလ ၁ ရက်နေ့တွင် စတင်ကျင်းပသည့် ကြားဖြတ်ရွေးကောက်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်များတွင် စိတ်ဝင်စားမှု နည်းပါးခဲ့ပြီး ဆန္ဒမဲပေးသူ နည်းပါးခဲ့သည်။

ကြားဖြတ်ရွေးကောက်ပွဲကို စုစုပေါင်း မဲဆန္ဒနယ် ၁၉ခုတွင် ပြုလုပ်ခဲ့ပြီး နိုင်ငံရေးပါတီ ၂၄ ပါတီနှင့် တစ်သီးပုဂ္ဂလကိုယ်စားလှယ်ပေါင်း ၉၅ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။

ယခု ကြားဖြတ်ရွေးကောက်ပွဲသည် ၂၀၁၅ အထွေထွေ ရွေးကောက်ပွဲနှင့် နှိုင်းယှဉ်ပါက မဲပေးသူဦးရေ သိသိသာသာ နည်းပါးခဲ့ပြီး စိတ်ဝင်စားမှု အားနည်းခဲ့သည်ကို တွေ့ရသည်။

အထူးသဖြင့် ရန်ကုန်တိုင်းဒေသကြီးတွင် မဲဆန္ဒနယ် ငါးနေရာ ရှိသော်လည်း ဆန္ဒမဲပေးသူများ သိသိသာသာ နည်းပါးခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီးတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် နေရာများအဖြစ် လှိုင်သာယာ၊ ကော့မှူး၊ ဒဂုံဆိပ်ကမ်းနှင့် ဒဂုံအရှေ့နှင့် အမျိုးသား လွှတ်တော်ကိုယ်စားလှယ်မဲဆန္ဒနယ် အမှတ် (၆) စသည့်နေရာများတွင် ရွေးကောက်ပွဲ ပြုလုပ်ခဲ့သည်။

## ကော့မှူး

နိုင်ငံတော် အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် နှစ်ကြိမ်တိုင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် ကော့မှူးမြို့နယ် မဲဆန္ဒနယ်ကလည်း အများထင်ထားသလို မဖြစ်ခဲ့ဘဲ မဲပေးမည့်သူ နည်းပါးခဲ့သည်။

မဲဆန္ဒရှင်များက မဲစာရင်းကပ်သည့် အချိန်များတွင်လည်း စိတ်ဝင်စားမှု မရှိကြဘဲ ယခင် ၂၀၁၂၊ ၂၀၁၅ ရွေးကောက်ပွဲများနှင့် နှိုင်းယှဉ်ပါက လူထုစိတ်ဝင်စားမှု သိသိသာသာ ကွာခြားကြောင်း ကော့မှူးမြို့နယ်က မဲရုံကိုယ်စားလှယ်တစ်ဦးဖြစ်သည့် ဦးမောင်ဘိုက ပြောကြားသည်။

ကော့မှူးမြို့နယ်တွင် မဲပေးပိုင်ခွင့်ရှိသည့် မဲဆန္ဒရှင် အရေအတွက် ကိုးသောင်းလေးထောင်ကျော်အထိ ရှိသော်လည်း လာရောက်မဲပေးသူ ၅၀ ရာခိုင်နှုန်းကျော်သာရှိကြောင်း ရန်ကုန်တောင်ပိုင်းခရိုင် ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးမြတ်စိုးက ပြောဆိုသည်။

## လှိုင်သာယာ

ထို့ပြင် ရန်ကုန်တိုင်း၏ လူဦးရေ အထူထပ်ဆုံး မြို့နယ်တစ်ခုဖြစ်ပြီး ရွှေ့ပြောင်းအလုပ်သမားများ အများဆုံးနေထိုင်သည့် လှိုင်သာယာမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် မဲဆန္ဒနယ်တွင် မဲဆန္ဒရှင် အရေအတွက် များပြားခြင်းကြောင့် မဲပေးမှု များပြားမည်ဟု ခန့်မှန်းခဲ့ကြသည်။

အဆိုပါ ခန့်မှန်းချက်ကလည်း မှားယွင်းခဲ့ပြီး ဧပြီလ ၁ ရက်နေ့တွင် ကျင်းပနေသည့် ကြားဖြတ်ရွေးကောက်ပွဲကို လှိုင်သာယာမြို့နယ်ရှိ ပြည်သူများအနေနှင့် စိတ်ပါဝင်စားမှုနည်းပါးခဲ့ကြောင်း စောင့်ကြည့်လေ့လာသူများထံမှ သိရသည်။

အများစုမှာ စက်ရုံ အလုပ်သမားများ ဖြစ်သောကြောင့် မဲပေးရန် မအားလပ်ခြင်း၊ မဲပေးရန် စိတ်မဝင်စားခြင်းတို့ကြောင့် မဲပေးမှု ကျဆင်းခဲ့သည်ကို တွေ့ရသည်။

လှိုင်သာယာမြို့နယ် ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် နေရာတစ်နေရာအတွက် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်တွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ဦးရေ - ၃၇၈,၅၁၆၊ မဲရုံပေါင်း ၂၆၂ ရုံရှိပြီး ဒီမိုကရက်တစ်ပါတီ (မြန်မာ)၊ တစ်သီးပုဂ္ဂလ (၂) ပါတီ၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၊ ပြည်သူ့အကျိုးပြု ကျောင်းသားများ ဒီမိုကရေစီပါတီ၊ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်၊ အမျိုးသားဒီမိုကရေစီအင်အားစုပါတီနှင့် ရခိုင်အမျိုးသားပါတီတို့က ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။

ယခုနှစ်ကြားဖြတ်ရွေးကောက်ပွဲကို ကြိုတင်သိရှိပြီး မဲလာရောက်ပေးရာတွင် အဆင်ပြေမှုရှိသော်လည်း လှိုင်သာယာမြို့နယ်တွင်းရှိ စက်ရုံအလုပ်ရုံများမှ အလုပ်သမားများမှာ မဲလာရောက်မပေးနိုင်ကြောင်း လှိုင်သာယာ ၁ရပ်ကွက်မှ ဦးမြင့်အောင်က ပြောသည်။

"ရွေးကောက်ပွဲကတော့ ကောင်းပါတယ်။ တစ်ခုဆိုးတာက ဦးသမီးနှစ်ယောက်က အထည်ချုပ်မှာလုပ်တယ်။ သူတို့စက်ရုံက မပိတ်တော့ သူတို့မဲမပေးရဘူး" ဟု ၎င်းက ဆိုသည်။

အလားတူပင် လှိုင်သာယာမြို့နယ်တွင် မဲပေးနိုင်သူဦးရေ သုံးသိန်းကျော်ရှိသော်လည်း မဲလာရောက်ပေးသူ အလွန်နည်းပါးနေကြောင်း ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများနှင့် မဲရုံတာဝန်ခံများထံမှ သိရသည်။

"အခုက ကြားဖြတ်ရွေးကောက်ပွဲကို စိတ်ဝင်စားမှုနည်းတာလည်းပါတယ်။နောက်တစ်ခုက စက်ရုံ အလုပ်ရုံတွေက မပိတ်တော့ ကလေးတွေ၊ အလုပ်သမားတွေက မဲလာပေးလို့ မရဘူး" ဟု လှိုင်သာယာမြို့နယ် မဲဆန္ဒနယ်အမှတ် ၁၉ ရပ်ကွက် အ.မ.က ၃၇ မဲရုံတာဝန်ခံ ဦးမင်းနောင်က ပြောသည်။

လှိုင်သာယာမြို့နယ် မဲဆန္ဒနယ်အမှတ် ၁၉ ရပ်ကွက် အ.မ.က ၃၇ တွင် မဲပေးနိုင်သူ ငါးထောင်နီးပါး ရှိသည့်အနက် လာရောက်မဲပေးသူ တစ်ထောင်ဝန်းကျင်သာ ရှိခဲ့ကြောင်း အဆိုပါမဲရုံတွင် စောင့်ကြည့်လေ့လာသူကိုကျော်ကျော်လွင်ထံမှ သိရသည်။

"စိတ်ဝင်စားမှုနည်းတယ်လို့ပြောရမှာပေါ့။ မဲလာပေးဖို့ ကျွန်တော်တို့ ပြန်ကြားရေးကလည်း လှမ်းအော်ပြီးတော့ အသိပေးနေပါတယ်။ ဒါတောင် မလာဘူးဆိုတော့ စိတ်ဝင်စားမှုနည်းတယ်လို့ သုံးသပ်မိပါတယ်။ စက်ရုံတွေက မပိတ်တာလည်းပါတယ်။ မိသားစုတစ်စုမှာဆို သားသမီးတွေက အလုပ်သွားလို့ မဲလာမပေးနိုင်ဘူး" ဟု မဲရုံကိုယ်စားလှယ်တစ်ဦးက ဆိုသည်။

## ဒဂုံဆိပ်ကမ်း

ဒဂုံဆိပ်ကမ်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် မဲဆန္ဒနယ်တွင် ကြားဖြတ်ရွေးကောက်ပွဲ မဲပေးသူ အရေအတွက် ၂၈ရာခိုင်နှုန်းသာ ရှိကြောင်း မြို့နယ် ရွေးကောက်ပွဲ ကော်မရှင် ဥက္ကဋ္ဌ ဦးအောင်မြင့်က ပြောကြားသည်။

"နည်းတာပေါ့ဗျာ။ အခုက စက်ရုံတွေက မပိတ်တော့ အလုပ်သမားတွေမလာရဘူးလေ။ အစိုးရရုံးတွေပဲပိတ်တာကို။ အဲဒီတော့ အလုပ်သမားတွေက မလာနိုင်ဘူး။ ညနေ ၄ နာရီလောက်ဆိုရင်တော့ ပြည့်မယ်ထင်ပါတယ်" ဟု ၎င်းကဆိုသည်။

၂၀၁၅ခုနှစ် အထွေထွေရွေးကောက်ပွဲ၌ အနိုင်ရရှိခဲ့သည့် NLD ပါတီဝင် ဦးကျော်ဝင်းမှာ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးအဖြစ် တာဝန်ပေးအပ်ခြင်းခံခဲ့ရသည့်အတွက် ဒဂုံဆိပ်ကမ်းမြို့နယ်သည် လစ်လပ်မဲဆန္ဒနယ်ဖြစ်ခဲ့သည်။

"မဲပေးဖို့ စလစ်ကိုတော့ ပေးထားပါတယ်။ ပြီးခဲ့တဲ့ရွေးကောက်ပွဲတုန်းက ထည့်ထားတဲ့သူက နိုင်ထားပြီးပြီပဲလေ။ ထပ်ပြီး ပေးစရာမလိုတော့ဘူးလို့ ထင်တယ်။ တခြားလူနိုင်သွားလည်း အခုအစိုးရက ဆင်းသွားရမှာမှ မဟုတ်တာ။ မပေးတော့ဘူး" ဟု မဲရုံအနီးတွင် ဈေးရောင်းနေသည့် အမျိုးသမီးက ဆိုသည်။

ယင်းမြို့နယ်တွင် မဲရုံ စတင်ဖွင့်လှစ်ချိန်မှ နံနက် ၉ နာရီဝန်းကျင်အထိ လာရောက်မဲပေးသူ ရာဂဏန်း သာ လာရောက်မဲပေးသည်ကို မြင်တွေ့ရပြီး မဲပေးချိန်တွင် ဖိအားပေးမဲထည့်ခိုင်းခြင်း၊ တွန်းအားပေးခြင်း စသည့် အခက်အခဲမျိုး တစ်စုံတစ်ရာမရှိကြောင်းနှင့် အေးဆေးလွတ်လပ်စွာ မဲပေးခဲ့ရကြောင်း လာရောက်မဲပေးသူအများစုက ဆိုသည်။

ပထမဆုံးအကြိမ်လာရောက်မဲပေးသည့်ကိုမော်ကြီးက "ကျွန်တော်က ၂၀၁၅တုန်းက အသက်မပြည့်သေးလို့ မဲပေးခွင့်မရခဲ့ဘူး။ ဒါပထမဆုံးအကြိမ် မဲပေးခြင်းပေါ့။ အဲဒီတော့ စိတ်ထဲမှာ စိတ်လှုပ်ရှားသလိုလိုနဲ့ တစ်မျိုးတစ်မည်တော့ဖြစ်တယ်ဗျ။ ကျွန်တော့်စိတ်နဲ့ ကျွန်တော်ကြိုက်တဲ့သူကိုပဲ မဲပေးခဲ့တာပါ" ဟု ၎င်း၏ အတွေ့အကြုံကို ရှင်းပြသည်။

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်ဆိပ်ကမ်းတွင် ရပ်ကွက်ကျေးရွာအုပ်စု စုစုပေါင်း ၁၉ ခုနှင့် မဲပေးနိုင်သူ ကျား ၄၁၀၀၄ ဦး၊ မ ၄၅၃၃၉ ရှိသည်။

## မုံရွာ

မုံရွာမြို့နယ်တွင် လစ်လပ်နေသည့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် နေရာအတွက် ယှဉ်ပြိုင်သည့် ရွေးကောက်ပွဲတွင်လည်း မဲပေးမှုမှာ ၂၀၁၅ အထွေထွေရွေးကောက်ပွဲနှင့် နှိုင်းယှဉ်ပါက စိတ်ဝင်စားမှု လျော့နည်းခဲ့ပြီး အချို့မဲရုံများသည် မဲရုံပိတ်ချိန် မတိုင်မီ မဲရုံပိတ်ခဲ့ကြောင်း မုံရွာတွင် ဝင်ပြိုင်သည့် အမျိုးသားတိုးတက်ရေးပါတီ၏ကိုယ်စားလှယ်လောင်း ဦးညွန့်လှိုင်က ပြောကြားသည်။

"၂၀၁၅နဲ့စာရင် မဲပေးသူ မမီသေးဘူးလို့ ပြောလို့ရပါတယ်၊ တချို့မဲရုံဆိုရင်ပိတ်သွားပါပြီ။ စိတ်ဝင်စားမှု လျော့နည်းတယ်လို့ပြောလို့ရပါတယ်၊ မဲရလဒ်ကို မဲရုံပိတ်ပြီး ညနေ ၆ နာရီဆို သိနိုင်ပါတယ်။ ပေးသူက သိပ်မများဘူးဆိုတော့" ဟု ၎င်းက ဆိုသည်။

## အမ်း

နာမည်ကြီး ရခိုင်အမျိုးသားပါတီ ဥက္ကဋ္ဌ ဒေါက်တာအေးမောင် ဝင်ရောက်ယှဉ်ပြိုင်သည့် အမ်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် မဲဆန္ဒနယ်တွင်လည်း ပြည်သူများက စိတ်ဝင်စားမှု အားနည်းခဲ့သည်။

ထို့ပြင် အချို့မဲရုံများသည် မဲလာထည့်ရန် ဝေးသည့်အတွက် စောင့်ပေးနေရသည့် အခြေအနေကြောင့် မဲထည့်မည့်သူများ လာရောက်နိုင်သေး၍ မဲရုံများကို ဖွင့်ထားပေးရကြောင်း အမ်းမြို့နယ် ရွေးကောက်ပွဲ ကော်မရှင် အတွင်းရေးမှူး ဦးခိုင်မျိုးလင်းက ပြောကြားသည်။

"အမ်းမြို့နယ် ကော်မရှင်က ၁၂ ရုံတော့ ရောက်ပြီး လာထည့်သူကတော့နည်းတယ်။ မဲရုံ ၁၃၇ ရုံ ရှိတော့ တချို့လာပေးဖို့ လူမပြတ်တာ ရှိနေသေးတယ်၊ တချို့နေရာကလူတွေက မဲလာထည့်ဖို့ ဝေးတော့ စောင့်ပေးနေရတယ်၊ အခုထိတော့ မပြတ်သေးဘူး ဖြစ်နေတယ်။ မဲလာပေးတဲ့ ရာခိုင်နှုန်းကတော့ ပြောဖို့ခက်တယ်" ဟု ၎င်းက ဆိုသည်။

## ချောင်းဆုံ

တံတားအမည်ပေးသည့် ပြဿနာကြောင့် စိန်ခေါ်မှု ရှိနေပြီး ပြိုင်ဆိုင်မှု ပြင်းထန်မည်ဟု ခန့်မှန်းထားသော မွန်ပြည်နယ်ချောင်းဆုံမြို့နယ် လစ်လပ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် တစ်နေရာအတွက် ပါတီ ၅ပါတီက ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။

ချောင်းဆုံမဲဆန္ဒနယ်တွင် ကျေးရွာအုပ်စု ၄၂ အုပ်စုရှိပြီး မဲရုံပေါင်း ၆၂ ရှိပြီး ချောင်းဆုံမြို့နယ်တစ်ခုလုံးအတွက် မဲထည့်နိုင်သည့် မဲဆန္ဒရှင်တစ်သိန်းနှစ်သောင်းကျော်ရှိကြောင်း ချောင်းဆုံမြို့နယ် ရွေးကောက်ပွဲကော်မရှင်ရုံးခွဲမှ သိရသည်။

ယင်းသို့ စိတ်ဝင်စားမှု မြင့်တက်မည်ဟု ခန့်မှန်းထားသည့် ချောင်းဆုံ မြို့နယ် ရွေးကောက်ပွဲတွင်လည်း မဲရုံဖွင့်သည့် မနက်ပိုင်း အချိန်တွင် မဲလာပေးသူများ ပြားသော်လည်း နံနက် ၁၀နာရီခန့် ရောက်သည့် အချိန်တွင် မဲလာပေးသူ အရေအတွက် သိသိသာသာ လျော့ကျသွားကြောင်း မွန်ပြည်နယ် အခြေစိုက် The Voice သတင်းထောက်က သတင်းပေးပို့ခဲ့သည်။

ထို့ပြင် အချို့မဲရုံများတွင် မဲပေးမှုအပေါ် ကန့်သတ်ချက်အချို့ရှိနေပြီး သက်ကြီးရွယ်အိုများ လာရောက်မဲထည့်ရာတွင် မိသားစုမှ ဝင်ရောက်ကူညီပေးမှုကို ဟန့်တားထားသည့် အနေအထားများ ရှိနေပြီး ထိုကိစ္စရပ်ကြောင့် မဲရုံတချို့တွင် ရန်းရင်းဆန်ခတ်ဖြစ်ပွားရသည့် အခြေအနေအထိ ဖြစ်ပွားခဲ့သည့် အခြေအနေများလည်း ရှိနေကြောင်း မဲရုံကိုယ်စားလှယ်များထံမှ သိရသည်။

ချောင်းဆုံမြို့နယ် မဲဆန္ဒနယ်တစ်ခုလုံးအတွက် ညနေ ၂ နာရီအချိန်အထိ ဆန္ဒမဲစုစုပေါင်း၏ ၂၅ ရာခိုင်နှုန်းသာ မဲပေးမှု ရှိသေးကြောင်း မြို့နယ်ရွေးကောက်ပွဲကော်မရှင်ရုံးခွဲ ဥက္ကဋ္ဌထံမှ သိရသည်။

## မိုင်းရှူး၊ ကျေးသီး

ယခင်ရွေးကောက်ပွဲများက လုံခြုံရေး အကြောင်းပြချက်ကြောင့် ရွေးကောက်ပွဲ တစ်ကြိမ်မှ ကျင်းပရခြင်း မရှိသေးသည့် မိုင်းရှူးနှင့် ကျေးသီးမြို့နယ်များတွင်တော့ ပထမဦးဆုံး ပြန်လည်ကျင်းပသည့် ရွေးကောက်ပွဲဖြစ်ခြင်းကြောင့် စိတ်ဝင်စားမှု အထူးမြင့်တက်ခဲ့သည်။

မိုင်းရှူးနှင့် ကျေးသီး မြို့နယ်တွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၂နေရာ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ၄နေရာအထိ စုစုပေါင်း ခြောက်နေရာ ယှဉ်ပြိုင်ခဲ့သည်။

အဆိုပါ မဲဆန္ဒနယ်များတွင် ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီ အဖွဲ့ချုပ် SNLD ပါတီ အားကောင်းပြီး အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ် NLD ပါတီက မဲရုံ ငါးရုံကို လုံခြုံရေးအရ ပိတ်ပေးရန် တောင်းဆိုမှုကို ရွေးကောက်ပွဲ မတိုင်မီက ပြုလုပ်ခဲ့ပြီး ရွေးကောက်ပွဲကော်မရှင်က မဲရုံနေရာ ရွှေ့ဆိုင်းမှု ပြုလုပ်ခဲ့သည်။

ကျေးသီးနှင့် မိုင်းရှူးမြို့နယ်မှ မဲရုံများတွင် မဲရုံပိတ်ချိန်အထိ မဲပေးသူများ ဆက်လက်မဲပေးခဲ့ပြီး ပြည်သူများ စိတ်ဝင်စားမှု အထူးမြင့်တက်ခဲ့ကြောင်း လွိုင်လင်ခရိုင် ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးသန်းတင်က ဆိုသည်။

တိုင်းရင်းသား ဒေသများတွင် စိတ်ဝင်စားမှု မြင့်မားမည်ဟု ခန့်မှန်းခဲ့သည့် ကြားဖြတ်ရွေးကောက်ပွဲမှာ လက်တွေ့ကျင်းပချိန်တွင် လူထု စိတ်ဝင်စားမှု နည်းပါးသည်ကို တွေ့ခဲ့ရပြီး ယင်းအပေါ် ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ ဥက္ကဋ္ဌ ဦးစိုင်းအိုက်ပေါင်းက ပြီးခဲ့တဲ့ ရွေးကောက်ပွဲတွေက လူထုအတွက် ဘာမှ ပြောင်းလည်းပေးနိုင်ခြင်းမရှိတော့ လူထုက ဆန္ဒမဲပေးဖို့ စိတ်မဝင်စားဘူး သူတို့ဘဝတွေ မထူးလာတော့ မဲပေးဖို့ စိတ်ဝင်စားမှု နည်းလာတာပါ" ဟု သုံးသပ်ပြောကြားသည်။

သို့သော် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင် ဦးဉာဏ်ဝင်းကမူ "တိုင်းရင်းသားဒေသနဲ့ပြည်မဘက်မှာလူထုတွေ မဲပေးဖို့ စိတ်ဝင်စားမှုနည်းတယ်။ သူတို့ရဲ့ စိတ်မှာ ဒီရွေကောက်ပွဲက အစိုးရဖွဲ့နိုင်ဖို့ အဆုံးဖြတ် မပေးနိုင်ဘူးလို့ ထင်ကြလို့ စိတ်ဝင်စားမှု နည်းသွားတာပါ" ဟု ပြောဆိုလိုက်သည်။

■

**The Voice သတင်းအဖွဲ့**



ဓာတ်ပုံ- တင်ဇော်ဦး

# သပိတ်ကျင်းတွင် ပါဠိပထမပြန်စာမေးပွဲ ကျင်းပ

**သပိတ်ကျင်း၊ ဧပြီ ၁**

မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းမြို့နယ်၊ ကဘဲ့ရပ်ကွက် အခြေခံပညာအထက်တန်းကျောင်းတွင် သာသနာရေးဦးစီးဌာနက စီစဉ်ကျင်းပသည့် ပါဠိပထမပြန်စာမေးပွဲကို သံဃာတော်များဖြေဆိုလျက်ရှိကြောင်း သပိတ်ကျင်းမြို့ စာဖြေကြီးကြပ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော် ဦးသုတဥ္စယက မိန့်ကြားသည်။

ယင်းစာမေးပွဲကို မတ်လ ၂၉ ရက်နေ့မှ ဧပြီလ ၄ ရက်နေ့အထိ စာဖြေသံဃာတော် ၃၈ ပါး လာရောက်ဖြေဆိုပြီး အခြေပြုမူလတန်း၊ ပထမငယ်တန်း၊ ပထမလတ်တန်း၊ ပထမကြီးတန်းများအတွက် ဖြေဆိုလျက်ရှိသည်။

"ဖြေဆိုနေကြတဲ့ သံဃာတော်ကို အစိုးရက ထိထိရောက်ရောက်ကူညီဆောင်ရွက်ပေးဖို့လိုပါတယ်။ ကူညီထောက်ပံ့မှုရှိမှလည်း တောဒေသက စာဖြေသံဃာတော်တွေပိုများလာလိမ့်မယ်" ဟုဆရာတော်က မိန့်ဆိုသည်။

ပထမကြီးတန်း ပထမဆုရသည့် သံဃာတော်ကို ၇၀၀၀ ကျပ်၊ ပထမလတ်တန်း ပထမဆုကို ၅၀၀၀ ကျပ်နှင့် ပထမငယ်တန်း ပထမဆုရ သံဃာတော်ကို ၃၀၀၀ ကျပ် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ချီးမြှင့်လှူဒါန်းလျက်ရှိသည်။ ■ R-05

# ရေပူဂိတ်တွင် တရားမဝင်ကုန်ပစ္စည်းတင်ယာဉ်လေးစီး ဖမ်းမိ

**လားရှိုး၊ ဧပြီ ၁**

မူဆယ်ဘက်မှ မောင်းနှင်လာသည့် ကုန်တင်ယာဉ်အစီးရေ ၆၀ ကျော်ကို မတ်လ ၃၀ ရက်နေ့က တားဆီးစစ်ဆေးရာတွင် ယာဉ်လေးစီး၌ တရားမဝင်ကုန်ပစ္စည်းများတင်ဆောင်လာသည်ကို ဖမ်းဆီးရမိခဲ့ကြောင်း သိန်းနီရေပူစစ်ဆေးရေးစခန်း တာဝန်ခံ ဦးတက်ထွန်းအောင်က ပြောကြားသည်။

ယင်းနေ့က ၁၂ ဘီး၊ ၁၀ဘီးနှင့် ခြောက်ဘီးကုန်တင်ယာဉ်ပေါင်း ၆၁ စီးကို တားဆီးစစ်ဆေးခဲ့ရာ၌ ၁၂ ဘီးယာဉ်နှစ်စီးနှင့် ခြောက်ဘီးယာဉ်နှစ်စီးတို့တွင် လျှပ်စစ်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်များ၊ မှိုခြောက်၊ ပန်းခြောက်များနှင့် တရုတ်နိုင်ငံထုတ်ဆိုင်ကယ်များကို တရားမဝင်တင်ဆောင်လာခြင်းဖြစ်ကြောင်း ၎င်းကပြောဆိုသည်။

တရားမဝင်ကုန်စည်များ တင်ဆောင်လာသော မော်တော်ယာဉ်များနှင့် အတူ အကောက်ခွန်မဲ့တင်ဆောင်လာသော ပစ္စည်းများကို လားရှိုးမြို့ရှိ အကောက်ခွန်ဦးစီးဌာနသို့လွှဲအပ်လိုက်ပြီး အကောက်ခွန်ဥပဒေအရ ဆက်လက်အရေးယူ ဆောင်ရွက်မည်ဖြစ်ကြောင်း ယင်းစစ်ဆေးရေးစခန်းထံမှ သိရသည်။

သိန်းနီရေပူအမြဲတမ်းစစ်ဆေးရေးစခန်းကို ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက်နေ့က ပြန်လည်ဖွင့်လှစ်ခဲ့ပြီး ဌာန ၁၂ ခုဖြင့် ဖွဲ့စည်းထားပြီး မတ်လ ၂၈ ရက်နေ့အထိ ပို့ကုန်တင်လာသည့် ယာဉ် ၆၈၆ စီးနှင့် သွင်းကုန်တင်လာသည့်မော်တော်ယာဉ် ၈၀၃ စီးကိုတားဆီးစစ်ဆေးခဲ့ပြီး မတ်လ ၃၀ ရက်နေ့ တားဆီးစစ်ဆေးခဲ့သော ယာဉ်၅၇စီးသည်တရားဝင်ကုန်သွယ်သည့် အထောက်အထားပါရှိခဲ့ကြောင်း သိန်းနီရေပူအမြဲတမ်းစစ်ဆေး ရေးစခန်းထံမှ သိရသည်။

■ R-07

# မောင်းသူမဲ့လေယာဉ်ဖြင့် ရန်ကုန်တက္ကသိုလ် ခေတ်မီအသုံးချ မြေပုံထုတ်

**မိတ္ထီလာ၊ ဧပြီ ၁**

ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံလေကြောင်းနှင့်အာကာသပညာတက္ကသိုလ်၊ မောင်းသူမဲ့ လေယာဉ် သုတေသနဌာနက ရန်ကုန်တက္ကသိုလ်နှင့် အဆင့်မြင့်ပညာဦးစီးဌာန နယ်မြေများအတွက် မောင်းသူမဲ့လေယာဉ်ဖြင့် ကောင်းကင်ဓာတ်ပုံရိုက်ကူးတိုင်းတာပြီး အသုံးချမြေပုံကို ထုတ်လုပ်နိုင်ကြောင်း မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်(မိတ္ထီလာ) မောင်းသူမဲ့လေယာဉ်သုတေသနဌာန ဌာနမှူး ပါမောက္ခ ဒေါက်တာသဲမောင်မောင်က ပြောကြားသည်။

ယင်းသို့ ရရှိလာသော မြေပုံများမှ တစ်ဆင့် ရန်ကုန်တက္ကသိုလ်ရှိအဆောက်အအုံများ၊ လမ်းများ၊ ရေပိုက်လိုင်းများ၊ သစ်ပင်စိုက်ခင်းများ၏ တည်နေရာ အကျယ်အဝန်း တိကျသည့် အတိုင်းအတာ၊ မြေအနိမ့်အမြင့်စသည်တို့ကို လက်ရှိပကတိအနေအထားအတိုင်း Digitalize တိကျမှန်ကန်စွာ ပြုလုပ်ပေးနိုင်မည်ဖြစ်ကြောင်း ၎င်းက ရှင်းပြသည်။

ယင်းအချက်များပေါ်အခြေခံ၍ ရန်ကုန်တက္ကသိုလ် Master plan ရေးဆွဲရေးအတွက် အသုံးချ Planning ပြုလုပ်မည်ဖြစ်ပြီး ဆက်လက်၍ ရန်ကုန် တက္ကသိုလ်များနယ်မြေ (လှိုင်နယ်မြေ) နှင့် ရန်ကုန်စက်မှုတက္ကသိုလ်နယ်မြေကိုပါ ကောင်းကင်ဓာတ်ပုံ ရိုက်ကူး၍ အသုံးချ မြေပုံများ ထုတ်မည်ဖြစ်ကြောင်း ဒေါက်တာသဲမောင်မောင်က ပြောဆိုသည်။

မြန်မာနိုင်ငံ လေကြောင်းနှင့်အာကာသပညာတက္ကသိုလ်၊ မောင်းသူမဲ့လေယာဉ်သုတေသနဌာနအနေနှင့် ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလနှင့် ၂၀၁၇ မတ်လ အတွင်းကလည်း UN-FAO နှင့် ပူးပေါင်းလျက် ချင်းပြည်နယ်အတွင်းရှိ ရေလွှမ်းမိုးကာမြေပြိုခဲ့သော ဒေသများအတွက် သဘာဝဘေးအန္တရာယ် ကာကွယ်ရေးနှင့် စိုက်ပျိုးရေးလုပ်ငန်းများအတွက် အသုံးချ မြေပုံများ ထုတ်ပေးနိုင်ခဲ့သည်။ ■



Photo by UAV Research (MAEU)

# ပရဟိတယာဉ်များ ဉသြဆွဲ မမောင်းရန် မေတ္တာရပ်ခံ

**ကလေး၊ ဧပြီ**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင်ရှိ လူမှုကူညီရေး ပရဟိတအဖွဲ့မှ လူနာတင်ယာဉ်များအနေနှင့် ပြည်သူများ အထိတ်တလန့်မဖြစ်စေရန် ဉသြဆွဲကာ မောင်းနှင်ခြင်း မပြုလုပ်ရန် မေတ္တာရပ်ခံထားကြောင်း ကလေးခရိုင် အထွေထွေအုပ်ချုပ်ရေးမှူး ဦးဇော်မိုးအောင် က ပြောကြားသည်။

ပူပြင်းသော ကာလဖြစ်သောကြောင့် မီးလောင်မှုများ ဖြစ်ပွားတတ်သဖြင့် ပြည်သူများမှာ မီးဘေးအန္တရာယ်ကိုစိုးရိမ်ကြကြောင်း၊ ဉသြအချက်ပေးသံဖြင့် လမ်းမများတွင် မောင်းနှင်သွားလာနေမှုမှာ ပြည်သူများ အထိတ်တလန့် ဖြစ်ရသောကြောင့် ယင်းကဲ့သို့ လူမှုကူညီရေး ပရဟိတအဖွဲ့များကို မေတ္တာရပ်ခံရခြင်းဖြစ်ကြောင်း ၎င်းက ရှင်းပြသည်။

"မိုးတွင်းမှာ ဉသြသံတစ်ခု ကြားလို့ ဘာမှ သိပ်ပြဿနာ မရှိဘူး။ နွေရာသီလိုမျိုးမှာ ဉသြသံတစ်ခု ကြားရင် မီးလောင်တာလား ဘာဖြစ်တာလဲဆိုပြီး ပြည်သူတွေက စိုးရိမ်တတ်ကြတယ်။ ဉသြဆွဲတယ်ဆိုတာက လမ်းရှင်းစေချင်တဲ့အတွက် ဆွဲတာဆိုရင် ရှော့ကားပိတ်နေတယ်၊ လမ်းမဖယ်ပေးဘူးဆိုရင် ဆွဲပေါ့၊ လမ်းရှင်းနေတဲ့နေရာမှာ အစအဆုံးကြီး ဆွဲတာကျတော့ မလိုအပ်ဘဲ ပြည်သူတွေကို အထိတ်တလန့် ဖြစ်စေလို့ပါ" ဟု ကလေးခရိုင် အုပ်ချုပ်ရေးမှူး ဦးဇော်မိုးအောင် က ပြောဆိုသည်။

ကလေးခရိုင်အတွင်း လူမှုကူညီရေး ပရဟိတအဖွဲ့အနေနှင့် တရားဝင်မှတ်ပုံတင်ထားသည့်အဖွဲ့အစည်း ၁၉ ဖွဲ့ရှိကြောင်း၊ မှတ်ပုံတင်မထားသည့် အဖွဲ့များအနေနှင့် မှတ်ပုံတင်ထားရန် လိုအပ်ကြောင်း နာရေးကူညီမှုယာဉ်မောင်းသူများက စည်းကမ်းနှင့် အညီ မမောင်းနှင်ပါက အရေးယူမည်ဖြစ်ကြောင်း ကလေးခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနထံမှ သိရသည်။

"မနေ့ကတုန်းက ရှစ်နာရီခွဲလောက် လူတစ်ဦး မူးလဲပြီး သတိမေ့သွားတယ်၊ ဉသြဆွဲပြီး သွားရင် ဆေးရုံကို ၅မိနစ်တောင် မကြာဘူး။ မီးဖွင့်ဟွန်းသံပေးမောင်းတာတောင် ၁၅မိနစ်ကြာတယ်၊ တကယ်ကို အသက်နဲ့အမျှ အရေးကြီးနေတဲ့ လူနာဆိုရင် အသက်ဆုံးရှုံးသွားနိုင်တယ်" ဟု ကလေးမြို့ ကာယကံမေတ္တာလူမှုကူညီရေးအသင်းမှ အတွင်းရေးမှူး ဦးဥက္ကာက ပြောကြားသည်။ ■

ကြော်ငြာကိစ္စ ဆက်သွယ်လိုပါက . . .
ဖုန်း - ၀၉ ၇၈၅၅၅၅၇၇၂

# တက္ကသိုလ် မပြီးလိုက်သော အောင်မြင်သူများ

မောင်ခေတ်

လူတိုင်း အောင်မြင်ချင်ကြသည်။ ချမ်းသာချင်ကြပါသည်။ ပညာတတ်လျှင် အောင်မြင်မည်ဆိုပြီး ပညာများကိုကြိုးစားသင်နေကြသူတွေ ရှိပါသည်။ ပညာသည် အခြေခံဖြစ်ပါသည်။ ပညာသည် အရေးကြီးသည်မှာ မှန်ပါသည်။ သို့သော် ပညာဆိုသည်မှာ ဘွဲ့ဒီဂရီတွေရခြင်းဟု ထင်နေသူအများကိုအစွဲကျွတ် စေချင်ပါသည်။ ပညာအရေးမကြီးမဟုတ်။ ပညာ အရေးကြီးပါသည်။ သို့သော် ပညာကို တက္ကသိုလ်၊ ကောလိပ်တွင်မရှာ။ ကိုယ်ပိုင်တီထွင် လေ့လာစူးစမ်းမှုများဖြင့် ပညာရှာပြီး ကြီးပွားချမ်းသာ အောင်မြင်သွားသူသုံးဦး ရှိပါသည်။

ထိုသုံးဦးမှာ စတိဗ်ဂျော့၊ ဘီလ်ဂိတ်စ်နှင့် မာ့ခ်ဇူကာဘတ်တို့ ဖြစ်ပါသည်။ စတိဗ်ဂျော့ကတော့ ကွယ်လွန်သွားပြီ။ သို့သော် သူထူထောင်ခဲ့သော ပန်းသီးတစ်ကိုက်ပဲ့ (Apple) အမှတ်တံဆိပ်လေးကတော့ ယနေ့တိုင် ကမ္ဘာကျော်နေဆဲဖြစ်သည်။

Microsoft ကုမ္ပဏီကို ထူထောင်ခဲ့သူ ဘီလ်ဂိတ်စ်နှင့် ဆိုရှယ်ကွန်ရက် Facebook ကို ထူထောင်ခဲ့သူ မာ့ခ်ဇူကာဘတ် တို့နှစ်ယောက်ကတော့ ယနေ့တိုင် ဆက်လက်လှုပ်ရှားနေဆဲဖြစ်သည်။ သူတို့နှစ်ဦးစလုံး ကမ္ဘာ့အချမ်းသာဆုံး ဘီလီယံကြွယ်သူဌေးစာရင်းဝင်ကြသည်။ ဘီလ်ဂိတ်စ်က နံပါတ်တစ်၊ ဇူကာဘတ်က နံပါတ်ငါးအဆင့်တွင် ဖြစ်လာသည်။ စတိဗ်ဂျော့ကတော့ ၂၀၁၁ ခုနှစ်တွင် ကွယ်လွန်သွားခဲ့ပြီ။

စတိဗ်ဂျော့သည် မိဘက စွန့်ပစ်ခြင်းခံရပြီး မွေးစားမိဘများနှင့် ကြီးပြင်းခဲ့ရသူဖြစ်သည်။ ကျောင်းသားဘဝကတည်းက သူလုပ်ချင်တာကို လုပ်လေ့ရှိသောကြောင့် ဆရာတွေနှင့် သိပ်ပြီး အဆင်မပြေသူဖြစ်သည်။ သို့သော် ထူးချွန်သူဖြစ်နေခြင်းကြောင့် အသက် ၁၃ နှစ်သားကတည်းက Hewlett Packard ကုမ္ပဏီက အီလက်ထရွန်နစ် ပရောဂျက်အတွက် လာရောက်ငှားခြင်းခံရသည်။

၁၉၇၀ တွင် အထက်တန်းအောင်ပြီး တက္ကသိုလ်ဆက်တက်ရန်ဖြစ်လာသည်။ စတန်းဖို့ဒ်တက္ကသိုလ်တွင် တက်သည်။ သို့သော် အီလက်ထရွန်နစ်ကလပ်တွင် အချိန်ဖြုန်းနေသည်က များသည်။ အဆောင်မနေနိုင်သဖြင့် သူများအခန်းတွင် ကပ်နေပြီး ကြမ်းပြင်တွင် အိပ်ခဲ့ရသည်။ ပိုက်ဆံမရှိသဖြင့် Coke ပုလင်းများ စုဆောင်းရောင်းချပြီး မုန့်ဝယ်စားရသည်။ နောက်ပိုင်း Reed College ကို ပြောင်းပြီးတက်သည်။ ၁၉၇၂ ခုနှစ်တွင် ကျောင်းဆက်မတက်တော့ဘဲ ကွန်ပျူတာတီထွင်မှုတွင်သာ စိတ်ကို ဒုံးဒုံးချပြီး လုပ်ကိုင်ခဲ့သည်။ သူ့ကြောင့် Appl ကုမ္ပဏီဟူ၍ ကမ္ဘာတွင် အောင်မြင်စွာ ရပ်တည်နိုင်ခဲ့သည်။

ဘီလ်ဂိတ်စ်သည် ၁၉၇၃ ခုနှစ်တွင် အထက်တန်းကျောင်းအဆင့်ပြီးသည်။ SAT (Scholastic Aptitude Tests) စစ်ဆေးခြင်းတွင် အမှတ်ပေါင်း ၁၆၀၀ ပေးထားသည့်အနက် ၁၅၉၀ ရသည်။ ဟားဗတ်ကောလိပ်ကိုဝင်ခွင့်ရသည်။ အစောပိုင်းက ဥပဒေပညာကို ယူသည်။ နောက်ပိုင်း သင်္ချာကိုပြောင်းသင်သည်။ ကွန်ပျူတာသိပ္ပံကို စိတ်ဝင်စားစွာဖြင့် ကောလိပ်နှစ်များတွင် လေ့လာလိုက်စားသည်။

ဒုတိယနှစ်ရောက်သည်အထိ ကျောင်းကသင်နေသော ပညာရပ်များထက် ကျောင်းတွင်ထားပေးထားသော ကွန်ပျူတာများတွင် အချိန်ကုန်နေသည်ကများသည်။ ပေါလ် အယ်လန်ဆိုသူနှင့်တွေ့ပြီး ကွန်ပျူတာနှင့် ဆော့ဖ်ဝဲတီထွင်ခြင်းကို ရူးသွပ်စွာလုပ်ဆောင်တော့သည်။ သူ့အနေအထားက ကောလိပ်တွင် ဆက်တက်နေပါက သူဝါသနာပါသည့် ကွန်ပျူတာပညာကို ကောင်းစွာ မလုပ်ဆောင်နိုင်ဟု မြင်လာသည်။ ထို့ကြောင့် ဒုတိယနှစ်အရောက်မှာပင် ကျောင်းထွက်ပြီး သူ့ကိုယ်ပိုင်ကုမ္ပဏီထူထောင်ကာ ဆော့ဖ်ဝဲတီထွင်မှုကို စလုပ်သည်။ ထိုစဉ်က ကျောင်းထွက်ခဲ့ရခြင်းနှင့် ပတ်သက်ပြီး သူပြောဖူးသည့် စကားလေးတစ်ခွန်းမှာ -




"တကယ်လို့ အဲဒါ (Microsoft) မအောင်မြင်ရင် ကျွန်တော် ကျောင်းပြန်တက်ကောင်း တက်မိမှာ။ ဒါကြောင့် အဲဒီအချိန်က ကျောင်းထွက်တယ်လို့တောင် မပြောဘဲ၊ ကျောင်းကနေ ခွင့်ယူထားတဲ့အနေနဲ့ အပြင်မှာ လုပ်ကိုင်နေခဲ့တာ"

သို့သော် သူကျောင်းကို ပြန်မသွားတော့။ ၁၉၇၅ ခုနှစ်ကတည်းက အောင်မြင်မှုတွေ စတင်ရရှိခဲ့ပြီး ယခုအခါ ကမ္ဘာ့နံပါတ်တစ် ဘီလျံနာသူဌေးကြီးဖြစ်ခဲ့ရသည်။ ယနေ့ သူ့ပိုင်ဆိုင်မှုက ဒေါ်လာ ၈၆ ဘီလီယံဖြစ်နေသည်။

မာ့ခ်ဇူကာဘတ်ဆိုသူ ကောင်လေးမှာ ၁၉၈၄ ခုနှစ်ဖွားဖြစ်သောကြောင့် သူ့အသက်က ယခုမှ ၃၃ နှစ်သာ ရှိသေးသည်။ ဘီလ်ဂိတ်စ်က ၆၂ နှစ်ဖြစ်ပြီး သူဌေးအဆင့်တစ် ဖြစ်နေချိန်တွင် သူက ၃၃ နှစ်နှင့် ကမ္ဘာ့အချမ်းသာဆုံး နံပါတ်ငါးအဆင့်ဖြစ်နေသည်။ မျိုးဆက်တို့၏ကွာခြားချက်ကို လေ့လာပိုင်းဖြတ်နိုင်ပါသည်။

ဇူကာဘတ်သည် ကွန်ပျူတာကို အလယ်တန်းကျောင်းသားအဆင့်လောက်ကတည်းက အသုံးပြုသည်။ ၁၉၉၀ ပြည့်နှစ်လောက်တွင် သူက Atari BASIC Programming ကို ရေးနေပြီဖြစ်သည်။ ဆော့ဖ်ဝဲရေးသမား ဒေးဗစ်နျူးမင်းထံတွင် တပည့်ခံပြီး သူဝါသနာပါသည့် ကွန်ပျူတာပညာကို စူးစိုက်လေ့လာသည်။ အထက်တန်းကျောင်းတွင် တက်နေကတည်းက အိမ်အနီးရှိ Mercy ကောလိပ်တွင် ကွန်ပျူတာပညာများကို သွားရောက်လေ့လာနေသည်။ အထက်တန်းကျောင်းသားဘဝကတည်းက သူ့လမ်းကို သူရွေးချယ်ထားပြီးဖြစ်သည်။ Intelligent Media Group ကုမ္ပဏီတွင် ဝင်ရောက် အလုပ်လုပ်ကိုင်နေပြီး ကွန်ပျူတာကို ကောင်းစွာအသုံးပြုကာ တီထွင်ဖန်တီးမှုများကို လုပ်ဆောင်နေပြီဖြစ်သည်။

အထက်တန်းကျောင်း အောင်ပြီးနောက် ဟားဗတ်တွင် ကျောင်းဆက်တက်သည်။ Facemash ဆိုသည့် ပရိုဂရမ်ကို ကိုယ်တိုင်တီထွင်ရေးသားခဲ့သည်။ ၂၀၀၄ ခုနှစ်တွင် 'Thefacebook' ဆိုသည့် အစီအစဉ်လေးကို စတင်ပြီး ကျောင်း၌ အသုံးပြုနိုင်ရန် အွန်လိုင်းပေါ်တင်လိုက်သည်။

ဇူကာဘတ်သည် ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလ ၄ ရက်နေ့မှ သူနေထိုင်သည့်ဟားဗတ်ကျောင်း အဆောင်ထဲမှ 'Facebook' ကို လွှင့်တင်ခဲ့ခြင်းဖြစ်သည်။ ချက်ချင်းပေါက်သွားပြီး လူသိရှင်ကြား ဖြစ်သွားခဲ့ရသည်။ ၂၀၀၇ ခုနှစ်မှ Facebook ကို တရားဝင်လွှင့်တင်ကြောင်း ကြေညာနိုင်ခဲ့ပြီး ယခုအခါ သူပိုင်ဆိုင်မှုမှာ ဒေါ်လာ ၆၁ ဒသမ ၄ ဘီလီယံဖြစ်ကာ ကမ္ဘာ့အချမ်းသာဆုံး နံပါတ် ငါးနေရာတွင် ရပ်တည်နိုင်ခဲ့သည်။ သူလည်း Facebook ကို အကောင်အထည်ဖော်ကြိုးပမ်းရင်းက ကျောင်းပြီးသည်အထိ ဆက်မတက်လိုက်ရဘဲ ကျောင်းထွက်ကာ ချမ်းသာအောင်မြင်သူဖြစ်လာခဲ့ရသည်။

သူတို့အကြောင်းကို လေ့လာသုံးသပ်ကြည့်လျှင် အောက်ပါအချက်များကို တွေ့ရှိရမည်ဖြစ်သည်။

### အောင်မြင်ရန် ဘွဲ့မလို

ဘွဲ့ဒီဂရီကြီးက ကိုယ့်ဘဝကို အဆုံးအဖြတ်ပေးနိုင်သည်မဟုတ်၊ ကိုယ့်ဘဝကိုကိုယ်ကသာ အဆုံးအဖြတ်ပေးနိုင်သည်။ ထို့ကြောင့် ငါတော့ ဆယ်တန်းလည်းမအောင်၊ ဘွဲ့လည်းမရတော့ပါဘူးဆိုကာ စိတ်ပျက်နေရန် မဟုတ်။ ပညာဆိုသည်မှာ ကျောင်းမှာသာ ရှာနိုင်သည်မဟုတ်။ အထူးသဖြင့် အသက်မွေးပညာရပ်များဆိုသည်မှာ ကိုယ်တိုင်စိတ်ပါ လေ့လာသင်ယူကြိုးစားမှ ရနိုင်ပါသည်။ တက္ကသိုလ်ဝင်တန်းတွင် ဘာသာစုံဂုဏ်ထူးထွက်မှ၊ ဆေးတက္ကသိုလ်တက်ရမှသာ လူရာဝင်မည်ဟု ထင်ခြင်းက မှားပါသည်။ ဘွဲ့မရဘဲ မိမိဝါသနာပါသည့်အလုပ်ကို ကြိုးစားအားထုတ်၊ စွဲမြဲစွာလုပ်ခြင်းဖြင့်လည်း အောင်မြင်နိုင်ပါသည်။

စတိဗ်ဂျော့၊ ဂိတ်စ်နှင့် ဇူကာဘတ်တို့သုံးယောက်စလုံး ကောလိပ်ကျောင်းကို ပြီးအောင် မတက်ခဲ့ကြပေ။ သို့သော် ကွန်ပျူတာနှင့် အိုင်တီလောကတွင်တော့ သမိုင်းမှတ်တိုင် စိုက်ထူးနိုင်ခဲ့သူများဖြစ်သည်။ သူတို့သည် ကျောင်းတက်မှ၊ ဘွဲ့ရမှဆိုသည့် အစဉ်အလာဘောင်ထဲကအတွေးကို မတွေး။ ဖောက်ထွက်ပြီးတွေးခဲ့ကြသည်။ သူတို့ ဘာဖြစ်ချင်သည်ကို ကောင်းကောင်းသိသည်။ ဘာလုပ်သင့်သည်ကိုလည်း ကောင်းစွာ ဆုံးဖြတ်နိုင်ခဲ့သူများဖြစ်သည်။

### ဘာလုပ်သင့်ကြောင်း ကောင်းစွာမြင်

သူတို့အနာဂတ်သည် မရေရာ မှုန်ဝါးလွန်းလှသည်။ သို့သော် သူတို့သည် မှုန်ဝါးနေသောအတွင်းကို ထိုးဖောက်မြင်နိုင်စွမ်းရှိသည်။ သူတို့သည် SMART ဖြစ်နေသူများပင်။ SMART ဆိုသည်မှာ (Specific, Measurable, Realistics, Time-bound) ကို အတိုကောက်ဆိုလိုခြင်းဖြစ်သည်။ တစ်နည်းပြောရလျှင် သူတို့တွင် ပြတ်သားသောအတွေးအမြင်ရှိသည်။ သူတို့တိုင်းဆ ပိုင်းဖြတ်နိုင်စွမ်းရှိသည်။ လက်တွေ့ကျကျ သုံးသပ်နိုင်သည်။ အချိန်ကို အကျိုးရှိစွာ အသုံးချနိုင်သူများဖြစ်သည်။

ဇူကာဘတ်၏ Facebook အောင်မြင်ရခြင်းမှာ သူ့တီထွင်ထားမှုသည် ကမ္ဘာကြီးကို ပြောင်းလဲသွားနိုင်မည်ဖြစ်ကြောင်း ကြိုတင်မြင်ထားပြီးဖြစ်နေသည်။ Facebook ဖြင့် တစ်ကမ္ဘာလုံးရှိ သုံးစွဲသူများ အဆက်အသွယ်တွေ ပိုကောင်းလာမည်။ သူတို့သိထားသမျှ ဝေမျှလာမည်ကို ကြိုတင်ခန့်မှန်းပြီးသားဖြစ်နေသည်။ လူတွေ၏စိတ်ဝင်စားမှုမှ သူမည်သည့် အကျိုးတရားများကို ဝန်ဆောင်မှုအနေနှင့် မည်မျှပြန်ရနိုင်ကြောင်း သူတွက်ဆထားပြီးဖြစ်နေသည်။ ထို့ကြောင့် သူကျောင်းထွက်ခဲ့ရခြင်းမှာ သူ့အတွက် ထိုက်တန်လွန်းလှသည်။

လူငယ်များအနေနှင့် ပန်းတိုင်မည်မျှအရေးကြီးကြောင်း သူကသက်သေပြသွားသည်။ အကျိုးမရှိသည့်ကိစ္စများတွင် အချိန်ဖြုန်းနေမည့်အစား အကျိုးရှိသည့်တစ်ခုခုကို တီထွင်ဖောက်ထွက်နိုင်လျှင် အကျိုးရလဒ်တစ်ခုခု ပိုင်ဆိုင်နိုင်ကြောင်းသူက နည်းပေးလမ်းပြလုပ်သွားသည်။

### သူတို့အနေအထိုင်ကို စံပြုနိုင်သည်

ကမ္ဘာကျော် သူဌေးကြီးသုံးယောက်စလုံးတွင် တူညီသည့်စတိုင်တစ်ခုမှာ အဝတ်အစားကို ဂရုမစိုက်။ သင့်သလို နေထိုင်၊ ရိုးကုပ်စွာ ကြိုးစားအားထုတ်ကြခြင်းဖြစ်သည်။ ဂိတ်စ်ကလည်း သူဌေးသာဆိုသည် ရိုးရိုးလေးဝတ်ပြီး ရိုးရိုးလေးနေထိုင်သည်။ စတိဗ်ဂျော့နှင့် ဇူကာဘတ် တစ်မျိုးတည်းဝတ်သည်။ သူဌေးလေး ဇူကာဘတ်ကိုကြည့်လိုက်လျှင် မီးခိုးရောင်တီရှပ်လေးနှင့်သာဖြစ်သည်။ သူတို့ဘဝတွေက အောက်ခြေကတက်လာသူများဖြစ်သည်။ ဘဝမမေ့။ သူတို့ဘဝတွေကို လုပ်ဖော်ကိုင်ဖက်တွေနှင့်အတူ ထူထောင်ခဲ့သောကြောင့် အားလုံးနှင့်အတူ တစ်သားတည်းနေ၊ တစ်တန်းတည်း စားသောက်နေထိုင်တတ်ခြင်းမှာ ထူးခြားချက်ဖြစ်သည်။

### အလုပ်အပေါ်အားစိုက် ဇွဲသန်

သူတို့သုံးယောက်စလုံး တီထွင်မှုနှင့် သူတို့အလုပ်အပေါ် အားထည့်မှု လွန်ကဲကြသူများဖြစ်သည်။ ကိုယ့်အလုပ်အပေါ် ကိုယ်ချစ်မြတ်နိုးပြီး တန်ဖိုးထားလေးစားလွန်းသူများဖြစ်သောကြောင့် ဤမျှအောင်မြင်လာကြရခြင်းလည်း ဖြစ်သည်။

တီထွင်သူဆိုသည်မှာ ငွေတစ်ခုတည်းအတွက်ကြောင့် ဖြစ်ချင်မှဖြစ်မည်။ ငွေက နောက်ပိုင်းမှ လိုက်လာခြင်းဖြစ်သည်။ ရှေးဦးစွာ ရင်းနှီးမြှုပ်နှံရသည်မှာ အလုပ်အပေါ်ထားသည့် စိတ်စေတနာဖြစ်သည်။ သူတို့ အချိန်အကန့်အသတ်မရှိ အလုပ်တွေ လုပ်ခဲ့ကြသည်။ နာရီ ၂၀ လောက်လုပ်ကြသည်။ အခက်အခဲတွေ၊ ဖိအားတွေ၊ အဖျက်အမှောင့်တွေများစွာ ကြုံတွေ့ခဲ့ကြရသည်။ သို့သော် သူတို့စိတ်ဓာတ်မကျ။ ဇွဲမလျှော့ စိတ်မပျက်ဘဲ ဆက်လုပ်ကြသည်။ သူတို့ဦးတည်ချက်ပန်းတိုင်ကို မရောက်ရောက်အောင် ဆက်လျှောက်ခဲ့ကြသူများဖြစ်သည်။

### သူတို့ကိုယ်သူတို့ ယုံကြည်ကြသည်

ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုက အရေးကြီးသည်။ မည်သည့်အနေအထား ရောက်နေသည်ဖြစ်စေ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိမှ ဆက်လုပ်နိုင်သည်။ သူတို့ ဘာမှန်းမသိ၊ ဈေးကွက်မရေရာသော ကွန်ပျူတာတွေ ဆော့ဖ်ဝဲတွေကို တီထွင်ခဲ့ကြသည်ဟု ထင်စရာရှိသည်။ သို့သော် သူတို့တီထွင်မှုတွင် အနာဂတ်တွေရှိနေသည်။ ကွန်ပျူတာကို လူတိုင်းမကိုင်ပါဘူးဟု ဝေဖန်သူများရှိနေသည့်ကြားက တစ်နေ့တွင် တစ်အိမ်တစ်လုံး အနည်းဆုံး သုံးလာလိမ့်မည်ဆိုသည့် အနာဂတ်ကို မျှော်ကြည့်နိုင်စွမ်းများဖြင့် တီထွင်ခဲ့ကြသောကြောင့် သူတို့အောင်မြင်ခဲ့ကြခြင်း ဖြစ်သည်။

Nassim Nicholas Taleb ဆိုသူပြောသွားသည့် စကားတစ်ခွန်းကို ရည်ညွှန်းချင်ပါသည်။

"စတိဗ်ဂျော့၊ ဘီလ်ဂိတ်စ်နဲ့ မာ့ခ် ဇူကာဘတ်တို့ ကောလိပ်ကျောင်းမပြီးသွားကြဘူး။ သူတို့က ကျောင်းသင်ပညာဆိုတာထက် သူတို့လေ့လာသင်ယူချင်တာတွေကို လေ့လာသင်ယူသွားခဲ့ကြတာ။ ကျွန်တော်က ကျွန်တော့်ကလေးတွေကိုမင်းတို့အမှတ်ကောင်းကောင်း မရလို့၊ အဆင့်မကောင်းလို့ စိုးရိမ်ပူပန်ခြင်းမရှိဖို့ သူတို့နဲ့ နှိုင်းယှဉ်ပြောပြတယ်။ ဘာဖြစ်ဖြစ် လေ့လာသင်ယူမှုကို ပျော်ပျော်ရွှင်ရွှင်ဖြစ်ဖို့ပဲလိုတယ်"

■ မောင်ခေတ်

(Ref: Times, CBC News)

# တောထဲက မူကြို


Inhabitots

"စမ်း ချောင်းလေးကို သွားမယ်"

"စမ်းချောင်းလေးဆီကို သွားကြမယ်"

ဖင်လန်နိုင်ငံတွင် ဖြစ်ပါသည်။ ကလေးတွေက တက်ကြွစွာ အော်ဟစ်ပျော်မြူးနေကြသည်။ ကလေးမလေးသုံးယောက် ခုန်ပေါက်ပြီး စမ်းချောင်းဆီပြေးသွားသည်။ မကြာမီ မူကြိုအရွယ် ကလေးတွေအားလုံး ကလေးမလေး သုံးယောက်နောက်ကို ပြေးလိုက်သွားသည်။

ကလေးတွေ၏ ဆရာမ ကိုင်ဂျာ ပီလိုက ကလေးတွေနောက်က ပြေးလိုက်လာသည်။ စမ်းချောင်းလေးဘေးတွင် ရောက်နှင့်နေပြီဖြစ်သော ကလေးတွေက စမ်းချောင်းလေးထဲဆင်းပြီး ဆော့နေကြသည်။ စမ်းချောင်းလေးက တိမ်တိမ်လေးဖြစ်ပါသည်။ အချို့သော ကလေးတွေက စမ်းချောင်းပေါ်က တံတားပေါ်တက်သွားကြသည်။

သူတို့အားလုံး၏ အသက်တွေက ၅ နှစ်မှ ၆ နှစ်ဝန်းကျင်သာရှိမည်။ ဤစမ်းချောင်းလေးဝန်းကျင်သည် ယခုအချိန်တွင် ဆရာမ ပီလိုနှင့် သူမ၏ ကလေး ၁၄ ယောက်အတွက် စာသင်ခန်းဖြစ်နေပြီ။ ဖင်လန်နိုင်ငံတွင် ရာသီဥတုကောင်းလျှင် ကလေးတွေကို အပြင်ခေါ်ထုတ်ပြီး ကစားခိုင်းသည်။ လေ့လာခိုင်းသည်။ သူတို့ကျောင်းလာတက်သည့်အချိန် ၈၀ ရာခိုင်နှုန်းခန့်ကို သူတို့က ဆော့ကစားခြင်းဖြင့်သာ အချိန်ကုန်လေ့ရှိကြသည်။

တစ်ပတ်တွင် လေးရက် နံနက် ၈ နာရီခွဲမှ နေ့လယ် ၁၂ နာရီခွဲအချိန်အထိ ကလေးတွေက သူတို့ဆရာမနှင့်အတူ ကျောင်းအပြင်တွင် သင်ခန်းစာများကို လေ့လာကြသည်။ ဖင်လန်တွင် မူကြိုကျောင်းများ၌ တိကျသော ပြဋ္ဌာန်းချက်များအတိုင်း ပုံသေနည်းနှင့် သွားနေကြသည်မဟုတ်။ တောတောင်ဝန်းကျင်တွင် ဖွင့်ထားသော ကျောင်းလေးတွေက တောတောင်သည် ကျောင်းစာသင်ခန်းများဖြစ်သွားအောင် လုပ်တတ်သည်။ ရာသီဥတုကောင်းလျှင် ကျောင်းစာသင်ခန်းထဲကထွက်ပြီး ပြင်ပတွင် စာသင်ကြားရန် ဥရောပကျောင်းများက စိတ်ဝင်စားလာကြပြီ။

ဆရာမ ပီလိုက "တင်မီရေ ဆရာမဆီကို လာပါဦး" ဟုခေါ်လိုက်သည်။ ဆရာမဆီကို ပိန်သေးသေးကောင်မလေးနှင့် သူ့အဖော်နှစ်ယောက် ပြေးလာကြသည်။ သူတို့ စမ်းချောင်းလေးထဲက တက်လာကြခြင်းဖြစ်သည်။ စမ်းချောင်းထဲတွင် ကောင်လေးသုံးယောက်က ချောင်းကိုပိတ်ပြီး သစ်ကိုင်း သစ်ခက်တွေနှင့် တမံဆောက်နေကြသည်။ သူတို့က ရေလှောင်ကန်လေးတစ်ခုပုံစံလုပ်ပြီး ငါးလေးတွေကို သူတို့ တမံထဲရောက်အောင် မောင်းထည့်နေကြသည်။

ဆရာမအနီးသို့ ရောက်လာသည့် ကလေးများကို ဆရာမက ကျင်းလေးတွေ တူးခိုင်းသည်။ သူတို့တူးထားသည့် ကျင်းလေးများကို ဖင်းနစ်ဘာသာစကားဖြင့် ရေတွက်ခိုင်းနေသည်။

"တစ်ကျင်း၊ နှစ်ကျင်း၊ သုံးကျင်း၊ လေးကျင်း"

ဆရာမ ပီလိုက သူဘာကြောင့် ကလေးတွေကို တောထဲခေါ်လာရသည့်အကြောင်း ရှင်းပြနေသည်။ တောထဲတွင် စာသင်ရခြင်းကို ကလေးတွေ စိတ်ဝင်စားကြသည်။ စာသင်ခန်းထက် တောထဲတွင် လျှို့ဝှက်ချက်တွေများစွာရှိနေသည်။ စာအုပ်တွေထဲက အကြောင်းအရာထက် တောထဲက သစ်ရွက်လေးတွေ၊ သစ်ပင်တွေ၊ စမ်းချောင်းနှင့် ငါးလေးတွေက ကလေးတွေကို ပိုပြီးဖမ်းစားထားနိုင်သည်။ သူတို့ စာအုပ်ထဲတွင်မပါသည့် အကြောင်းအရာတွေကို သူတို့ခြေထောက်တွေ၊ လက်တွေ၊ ခွန်အားတွေကို အသုံးပြုပြီး ဖော်ထုတ်လေ့လာနိုင်ကြသည်။ မြေပြင်ပေါ်တွင် စာတွေကို တုတ်ချောင်းတွေနှင့်ရေးသည်။ ခူးလာသည့် မှိုပွင့်လေးတွေကို ရေတွက်ကြသည်။ ပန်းလေးတွေကို နမ်းကြည့်ကြသည်။ လိပ်ပြာလေးတွေကို လိုက်ဖမ်းပြီး စူးစမ်းနေကြသည်။ တကယ့် သဘာဝ စာသင်ခန်းကြီးတစ်ခုထဲတွင် သူတို့ပျော်ရွှင်စွာဖြင့် လေ့လာသင်ယူနေကြသည်။

ဖင်လန်တွင် မူကြိုကလေးများကို တောထဲတွင် သင်ကြားရန်အတွက် မူအသစ်များ၊ ရန်ပုံငွေအသစ်များချမှတ်ပေးပြီး စတင် ဆောင်ရွက်နေကြသည်။ ရာသီဥတုသာယာသည့်နေ့များတွင် အပြင်ထွက်ကာ ပညာရှာခြင်းကို အချိန်တစ်ခုအနေနှင့် သတ်မှတ်ပေးထားသည်။ ကလေးတွေ ကိုယ့်စိတ်ကြိုက် လေ့လာနိုင်သည်။ ဆရာတွေက လွတ်လပ်စွာ သင်ကြားနိုင်သည်။ မြက်ခင်းပေါ်တွင် ပျော်မည်။ အော်ကြမည်။ အားလုံးကို ဆရာမက သစ်ပင်အောက်တွင် ပုံပြင်တွေ ပြောချင်လည်း ပြောနေမည်။

နောက်ဆုံးသတ်မှတ်ချက်အရ ဖင်လန်နိုင်ငံမူကြိုကျောင်းများတွင် ကလေးတွေကို တောထဲတောင်ထဲတွင် နှစ်နာရီကစားရန် ခွင့်ပြုထားသည်။ နေ့ခင်းစာ မစားမီ တစ်မနက်လုံး တောထဲတွင် ပျော်ပါးစွာ ဆော့ကစားပြီး ကိုယ်ပိုင်လေ့လာချိန်ကို ကောင်းစွာ အသုံးချကြသည်။

ကလေးဆိုသည်မှာ အရုပ်တွေ၊ လျှပ်စစ်ပစ္စည်းတွေနဲ့သာ ကစားရမည်ဆိုခြင်းကို ဖင်လန်နိုင်ငံတွင် စတင် တော်လှန်နေကြပြီဖြစ်သည်။ တောထဲသွားရမှာ ပျင်းတယ်ဟုပြောသည့် ကလေးတစ်ယောက်မှ မရှိ။ ဆရာမ ပီလိုက "ဆောင်းတွင်း ရောက်လာရင် တောင် တစ်ခါတလေ ကျွန်မတို့ နှင်းတွေကို ထွက်ကြည့်ကြတယ်" ဟုပြောပြသည်။ နှင်းတွေနှင့် ပေါက်ကစားကြရသည့် အတွေ့အကြုံကိုလည်း ကလေးတွေက နှစ်သက်ကြသည်။

သူတို့တစ်ခါတစ်ရံ တောင်တက်ခရီးကို သွားကြသည်။ တောင်တက်ရတာလည်း ပျော်စရာကောင်းသည်။ အဖွဲ့တွေ ခွဲသွားရသည်။ ရှေ့အဖွဲ့ကထားခဲ့သည့် အမှတ်အသားတွေကို ရှာရသည်။ သစ်ကိုင်းတစ်ကိုင်းတွင် လက်ကိုင်ပဝါတစ်ထည်ကို ချည်နှောင်ထားသည်ကိုတွေ့လျှင် ပျော်သွားကြသည်။ အချို့ကလည်း သစ်ပင်တွေကိုအမှတ်အသားတွေ လုပ်သွားကြသည်။

တောင်တက်လျှင်လည်း သူတို့ပါးစပ်က နာမည်လေးတွေကို အော်ခေါ်ရသည်။ နာမည်ကို သူတို့ အပြည့်မခေါ်ရ။ တောင်ပေါ်မတက်မီကတည်းက သတ်မှတ်ပေးထားသည့် အတိုကောက်နာမည်လေးတွေကို အော်ပြီး ဆက်သွယ်ကြရသည်။ 'ဂျို ဟို လို နာ' ဆိုသည့် ချစ်စရာအသံလေးတွေကို အတိုင်းသားကြားနေရသည်။

ကလေးတွေကို စုရပ်ထားသည်။ ဆရာတွေက နောက်ကလိုက်ကြသည်။ ကိုယ့်အုပ်စုလိုက် တောင်ပေါ်ကိုတက်ရင်းက နောက်ဆုံးတွင် စုရပ်ကိုရောက်သည်အထိ ချီတက်ကြရသည်။ ကလေးတွေက ပျော်ရွှင်စွာ မမောနိုင် မပန်းနိုင် အပြိုင်တက်ကြသည်။

ဖင်လန်နိုင်ငံပညာရေးစနစ်အပေါ် ပညာရှင်များ လေ့လာ၍မကုန်နိုင်လောက်အောင်ဖြစ်သည်။ သဘာဝကိုမြတ်နိုးအောင်လုပ်ပေးခြင်း၊ ကိုယ့်ကိုယ်ကိုယ် အားကိုးလုပ်ဆောင်တတ်အောင် လုပ်ပေးခြင်းများက သူတို့ကလေးတွေ ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှုအားကောင်းစေရန် တည်ဆောက်ပေးလိုက်သလိုဖြစ်စေခဲ့သည်။ သူတို့ကလေးတွေအများစုမှာ စိတ်ကစင့်ကလျားဖြစ်နှုန်းတွေ နည်းလာသည်။ ခေါင်းဆောင်မှုစွမ်းရည်၊ ပူးပေါင်းဆောင်ရွက်နိုင်စွမ်းတွေ တိုးတက်လာသည်။ ထိုသဘောတရားက စတင်တီထွင်သူမှာ ရစ်ချတ်လုပ်ဆိုသူဖြစ်ပြီး သူက 'Children and Nature Network' ဆိုသည့် ကွန်ရက်တစ်ခုကို ထူထောင်ထားကာ ကလေးတွေကို သဘာဝအပေါ် မြတ်နိုးတတ်စေရန် လုပ်ဆောင်ပေးနေသည်။ သူက

"ကလေးတွေက တောထဲတောင်ထဲ ခေါ်သွားတော့ ဘာတွေ ထူးခြားလာသလဲဆိုရင် အချင်းချင်း အနိုင်ကျင့်တာတွေ နည်းသွားတယ်။ ကလေးတွေ အဝလွန်မှုတွေကို လျှော့ချပေးလာနိုင်တယ်။ စိတ်ဓာတ်အရရော ကိုယ်ခန္ဓာမှာပါ စွမ်းအင်အထူးကောင်းသူတွေ ဖြစ်လာတယ်" ဟုဆိုသည်။

နောက်ပိုင်း ဖင်လန်နိုင်ငံကျောင်းများတွင် တစ်မနက် ၂ နာရီ သဘာဝပတ်ဝန်းကျင်တွင် လေ့လာပြီး ပညာရှာသော အစီအစဉ်ကို အမေရိကန်ပြည်ထောင်စုတွင်ပါ သင်ကြားရန် လေ့လာအတုယူနေကြပြီဖြစ်သည်။

ကလေးတွေကို စာသင်ခန်းထဲတွင် ပိတ်လှောင်ထားပြီး ဖတ်စာအုပ်တွေနှင့် ချောင်ပိတ်ထားမည်လော။ ဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံများတွင် စာကိုမသင်စိတ်ကိုသင်နေကြသည်။ စာကိုမသင် ကိုယ်ခန္ဓာကျန်းမာသန်စွမ်းစေရန် သင်နေကြသည်။ ပညာဆိုသည်မှာ စာသင်ခန်းထဲတွင်သာရှိသည်ဟု ထင်နေကြသော၊ စာသင်ခန်းထဲတွင် ဘဝတွေကို ပေးဆပ်ခဲ့ကြရသော ဆရာတွေ ဆရာမတွေနှင့် တောထဲတောင်ထဲက စာသင်ခန်းပညာရေးမှာ အလှမ်းဝေးနေဦးမည်မှာ သေချာသည်။

■ **E01**

**(Ref: Finnish Kindergarten in the Forest, Tim Walker)**



"ကျွန်တော် လက်မထပ်မီက
ကလေးမွေးလာရင်
ဘယ်လိုကြီးပြင်းအောင်
ပြုစုစောင့်ရှောက်မလဲဆိုတဲ့
သီအိုရီ ခြောက်ခုကို
ထုတ်ခဲ့တယ်။
ခုတော့ ကျွန်တော့်မှာ
ကလေးခြောက်ယောက်ရပြီး၊
ဘာသီအိုရီမှ
မရှိတော့ဘူး"

John Wilmot
(Poet)
(1647-1680)

# လှုပ်တစ်ပြက်ကောင်းမှုလေးများနှင့် လူသားများ

သန့်ဇင်စိုး

လူသားတိုင်းသည် အသက်ရှင်ရပ်တည်ရေးအတွက် ကိုယ့်နည်းကိုယ့်ဟန် ကိုယ့်ပုံစံဖြင့် ရုန်းကန် နေကြရသူများဖြစ်ကြသည်။ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေးစသည့် ကဏ္ဍများတွင် ဝင်ဆံ့ရပ်တည် ခိုင်မာစေရန် အမြဲပြင်ဆင် လှုပ်ရှားနေကြရသည်။ ထို့ကြောင့် လူတိုင်းသည် အချိန်ပြည့် အများအကျိုး လုပ်ဆောင်နေနိုင်သူ မဖြစ်နိုင်ပေ။ သို့သော် နေ့စဉ်ဘဝတွင် ရုန်းကန်နေထိုင်ရင်းပင် ကြုံရာကျပန်း ကောင်းမှုလေးများကို လုပ်ဆောင်နိုင်ပေသည်။ သန်းကြွယ်သူဌေး အားကစားစတားမှသည် သာမန် ရထားစီးခရီးသည်တစ်ယောက်အထိ လုပ်ဆောင်ပေးသမျှသည် သူ့နည်းသူ့ဟန်ဖြင့် လိုအပ်နေသူအတွက် ထိရောက်မှု ရှိပါပေသည်။ ကြုံရာ ကျပန်း လုပ်ဆောင် ပေးသည့် လှုပ်တစ်ပြက်ကောင်းမှုလေးများ သတင်း တိုများကို ဖတ်ရှုရတိုင်း မဖော်ပြတတ်သော ကြည်နူးမှုများခံစားရတတ်သည်။ ထို့ကြောင့် The Voice Sunday စာဖတ်ပရိသတ်အတွက် အဆိုပါ ဖြစ်ရပ်လေးများကို ယခင်အပတ်မှ အဆက်အဖြစ် ဆက်လက်မျှဝေဖော်ပြလိုက်ပါသည်။

## ဖိလစ်ပိုင် ရေဘေးအတွင်းက အာဂလူငယ်



ဖိလစ်ပိုင်နိုင်ငံမှာ ၂၀၀၉ ခုနှစ်တုန်းက အကြီးအကျယ်ရေလွှမ်းမိုးမှု ဖြစ်ခဲ့သည်။ ရုတ်တရက်ရေတွေတက်လာပြီး လူတွေဟာ ကူကယ်ရာမဲ့ဖြစ်ခဲ့ရကာ ကိုယ့်မိသားစုကိုယ် အသက်လုပြီး သယ်ယူပြေးလွှားနေရတဲ့ အချိန်၌ အသက် ၁၈ နှစ်သားလေး မူအယ်မာမာဂါလာနက်စ်ဟာ လူ ၃၀ ရဲ့ အသက်တွေကို အသက်စွန့်ပြီး ကယ်တင်ခဲ့ခြင်းဖြစ်သည်။ ပထမ ရေထဲကို ဒိုင်ဗင်ထိုးပြီး ဆင်းသွားတုန်းက သူဟာ ကိုယ့်မိသားစုကိုပဲ ကယ်ချင်လို့ ဖြစ်ပါလိမ့်မည်။ သို့သော် ရေနစ်တဲ့အန္တရာယ်နဲ့ ရင်ဆိုင်ရတော့မယ့် လူပေါင်းများစွာကို ရေထဲမှာ သူတွေ့လိုက်ရသောအခါ သူ့အစီအစဉ် ပြောင်းသွားသည်။ ကိုယ့်မိသားစုကို ကယ်ပြီးတာနဲ့ ရေလွတ်ရာကို ပြေးဖို့ ဆုံးဖြတ်ချက်ကို သူပြင်ခဲ့ခြင်း ဖြစ်သည်။ ဘာကြောင့် ပြင်လိုက်မှန်း၊ ဘာကြောင့် အန္တရာယ်များထဲ ရေထုထဲ ထပ်ဆင်းဖို့ ဆုံးဖြတ်လိုက်မှန်း သူတောင်သိချင်မှ သိလိုက်ပေလိမ့်မည်။ တဒင်္ဂလေးထဲမှာပဲ ဖြစ်ပျက်သွားတာပါ။ ရေကူးပြီး ရေနက်ပိုင်းကို သွားလိုက်၊ ရေလွတ်ရာကို ခေါ်လာလိုက်နဲ့ အကြိမ်ကြိမ်သူ ပြုလုပ်နေခဲ့ပါသည်။ နောက်ဆုံးကလေးမလေးတစ်ယောက်နှင့် မိခင်တစ်ဦးကို ကယ်တင်ပြီးမှ ခြေကုန်လက်ပမ်းကျပြီး သူလက်လျှော့လိုက်ခြင်း ဖြစ်သည်။ စုစုပေါင်း လူ ၃၀ ရဲ့အသက်ကို ကယ်တင်နိုင်ခဲ့သည်။ ရုတ်တရက် စိတ်ထဲမှာပေါ်လာတဲ့ လူသားဆန်တဲ့ကြင်နာမှုကြောင့် လူပေါင်းများစွာ အသက်ချမ်းသာရာရခဲ့ပြီး ဘဝကို ရှေ့ဆက်နိုင်ခဲ့ခြင်း ဖြစ်သည်။ လူသားတွေရဲ့ ကြင်နာမှုဟာ ဘေးဒုက္ခတွေရဲ့ဆိုးယုတ်မှုကို ကျော်လွှားနိုင်စေတတ်ပါသည်။ ■

## ကိုနိုင်ထူးအောင် သို့မဟုတ် ပြည်တော်ပြန်လူငယ်ရဲ့ ပေးဆပ်မှုခရီး



ကိုသာပိုလို့ Facebook မိတ်ဆွေများရဲ့ ခင်မင်ရင်းနှီးမှုကို ရရှိထားတဲ့ ကိုနိုင်ထူးအောင်ဟာ စင်ကာပူနိုင်ငံမှာ အလုပ်လုပ်နေရင်း လစာကောင်းကောင်းရရှိပြီး တည်ငြိမ်တဲ့ဘဝတစ်ခုကို ပိုင်ဆိုင်ထားသူဖြစ်သည်။ ပြည်ပကို ရောက်နေသော်ငြား လူမှုကွန်ရက်မီဒီယာကို အသုံးပြုပြီး အမိမြေ၊ မွေးရပ်မြေ မြန်မာပြည်အတွက် ကောင်းရာကောင်းကြောင်း ပရဟိတလှုပ်ရှားထောက်ပံ့မှုများကို တက်ကြွစွာလုပ်ဆောင်နေခဲ့သည့် မြန်မာလူငယ်တစ်ဦး ဖြစ်ပါသည်။ သို့သော် ၂၀၁၅ ခုနှစ်မှာ သူအိမ်ပြန်ရဖို့ ဖြစ်လာခဲ့သည်။ အားလုံးသိကြသည့် ၂၀၁၅ ရေဘေးသည် မြန်မာနိုင်ငံ၏ နေရာအနှံ့အပြားကို ရေလွှမ်းမိုးမှုများ၊ မြေပြိုမှုများ ဆက်တိုက်ဖြစ်စေခဲ့ကာ ပြည်သူများစွာ နေရပ်များကို တိမ်းရှောင်စွန့်ခွာရပြီး အတိဒုက္ခဖြစ်စေခဲ့သည်။ အစပိုင်းက သဘာဝဘေးအန္တရာယ်မှ ပြန်လည်ထူထောင်ရေး အွန်လိုင်းမှ အခမဲ့ စေတနာ့ဝန်ထမ်းများအဖွဲ့ဖြင့် လှုပ်ရှားဆောင်ရွက်နေခဲ့သည်။ ရေဘေးသင့် ကောလင်းနယ်တစ်ဝိုက်မှ ကျေးရွာများရှိ ရေတွင်းများအတွင်းသို့ ဝင်ရောက်သွားသော နုန်းအနယ်အနှစ်များကို ရေစုပ်စက်များစွာဖြင့် ပြန်လည်စုပ်ယူခြင်းကို ကိုသာပိုနှင့်မိတ်ဆွေများက တက်ကြွစွာ လိုက်လံဆောင်ရွက်ပေးနေခဲ့သည်။ ရေဘေးဒဏ်က အမြင့်ဆုံးသို့ရောက်ရှိနေစဉ် ပြည်တွင်းသို့ ပြန်လည်ဝင်ရောက်လာပြီး ပြည်တွင်းပြည်ပ အလှူရှင်များနှင့် ချိတ်ဆက်ကာ ပြန်လည်ထူထောင်ရေး၊ အစောပိုင်း ကူညီကယ်ဆယ်ရေးတို့ကို တက်ကြွစွာ ဆောင်ရွက်နေခဲ့သည်။ ရေဘေးမပြီးသေးခင်မှာပင် နာမည်ကျော် အမြန်လမ်းပေါ်၌ ယာဉ်မတော်တဆမှုဖြင့် သူ ကွယ်လွန်သွားခဲ့သည်။ ကိုသာပို၏ ဈာပနသို့ ရန်ကုန်ရှိ ပရဟိတအဖွဲ့ပေါင်းစုံက ဝန်းရံပို့ဆောင်ပေးခဲ့သည်။ ■

## တရုတ်က ရေသန့်ဘူးကောက်တဲ့ကလေး

အလုပ်တွေ မအားလို့၊ ကိုယ့်ဝမ်းစာမပြည့်သေးလို့၊ ငယ်သေးလို့၊ တခြားသူတွေလည်း လုပ်နေကြတာပဲမို့ အများအကျိုးကို မလုပ်ဖြစ်သေးဘူးလို့ အမြင်ရှိသူတွေက တရုတ်က ကောင်လေးရဲ့ ဇာတ်လမ်းကို ဖတ်ကြည့်ကြပါဦး။ ၁၂ နှစ်သားအရွယ် တရုတ်နိုင်ငံသား ချာတိတ်လေးဟာ HIV/AIDS ဝေဒနာသည်တွေအကြောင်းကို လေ့လာရတဲ့အခါမှာ စိတ်ထဲမှာ အင်မတန်မှ ထိရှသွားခဲ့ရပါသတဲ့။ သူတို့ဘဝကိုလည်း ကိုယ်ချင်းစာမိသွားခဲ့တယ်။ သူဘာလုပ်သည်ထင်ပါသနည်း။ ကျောင်းဆင်းချိန်တိုင်း သူ ငွေရှာပါသည်။ ရေသန့်ဘူးခွံများ၊ အအေးဘူးခွံများကို ရနိုင်သလောက် လိုက်ကောက်သည်။ တစ်ရက်မပျက်ကောက်သည်။ ရသမျှကိုစုထားပြီး စက္ကူပုလင်းဆိုင်များတွင် သွားရောင်းသည်။ ရသမျှကို လုံးဝမသုံး။ ၂ နှစ်တိတိကောက်သည်။ ၂ နှစ်ပြည့်သော် ပလတ်စတစ်ကောက်သည့် လုပ်ငန်းတွင် တော်တော်ကျွမ်းကျင်သွားခဲ့သည်။ အမေရိကန်ဒေါ်လာ ၂၇၀၀ နှင့် ညီမျှသော တရုတ်ငွေကို ရရှိသွားခဲ့သည်။ ထိုငွေများကို HIV ဝေဒနာနှင့် အကူအညီလိုအပ်နေသူ ကလေးများကိုအကုန်အစင် လှူခဲ့ပြီး၊ ၂ နှစ်တိတိသူစုဆောင်းထားခဲ့သော ကိုယ်ပိုင်မုန့်ဖိုး



ငွေ ဒေါ်လာ ၃၀ ဖိုးနှင့် စာအုပ်၊ ကစားစရာများကိုလည်း လှူလိုက်သည်။ ကိုယ်ချင်းစာနာမှုသည် အရွယ်မရွေးပါ။ ကဲ... ကိုယ့်ဘဝအတွက် ဝမ်းစာဖြည့်ရဦးမှာမို့ အများအတွက် စဉ်းစားဖို့ အချိန်မရှိဘူးလို့ သင်ယူဆပါသေးသလား။ ■

## ကျွဲမေမေ

အိန္ဒိယနိုင်ငံ ရာဂျက်စ်သန်ပြည်နယ်က ကျေးလက်ဒေသတစ်ခုဟာ တောကောင်တောပင်တွေ ထူထပ်တဲ့ အရပ်ဒေသနဲ့ ဆက်စပ်နေပါတယ်။ တစ်ရက်တော့ မိဘမဲ့ သမင်ကောင်လေးတစ်ကောင်ဟာ မျက်စိလည်လမ်းမှားပြီး လူတို့နေရာ ကျေးရွာကို ရောက်လာခဲ့ပါတယ်။ သမင်ကောင်လေးဟာ ထိုအရပ်မှာပဲ မန်ဂီဒေဝီဆိုသည့် အမေတစ်ယောက်ကို သူ အစားရခြင်းဖြစ်သည်။ မန်ဂီဒေဝီသည် ရွာနေ သာမန်အမျိုးသမီး မိခင်တစ်ဦးရှိပါသည်။ ကလေးများရှိသည်။ သမင်လေးလိုပင် မွေးကင်းစကလေး တစ်ယောက် ရှိပါသည်။ ထိုကလေးက သမင်လေးနှင့် မတူသည့်အချက်ကား သူ့ကို နို့တိုက်မည့် မိခင်ရှိခြင်း ဖြစ်ပေသတည်း။ မန်ဂီဒေဝီသည် သမင်လေးကို မွေးစားခဲ့သည်။ ဆင်းရဲသော တောနေအိန္ဒိယမိသားစုဖြစ်သည့်အားလျော်စွာ မွေးကင်းစ သမင်ပေါက်လေး လိုအပ်သည့်နို့ကို ဝယ်မတိုက်နိုင်ပါ။ ထို့ကြောင့် သူ့မိခင်သားမြက်အစုံမှ ထွက်သည့်နို့ကို သူ့ကလေးနှင့်မျှပြီး တိုက်ကျွေးမည်ဟု ဆုံးဖြတ်လိုက်ပါသည်။ ပုံတွင်မြင်ရသည့်အတိုင်း သမင်လေးသည် မိခင်နို့ကို သူ့မွေးစားညီအစ်ကို တော်စပ်သူနှင့် မျှပြီးသောက်ရသည်။ သူ့စိတ်ထဲတွင် မန်ဂီဒေဝီကို သူ့မိခင် ထင်



နေရှာသည်။ ဘေးကနေပြီး နို့တစ်လုံးကို သူနဲ့အတူ အငမ်းမရစို့နေသည့် လူပေါက်စလေးကိုတော့ သူ့မွေးချင်းဟု ထင်နေသည်။ မိခင်မေတ္တာသည် စာဆိုလင်္ကာပန်းချီကျော်တို့ လိုက်လို့မမီသည့် အနုပညာလက်ရာတစ်ခုပင်ဖြစ်သည်။ ■

# About Them





မောင်ခင်မင် (ဓနုဖြူ)

ဒေါ်သန်းမြင့်အောင်

ပြည်ထောင်စုဝန်ကြီး ဦးဖေမြင့်

ဂျာနယ်ကျော် မမလေး ရာပြည့်အခမ်းအနားကို ဧပြီလ ၁ ရက်မှ ၃ ရက်နေ့အထိ ရန်ကုန်မြို့ လမ်းမတော်မြို့နယ် သူနာပြုတက္ကသိုလ်ခန်းမတွင် ကျင်းပခဲ့စဉ်။



လီလီကျော်နိုင်



ငြိမ်းစုသာ



ငြိမ်းသော်



ရတနာ

မတ်လ ၂၆ ရက်နေ့က
ရန်ကုန်မြို့
စမ်းချောင်းမြို့နယ်
ကျွန်းတောလမ်းရှိ
Eliza Beauty Spa ဖွင့်ပွဲ



စိုင်းစိုင်းခမ်းလှိုင်



ဝတ်မှုံရွှေရည်

ဧပြီလ ၁ ရက်နေ့က
ရန်ကုန်မြို့
သမ္မတရုပ်ရှင်ရုံတွင် ပြုလုပ်ခဲ့သည့်
ဂျိုး ဂျိုး ဂျက်ဂျက် ရုပ်ရှင်အထူးပွဲ

# "နင်တို့အလုပ်ကြီးက ကုသိုလ်တစ်ဝက်၊ ငရဲတစ်ဝက်တဲ့။ ကိုယ်လည်း အဲ့ဒီလိုပဲ ခံစားရပါတယ်"

ဟစ်ပ်ဟော့ပ် ဂီတခေတ်ဦးမှာ အမျိုးသမီးဟစ်ပ်ဟော့ပ်အဆိုရှင်အဖြစ် အောင်မြင်မှုတွေ ရရှိခဲ့ဖူးတဲ့ ငယ်ငယ်နဲ့ တွေ့ဆုံပြီး၊ သူငယ်ချင်းဖြစ်သူ စိုင်းစိုင်းခမ်းလှိုင်ရဲ့ မွေးနေ့ရှိုးမှာ ပါဝင်သီဆိုမယ့်အကြောင်း၊ X Factor Myanmar သီချင်းဆိုပြိုင်ပွဲမှာ ဒိုင်လုပ်ဖြစ်တဲ့အတွက် ကြုံတွေ့ရတဲ့ ဝေဖန်မှုတွေအပေါ် သူ့အမြင်နဲ့ အိမ်တိုင်ရာရောက် အစားအသောက်ပို့တဲ့လုပ်ငန်းအကြောင်းတို့ကို The Voice က မေးမြန်းဖော်ပြထားပါတယ်။

**ငယ်ငယ်နဲ့ တွေ့ဆုံခြင်း**

သန့်ဇင်ဦး


ဓာတ်ပုံ- သန့်ဇင်ဦး

**Voice: ကိုယ့်ရဲ့သူငယ်ချင်းအရင်းကြီးဖြစ်တဲ့ စိုင်းစိုင်းရဲ့ မွေးနေ့ရှိုးမှာ ဒီနှစ်လည်း ပါဝင်သီဆိုဖြစ်ဦးမှာပေါ့။ သူ့အတွက် မွေးနေ့ဆုတောင်းအနေနဲ့ဆိုရင် ဘာပြောချင်လဲ။**

**NN:** ဒီနှစ်မှာလည်း စိုင်းစိုင်းနဲ့ သူငယ်ချင်းတွေအကုန်လုံး သီချင်းတွေတူတူ ဆိုကြမယ်ပေါ့နော်။ ဒါပေမဲ့ သီချင်းတွေရွေးတာ၊ သီချင်းတိုက်တာတွေတော့ မလုပ်ရသေးပါဘူး။ မွေးနေ့ရှိုးအတွက် သတင်းစာရှင်းလင်းပွဲကို တစ်ယောက်တည်း ကားမောင်းလာရင်းနဲ့ လမ်းမှာတော့ စဉ်းစားမိတယ်။ ဒီလူပျိုကြီးတော့ မစွံတော့ဘူးလား မသိဘူးပေါ့နော်။ သူ့နောက်က ကားတွေတောင် ကျော်တက်ကုန်ပြီဆိုတော့လေ။ သူ့ဘဝကိုတော့ အမြဲတမ်း အေးအေးချမ်းချမ်း၊ ပျော်ပျော်ရွှင်ရွှင်နဲ့ပဲ ဖြတ်သန်းစေချင်ပါတယ်။

**Voice: သူငယ်ချင်းတွေအဖြစ် ခင်မင်မှု သက်တမ်းကလည်း တော်တော်လေးကြာခဲ့ပြီနော်။ မွေးနေ့ရှိုးတိုင်းမှာရော ဘယ်လိုအမှတ်တရတွေ ရှိခဲ့ကြလဲ။**

**NN:** အမိကကတော့ ဒီလိုမျိုး မွေးနေ့ရှိုးကြီး သီးသီးသန့်သန့် လုပ်တာထက်ကို သူငယ်ချင်းတွေအားလုံး ပြန် ဆုံကြတယ်။ သီချင်းတွေကိုပျော်ပျော်ရွှင်ရွှင် ဆိုကြတယ်။ ပရိသတ်တွေဆိုလည်း နှစ်တိုင်းပုံမှန်လာကြည့်နေကျ လူတွေများတော့ အကုန်လုံးနဲ့က မိသားစုတွေလိုဖြစ်နေပြီ၊ ရှိုးပွဲဆိုတာထက် မိသားစုညစာစား ပွဲပုံစံမျိုး ခံစားရပါတယ်။

**Voice: The X Facror Myanmar သီချင်းဆိုပြိုင်ပွဲ Season 2 ကလည်း ပြန်စတော့မှာနော်။ ဒီနှစ်မှာရော ဘယ်လို ထူးထူးခြားခြား အပြောင်းအလဲတွေရှိမလဲ။**

**NN:** အပြောင်းအလဲတွေကတော့ ရိုက်ကူးရေးအဖွဲ့သားတွေ အပေါ်မှာပဲ မူတည်တာပေါ့နော်။ ကိုယ် ကတော့ ကိုယ့်အပိုင်းကနေ ကိုယ်အကောင်းဆုံး ဖြစ်အောင်တော့ လုပ်သွားမှာပါ။ ပြိုင်ပွဲဝင်တွေအားလုံးနဲ့ကတော့ ကြာလာတာနဲ့အမျှ မိသားစုတွေလို ဖြစ်သွားတာပါပဲ။ ကိုယ်တွေက သူတို့နဲ့ အမြဲတမ်းထိတွေ့နေရတယ်။ အဆိုပိုင်းတွေ၊ အဝတ်အစားပိုင်းတွေ၊ အနေအထိုင်အပြောအဆိုတွေ၊ ပရိသတ်တွေနဲ့ ဆက်ဆံပုံတွေကအစ သူတို့ကို သင်ပေးရတော့ ကြာလာတာနဲ့အမျှ သံယောဇဉ်အရမ်းတွယ်သွားတယ်။ ပြိုင်ပွဲဝင်တစ်ယောက် ပြုတ်သွားတိုင်း တော်တော်လေးလည်း စိတ်မကောင်းဖြစ်ရပါတယ်။ ကိုမျိုးကျော့မြိုင်ကတောင် ပြောတယ်။ နင်တို့အလုပ်ကြီးက ကုသိုလ်တစ်ဝက်၊ ငရဲတစ်ဝက်တဲ့။ ကိုယ်လည်း အဲ့ဒီလိုပဲ ခံစားရပါတယ်။

**Voice: ပြိုင်ပွဲဝင်တွေရဲ့ ဂီတအပေါ် ရူးသွပ်မှု၊ စိတ်ပါဝင်စားမှုကိုရော ဘယ်လိုသုံးသပ်မိလဲ။ ကိုယ်တိုင်လည်း အကဲဖြတ်ဒိုင်လုပ်ဖြစ်တဲ့အတွက် ဝေဖန်မှုတွေလည်း အများကြီးကြုံရတယ်နော်။**

**NN:** အဲ့ဒါကတော့ ပြိုင်ပွဲကာလ ကြာလာတာနဲ့အမျှ တကယ်ကြိုးစားချင်စိတ်ရှိတဲ့လူလား၊ ဒီဂီတအပေါ်မှာ တကယ်ရူးသွပ်တဲ့လူလားဆိုတာ အကဲခတ်လို့ရသွားပါတယ်။ ငယ်တို့ ဒိုင်တွေကို ဝေဖန်ကြတာတွေကို တော့ ဖတ်လည်းမဖတ်ဘူး။ ကြည့်လည်းမကြည့်ဘူး။ ကိုယ့်ရဲ့အမျိုးသားကိုလည်း မဖတ်ပါနဲ့၊ မကြည့်ပါနဲ့လို့ ပြောထားတယ်။ ဘာမှလည်း ပြန်မပြောပါနဲ့လို့ မှာထားတယ်။ သူတို့မှာလည်း ဘယ်သူမဆို ကြိုက်ပိုင်ခွင့်ရှိသလို၊ မကြိုက်ပိုင်ခွင့်လည်း ရှိတယ်လေ။ လွတ်လပ်စွာသဘောထားကွဲလွဲလို့ရပါတယ်။

**Voice: ဝေဖန်မှုတွေ များလာတဲ့အခါမျိုးမှာရော ငါဒိုင်လုပ်ဖြစ်တာ မှားပြီလို့ ခံစားမိတာမျိုးရောရှိလား။**

**NN:** အဲ့ဒီလိုတော့မရှိပါဘူး။ ရှေ့မှာလည်း ငယ်က အိပ်မက်ဆုံရာတို့၊ ယဉ်ကျေးမှုကျောင်းတွေက လုပ်တဲ့ အဆို ပြိုင်ပွဲတွေမှာ ဒိုင်ခဏခဏ လုပ်ခဲ့ဖူးပါတယ်။ စိတ်ထဲမှာတော့ ငါဒိုင်လုပ်တာ မှားပြီလို့ တစ်ခါမှ မခံစားရဖူးပါဘူး။ ကိုယ်တတ်နိုင်တဲ့ အပိုင်းက ကိုယ့် အလုပ်ကိုကိုယ်အကောင်းဆုံး လုပ်တယ်။ ပြိုင်ပွဲဝင်တွေကို ကိုယ်တတ်နိုင်တဲ့ဘက်က အကောင်းဆုံး ပံ့ပိုးပေးမယ်ဆိုတဲ့ စိတ်ပဲရှိပါတယ်။

**Voice: တစ်ကိုယ်တော်စီးရီးထွက်မယ်လို့ ပြောခဲ့ဖူးပေမယ့် မထွက်လာသေးဘူးနော်။**

**NN:** လောလောဆယ်တော့ အွန်လိုင်းကနေ Single သီချင်းနှစ်ပုဒ် ဖြန့်ထားပါတယ်။ နောက်ထပ် သီချင်း အသစ်တွေ ထပ်ထုတ်မယ်ဆိုတော့လည်း ရင်းနှီးတဲ့သူတွေက အကြံပေးတယ်။ တစ်ပုဒ်ချင်းစီ ထုတ်မယ့်အစား Mini Album လောက် လုပ်ပါလို့ အကြံပေးကြတယ်။ ဒါပေမဲ့ ငယ်က တော့ စဉ်းစားနေဆဲပါပဲ။ သီချင်းအသစ်တွေ ကတော့ ထုတ်ချင်စိတ်လည်းရှိတယ်။ စုထားတဲ့ သီချင်းလေးတွေလည်း ရှိပါတယ်။

**Voice: အိမ်တိုင်ရာရောက် အစားအသောက် ပို့ပေးတဲ့ လုပ်ငန်းလေး လုပ်နေတယ်နော်။ ဘယ်လို စိတ်ကူးနဲ့ လုပ်ဖြစ်တာလဲ။**

**NN:** ငယ်တို့ အခုလုပ်နေတာက Food Catering လုပ်ငန်းပါ။ အခုလောလောဆယ်မှာတော့ ရုံးတို့၊ ကလေးမွေးနေ့တို့အတွက် မှာကြတာတွေ များပါတယ်။ ငယ်တို့လင်မယားနှစ်ယောက်လုံးက ဟင်းချက်တာကို အရမ်းဝါသနာပါတော့ ဒီအလုပ်က ကိုယ်တွေနဲ့ ကိုက်တယ်။ ကိုယ်လည်း ကောင်းကောင်း စားချင်သလို၊ သူများကိုလည်း ကောင်းကောင်းစားစေချင်တယ်။ စေတနာအပြည့်နဲ့လည်း ချက်တယ်။ လုပ်ငန်းနာမည်ကိုတော့ BB & NN Food Catering လို့ ပေးထားတယ်။ အမျိုးသားနာမည်က ဘိုဘိုသက်ပါ။ နှစ်ယောက်လုံးက အစားသမားတွေလေ။ ဒီအလုပ်က နှစ်ယောက်အတူတူ တက်ညီလက်ညီ လုပ်လို့ရမယ့် အလုပ်ဖြစ်လို့ပါ။

**Voice: ဒီလုပ်ငန်းကိုရောဘယ်အနေအထားလောက်အထိ ဆက်လက်တိုးချဲ့သွားဖို့ရှိမလဲ။**

**NN:** တဖြည်းဖြည်းနဲ့တော့ တိုးချဲ့သွားမှာပါ။ အခုလောလောဆယ်လည်း အော်ဒါတွေ တော်တော်တော့ များပါတယ်။ ကိုယ်က တစ်ယောက်တည်းဆိုတော့ လုပ်ရတာ နည်းနည်းတော့ ယောက်ယက်ခတ်တယ်။ ဘေးနားမှာ ကူပေးမယ့် သူတွေရှိပေမယ့် ကိုယ်က အကုန်လုံးတော့ ပြန်စစ်ပေးရတာပေါ့။ ကိုယ်မလုပ်ဖူးတဲ့ အလုပ်ဆိုတော့ အတွေ့အကြုံလည်း အများကြီးရပါတယ်။ လေ့လာရင်း၊ သင်ယူရင်းနဲ့ပဲ အဆင်ပြေအောင် လုပ်နိုင်ခဲ့တာပါ။ ဒီ့ထက်ပိုပြီး အခြေကျလာရင်တော့ လုပ်ငန်းတိုးချဲ့ဖို့လည်း ရှိပါတယ်။


ဓာတ်ပုံ- ဝင်းထွန်းနိုင်

## ကျန်းမာရေးအတွက် ဘန်ကောက်မှာ Medical Check-Up သွားလုပ်မယ့် မင်းသွေး

**ရန်ကုန်၊ ဧပြီ ၁**

မကြာသေးခင်က ကျောက်ကပ်ရောင်တာကြောင့် ဆေးသောက်နေရတဲ့အပြင် မျက်လုံးကိုက်လာတာကြောင့်ပါ ဧပြီလထဲမှာ ထိုင်းနိုင်ငံ ဘန်ကောက်မြို့ကိုသွားပြီး Medical Check - Up လုပ်ဖို့ရှိပါတယ်လို့ သရုပ်ဆောင် မင်းသွေးက The Voice ကို ပြောကြားပါတယ်။

"ကျောက်ကပ်ကတော့ ပြန်ကောင်းသွားတဲ့ အနေအထားမျိုးဖြစ်သွားပါပြီ။ ဒါပေမဲ့ ညာဘက်မျက်လုံးကတော့ နည်းနည်းကိုက်နေတယ်။ အဲ့ဒါကြောင့် ဧပြီလထဲမှာ ဘန်ကောက်ကိုသွားပြီး ဆေးသွားစစ်ဖို့ရှိပါတယ်။ တစ်ကိုယ်လုံးကို Medical Check - Up လုပ်မှာပါ" လို့ ၎င်းက ထပ်လောင်း ပြောဆိုပါတယ်။

ထိုင်းနိုင်ငံ ဘန်ကောက်မြို့မှာ Medical Check-Up သွားလုပ်ဖြစ်တာကတော့ မျက်လုံးကိုအဓိက စစ်ဆေးချင်တဲ့ အတွက်ဖြစ်ပြီး နှစ်ဆန်းတစ်ရက်နေ့မှာ ကားရိုက်ဖို့ လက်ခံထားတဲ့အတွက် သင်္ကြန်မတိုင်ခင်သွားမှာဖြစ်ကြောင်း သရုပ်ဆောင် မင်းသွေးက ပြောကြားပါတယ်။

"ကျွန်တော့်မျက်လုံး နှစ်ဖက်စလုံးက ငယ်ငယ်ကတည်းက ခွဲထားရတာပါ။ အဲ့ဒါကြောင့် မျက်လုံးပြန်ဖြစ်မှာ ကြောက်တယ်။ ကျွန်တော်တို့က မျက်လုံးနဲ့အလုပ်လုပ်နေတဲ့လူတွေဆိုတော့ သေချာမစစ်လို့မရဘူး။ ဥပမာ- ခြေထောက်ကျိုးရင်တောင် ပေပေတေတေနေဦးမယ်။ မျက်လုံးကကျတော့ ကိုယ်လုပ်တဲ့အလုပ်နဲ့ ပတ်သက်နေတဲ့ အတွက် ဆေးသွားစစ် ဖို့ဆုံးဖြတ်လိုက်တာပါ" လို့ ၎င်းက ဆိုပါတယ်။

**ဝင်းထွန်းနိုင်**


ဓာတ်ပုံ- ဝင်းထွန်းနိုင်

## ပြင်ဦးလွင်မှာ ကိုယ်ပိုင်စီးပွားရေးအဖြစ် ကျောက်လုပ်ငန်းလုပ်နေတဲ့ နေမင်း

**ရန်ကုန်၊ ဧပြီ ၁**

ပြင်ဦးလွင်မှာ အခြေချပြီး ဇာတ်ကားတွေ ရိုက်ကူးဖြစ်ခဲ့ရာကနေ ကိုယ်ပိုင်စီးပွားရေးတစ်ခုအနေနဲ့ ကျောက်လုပ်ငန်းပါ တွဲလုပ်ဖြစ်လာခဲ့ကြောင်း သရုပ်ဆောင် နေမင်းက The Voice ကို ပြောကြားပါတယ်။

'ကျွန်တော့်အနေနဲ့ စီးပွားရေး လုပ်တယ်ဆိုတာ ကလည်း ကိုယ်လုပ်ချင်တဲ့ အနုပညာအလုပ်တွေကို လုပ်ဖို့ အတွက် တခြားစီးပွားရေးတစ်ခုကို ကြိုးစားကြည့်တဲ့ သဘောပါပဲ။ ကျွန်တော်လုပ်ချင်တဲ့ ပုံစံနဲ့ လက်ရှိ သွားနေတဲ့ Trend ကဘယ်လိုမှအဆင်မပြေနိုင်ဘူး ။ ကိုယ့်ရဲ့ ငွေကြေးရင်းနှီးမှုနဲ့ ကုန်ကျမှုတွေကို စတေးပြီးတော့မှပဲ ကိုယ်လုပ်ချင်တာကို လုပ်လို့ရမှာပါ" လို့ ၎င်းက ထပ်လောင်းပြောကြားပါတယ်။

လက်ရှိမှာ လုပ်ဖြစ်နေတဲ့ ကျောက်လုပ်ငန်းက အဓိက စီးပွားရေးလုပ်ငန်းတစ်ခုလိုဖြစ်နေပြီး၊ လုပ်ငန်းရဲ့ လည်ပတ်မှုကလည်း အတိုင်းအတာတစ်ခုအထိ အဆင်ပြေနေပြီ ဖြစ်ကြောင်း၊ စီးပွားရေး လုပ်ငန်းတစ်ခုကို စဖြစ်တာက ကိုယ်ဖန်တီးချင်တဲ့ အနုပညာတွေကို စိတ်ကြိုက်ဖန်တီးနိုင်ဖို့အတွက် ဖြစ်ကြောင်း နေမင်းက ပြောကြားပါတယ်။

"ကျွန်တော်က ပြင်ဦးလွင်မှာ အိမ်လည်းရှိနေပြီဆိုတော့ အခြေကျနေပါပြီ။ ဒီမြို့ရဲ့ ရာသီဉတုကိုလည်း ကြိုက်တော့ ပိုပြီးနေဖြစ်တယ်။ ပြင်ဦးလွင်သား လုပ်ဖြစ်ဖို့ကတော့ ကြိုးစားဆဲပါပဲ။ ဖြစ်သင့်ရင်လည်းဖြစ်မှာပေါ့။ မဖြစ် သင့်ရင်လည်း မဖြစ်သင့်ဘူးပေါ့။ အတိအကျတော့ မပြောနိုင်သေးဘူး။ လက်ရှိ ကျွန်တော့်ရဲ့ အချစ်ရေးကတော့ အေးဆေးပါပဲ" လို့ ၎င်းကဆိုပါတယ်။ **ဝင်းထွန်းနိုင်**

# CinemaCon မှာ မိတ်ဆက်သွားတဲ့ ဖျော်ဖြေရေး ဇာတ်ကားကြီးများ



**ဟောလိဝုဒ် ရုပ်ရှင်လောကအတွက် အကြီးကျယ်ဆုံးမိတ်ဆက်ပွဲတစ်ခုဖြစ်တဲ့ လာ့စ်ဗီးဂတ်စ်မှာ ကျင်းပတဲ့ CinemaConမှာ စတူဒီယိုတွေက ရုံတင်မယ့် သူတို့ကားကောင်းတွေကို မိတ်ဆက်သွားခဲ့ပါတယ်။ မိတ်ဆက်သွားတဲ့ ဇာတ်ကားတွေထဲက ဒီနှစ်ထဲကြည့်ရမယ့် ဖျော်ဖြေရေးအသားပေး ဇာတ်ကားကြီးတွေအကြောင်း ပြန်လည်ဖောက်သည်ချလိုက်ပါတယ်။**

## Blade Runner 2049

၁၉၈၀ ကျော်က နာမည်ကြီးခဲ့တဲ့ မင်းသားကြီး ဟယ်ရီဆင်ဖို့ဒ်ရဲ့ Blade Runner သိပ္ပံကားနောက်ဆက်တွဲဖြစ်ပါတယ်။ ရိုင်ယန်ဂိုဆလင်း၊ ဂျရတ်လီတိုတို့နဲ့ အားဖြည့်ထားသလို ဖို့ဒ်ကလည်း မူလကားထဲက ဇာတ်ကောင် ရစ်ဒစ်ကတ်အဖြစ် ပြန်လည်ပါဝင်ထားပါတယ်။ အခုခေတ်လိုပုံတူမျိုးပွား (ကလုန်း) လို့မသုံးကြသေးတဲ့ အချိန်ကReplicantsလို့ သုံးနှုန်းတဲ့ 'လူပွား' တွေမှာရော သစ္စာတွေ၊ မေတ္တာတွေ၊ ကိုယ်ပိုင်ဘဝတွေ မရှိသင့်ဘူးလားဆိုတဲ့ အိုင်ဒီယာကို အခြေတည်ထားတာပေါ့။ အောက်တိုဘာလထဲမှာမှ ကြည့်ခွင့်ရမှာ ဖြစ်ပါတယ်။

## War for the Planet of the Apes

နောက်ဆုံးအကြိမ် ဆီဇာ (မျောက်ဝံခေါင်းဆောင်ကြီး) ကို တွေ့ခဲ့ချိန်တုန်းက လူသားနဲ့ မျောက်ဝံတွေကြားက အလုံးစုံစစ်ပွဲကြီးစပြီလို့ အရိပ်အမြွက် သိခဲ့ရပါတယ်။ အခုနောက်ဆုံးထွက်တဲ့ နမူနာကားမှာတော့ မျိုးနွယ်နှစ်ခုရဲ့ ပဋိပက္ခဟာ ရှောင်လွှဲလို့ မရတော့ဘူးဆိုတာကို ထင်ထင်ရှားရှား ဖော်ပြနေပါတယ်။ "လူသားမျိုးနွယ်ကို ကာကွယ်ဖို့ လူသားဆန်မှုကို စွန့်လွှတ်ရတဲ့ အချိန်တွေရှိတယ်" ဆိုတဲ့ ဗိုလ်မှူးကြီး ဝူဒီဟာရယလ်ဆင်ရဲ့ စကားလုံးကလည်း စဉ်းစားစရာပါ။

## Spider-Man:Homecoming

ပင့်ကူလူသားသရုပ်ဆောင်သစ် တွမ်ဟော်လန်ဒ်ရဲ့ပိုမိုငယ်ရွယ်သွက်လက်မှုတွေကို ဒီကားမှာ ကြည့်ခွင့်ရမှာပါ။ ပုံမှန်ပါနေကျ ရန်သူတော်တွေအပြင် ဝင်ပြီး ပွဲကိုင်ပေးမယ့် (ဆရာကြီးဝင်လုပ်မယ့်) Ironman ကိုပါ နမူနာကားထဲမှာ ဇာတ်ဝင်ခန်း အတော်များများတွေ့ခဲ့ရပါတယ်။ မာဗယ်ရဲ့ထုံးစံအတိုင်း တစ်ကားလုံးသွက်တဲ့ ဒီကားကို ၇ ရက် ၇ လ မှာ ရုံတင်မှာဖြစ်ပါတယ်။

## Pirates of the Caribbean: Dead Man Tell No Tales

ငါးကားမြောက်ပင်လယ်ဓားပြကားဟာ အမေရိကဈေးကွက်ကို စွဲဆောင်နိုင်ဖို့ အကောင်းဆုံး ပြင်ဆင်ထားပါတယ်။ ၃ ကားမြောက်နဲ့ ၄ ကားမြောက်ဟာ တစ်ကမ္ဘာလုံးအတိုင်းအတာနဲ့ ဝင်ငွေအရ အောင်မြင်တယ်ဆိုပေမယ့် အမေရိကမှာ မစွံခဲ့ပါဘူး။ ဂျွန်နီဒက်ပ်တစ်ယောက် ကက်ပတိန်ဂျက်စပဲရိုးအဖြစ် ပြန်ပါလာသလို ဗီလိန်က ကက်ပတိန် ဆလာဇာအဖြစ် ဂျာဗီးယားဘာဒမ်က သရုပ်ဆောင်ထားပြီး ဗြိတိန်ရုပ်ရှင်မင်းသမီး ကာယာစကိုဒယ်လာရီယိုကိုလည်း နမူနာကားမှာ တွေ့ခဲ့ရပါတယ်။

## Justice League

ဘင်အက်ဖလက် (လင်းနို့လူသား)၊ ဟင်နရီကဗေးလ် (စူပါမင်းန်)၊ ရေးဖစ်ရှာ (ဆိုက်ဘော့ဂ်)၊ အက်ဇ်ရာမီလာ (The Flash)၊ဂျေဆင်မိုမိုအာ (Aquaman) တို့နဲ့အတူ ရှေ့ထွက်ပြပြီး ပရိသတ်ကို အံ့အားသင့်စေခဲ့ပါတယ်။ ဘယ်သူမှ ဘာစကားမှ မဟခဲ့ကြဘဲ ဒါရိုက်တာဇက်စနိုက်ဒါကသာဒီကားဟာ ၇ နှစ်ကြာ ခရီးရှည်ရဲ့ဇာတ်ရှိန်အမြင့်ဆုံး အခိုက်အတန့်လို့ ကြော်ငြာသွားခဲ့ပါတယ်။ နိုဝင်ဘာ ၁၇ မှာမှ ထွက်ရှိမှာဖြစ်ပါတယ်။

## Wonder Women

Justice League ထဲမှာမတွေ့ရခင် Wonder Woman ကိုသီးသန့်ဇာတ်ကားနဲ့ ဇွန်လထဲမှာ အရင်မိတ်ဆက်မှာပါ။ ရင်သွေးလေးမွေးတာမကြာသေးတဲ့ ရုပ်ရှင်မင်းသမီး ဂဲလ်ဂါးဒေါ့ကိုယ်တိုင် လာ့စ်ဗီးဂတ်စ်မှာလုပ်တဲ့ ပရိမိုးရှင်းပွဲမတက်နိုင်ခဲ့ပေမယ့် ခရစ်ပိုင်းနဲ့ ဒါရိုက်တာပက်တီယန်ကင်စ်တို့ကတော့ အခန်းသစ်တချို့ကို မိတ်ဆက်ပေးခဲ့ပါတယ်။

## The Fate of the Furious

ဧပြီလ ၁၄ ရက်နေ့မှာ ရုံတင်မယ့် ဒီကားဟာ Furiousစီးရီးရဲ့ရှစ်ကားမြောက်ဖြစ်ပါတယ်။ ပါဝင်တဲ့ သရုပ်ဆောင်အများစုကိုယ်တိုင်လာမိတ်ဆက်သွားကြပေမယ့် ဟယ်လင်မီရန်ကိုတော့ မတွေ့ခဲ့ရပါဘူး။ ဗင်ဒီဇယ်ကတော့ ကွယ်လွန်သူ ပေါလ်ဝေါလ်ကာကို အောက်မေ့သတိရခြင်းတွေပဲ ပြန်ပြောသွားခဲ့ပြီး ဝေါလ်ကာသာရှစ်ကားမြောက် ဇာတ်ကားဆက်ရိုက်သင့်တယ်လို့ မပြောခဲ့ဘူးဆိုရင် သူ ဆက်ရိုက်ဖြစ်မှာမဟုတ်ဘူးလို့ ဆိုသွားပါတယ်။ ကားမောင်းစရာ နေရာမရှိတော့ သလောက်ဖြစ်နေတဲ့ Furious အုပ်စုဟာ ရေခဲပြင်ပေါ်မှာပါ သွားမောင်းနေကြတာကို နမူနာကားမှာ တွေ့ခဲ့ရပါတယ်။ **F-03**



# စာအိတ်မှားတဲ့ အော်စကာစာရင်းကိုင်အဖွဲ့ကို ဖယ်ရှားမှာ မဟုတ်

**အော်စကာဆုစာအိတ်များကို ထည့်ထားသည့် လက်ဆွဲအိတ်များကိုင်ရသော PwC စာရင်းကိုင်အဖွဲ့သားနှစ်ဦး**

အော်စကာဆုပေးပွဲသမိုင်းမှာ အကြီးကျယ်ဆုံး ကမောက်ကမဖြစ်စဉ်ကြီးကို ဖြစ်ပေါ်စေခဲ့တဲ့ အဓိကပုဂ္ဂိုလ်များလို့ ဆိုနိုင်တဲ့ စာအိတ်မှားပေးခဲ့ကြတဲ့ စာရင်းကိုင်နှစ်ဦးနဲ့ သူတို့ရဲ့ စာရင်းစစ်အဖွဲ့ကို ဖယ်ရှားအစားထိုးမှာ မဟုတ်ဘူးလို့ ဆိုပါတယ်။

ပြီးခဲ့တဲ့လက ကျင်းပတဲ့ဆုပေးပွဲမှာ အကောင်းဆုံးဇာတ်ကားဆု ကြေညာဖို့အတွက် ဖွင့်ဖောက် ကြေညာသူတွေကို စာအိတ်ပေးရာမှာ အကောင်းဆုံးဇာတ်ဆောင်အမျိုးသမီးဆုစာအိတ်နဲ့ မှားပေးခဲ့တဲ့ စာရင်းကိုင်နှစ်ဦးဟာ တော်တော်လေးကို ဝေဖန်ခံခဲ့ရပါတယ်။

လက်ဆွဲအိတ် နှစ်အိတ်နဲ့ စာအိတ်နှစ်စုံစီကို လူနှစ်ယောက်က ကိုင်ထားပြီး ကြေညာမယ့်သူလက်ထဲ ထည့်ပေးတဲ့ အစီအစဉ်ဟာ ဆုကြေညာမယ့် သူ စင်မြင့်ဘယ်ဘက်က တက်တက်၊ ညာဘက်က တက်တက် အဆင်ပြေအောင် လုပ်ပေးထားတာဖြစ်ပေမယ့် မလိုအပ်ဘဲ မှားယွင်းအောင် လုပ်သလိုဖြစ်စေခဲ့ပါတယ်။

ရုပ်ရှင်ဝိဇ္ဇာသိပ္ပံ အကယ်ဒမီကတော့ သူတို့နဲ့ ၈၃ နှစ်ကြာ လက်တွဲလာတဲ့ Pricewaterhouse Coopers(PwC) စာရင်းကိုင်အဖွဲ့နဲ့ လက်တွဲဖြုတ်မှာ မဟုတ်ဘူးလို့ စစ်ဆေးမှုတွေအပြီးမှာ ကြေညာခဲ့တာ ဖြစ်ပါတယ်။

ဒါပေမဲ့ နောက်လာမယ့် ဆုပေးပွဲတွေမှာ အော်စကာဆုစာအိတ်တွေ ထည့်ထားတဲ့ အိတ်နှစ်အိတ်ကို ကိုင်တဲ့ သူနှစ်ယောက်အပြင် နောက်တစ်ဦးပါ ထပ်စောင့်ပေးရမယ်လို့ ဆိုပါတယ်။ အဲဒီလူတွေဟာ ဇာတ်ခုံနောက်မှာ တွစ်တာ လူမှုကွန်ရက်သုံးတာ၊ ဓာတ်ပုံတွေ၊ စာတွေ လူမှုကွန်ရက်ပေါ်တင်တာတွေ မလုပ်ရဘူးလို့ပါ ပိတ်ပင်ထားပါတယ်။

■ **F-03**



# Beauty and the Beast ကို အမီလိုက်လာတဲ့ The Boss Baby နဲ့ ဒီတစ်ပတ် ရုပ်ရှင်

ကြာသပတေးညအကြိုပြသမှုမှာ စကားလက်ဂျိုဟန်ဆင် သရုပ်ဆောင်ထားတဲ့တဲ့ Ghost in the Shell ဇာတ်ကားက ဝင်ငွေ အမေရိကန်ဒေါ်လာ ၁ ဒသမ ၈ သန်းနဲ့ ဦးဆောင်ခဲ့ပေမယ့် သောကြာနေ့မှာတော့ The Boss Baby အန်နီမေးရှင်းက ပြန်ဦးဆောင်ခဲ့ပြီး သုံးပတ်ဆက် အောင်ပွဲခံနေတဲ့ Beauty and the Beast ကို အမီလိုက်လာခဲ့ပါတယ်။

အမေရိက ရုံတင်ရောင်းရငွေမှာ သုံးပတ်ဆက်တိုက် ရပ်တည်နိုင်တဲ့ အမ်မာဝပ်ဆင် သရုပ်ဆောင်ထားတဲ့ Beauty and the Beast ပုံပြင်ဇာတ်လမ်းဟာ စံချိန်တွေ ဆက်တိုက်ချိုးထားပါတယ်။ အမေရိကန်ပြည်တွင်းမှာတင် ဒေါ်လာ ၃၄၈ သန်း ရခဲ့ပြီးဖြစ်သလို ကမ္ဘာတစ်ဝန်းမှာ သန်း ၇၆၀ အထိ ရထားပြီးပါပြီ။

သောကြာမှာ ဒီနှစ်ကားစလုံးက ၁၂ ဒသမ ၅ သန်းစီနဲ့ အပြိုင်ဖြစ်နေပေမယ့် Beauty and the Beast ကပဲ ဦးဆောင်သွားဖို့ရှိနေပြီး နှစ်ကားစလုံး စနေ၊ တနင်္ဂနွေမှာ ဒေါ်လာသန်း ၄၀ ဝန်းကျင်နဲ့ ကျော်တက်သွားဖို့ရှိပါတယ်။ Ghost in the Shell ကတော့ ဒီတစ်ပတ် ဒေါ်လာသန်း ၂၀ ဝန်းကျင် လောက်နဲ့ပဲ တတိယနေရာက ရပ်တည်မယ်လို့ ခန့်မှန်းပါတယ်။

အမျိုးသမီးလူစွမ်းကောင်း ဇာတ်လိုက်အဖြစ် Lucy ဇာတ်ကားမှာအသိအမှတ်ပြုခံရတဲ့ စကားလက်ဂျိုဟန်ဆင်ဟာ Ghost in the Shell မှာတော့ အရင်က အောင်မြင်မှုမျိုး ပြန်ရှာမတွေ့နိုင်ခဲ့ပါဘူး။

The Boss Baby ဟာကာတွန်းကားဆိုပေမယ့် PG အဆင့်သတ်မှတ်ခံရ (အရွယ်မရောက်သေးသူများမိဘအုပ်ထိန်းသူနဲ့သာ လာရောက်ကြည့်ရှုနိုင်) တဲ့ ဇာတ်ကားဖြစ်ပြီး သမ္မတဒေါ်နယ်ထရမ့်နဲ့ မျက်မှောက်ကာလအခြေအနေကို သရော်ထားတာတွေကြောင့် ဝေဖန်သူတွေရဲ့ ချီးကျူးမှုခံခဲ့ရပါတယ်။ ဒီရုပ်ရှင်ဟာ ၂၀၁၀ ပြည့်နှစ်က မာလာဖရာဇီး ရေးသားသရုပ်ဖော်တဲ့ ကလေးစာအုပ်ကို အခြေခံထားတာပါ။

ဂျပန် အန်နီမီကို ပြန်အသက်သွင်းတဲ့ ဒီဇာတ်ကားဟာ မူရင်းဇာတ်လမ်းမှာ ဇာတ်လိုက်က ဂျပန်မလေးဖြစ်ပေမယ့် လူဖြူအမျိုးသမီး သရုပ်ဆောင်နဲ့ပဲ ရိုက်ကူးခဲ့တဲ့အပေါ် ဝေဖန်မှုတွေနဲ့ ကြုံခဲ့ရပါတယ်။ ဘာမှမဝတ်ထားသလိုဖြစ်နေတဲ့ ဆူပါဟီးရိုးဝတ်စုံကလည်း အမြင်တစ်မျိုး ဖြစ်စရာဖြစ်နေပါတယ်။ အန်နီမီဇာတ်ကားမှာ အောင်မြင်ခဲ့သလောက် ရုပ်ရှင်မှာ ထင်သလောက်မပေါက်နိုင်ဘူးလို့ ခန့်မှန်းထားကြပါတယ်။ ဒီကားတွေနောက်မှာတော့ ရှေ့အပတ်က ရုံတင်တဲ့ Power Rangers နဲ့ Kong:Skull Island တို့ ရှိနေပါတယ်။

**F-03**

# တောင်ကိုရီးယားသမ္မတဟောင်းပတ်ဂွမ်ဟီးကို အဂတိလိုက်စားမှုဖြင့် စုံစမ်းစစ်ဆေးရန် ဖမ်းဆီး

**ဆိုးလ်၊ မေ ၁**

ရာထူးမှထုတ်ပယ်ခံရသော တောင်ကိုရီးယားသမ္မတဟောင်း ပတ်ဂွမ်ဟီးကို အဂတိလိုက်စားမှုနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးရန်အတွက် ဖမ်းဆီးထိန်းသိမ်းထားသည်ဟု BBC သတင်းတွင် ရေးသားဖော်ပြထားသည်။

အသက် ၆၅ နှစ်အရွယ် သမ္မတဟောင်းအား ဖမ်းဆီးရန် တရားရုံးက ခွင့်ပြုပြီးနောက် ဆိုးလ်မြို့တောင်ဘက် ထိန်းသိမ်းရေးစခန်းသို့ ခေါ်ဆောင်သွားခဲ့သည်။

သူငယ်ချင်းဖြစ်သူ ချွိုင်ဆွန်ဆီက သမ္မတအာဏာကို အလွဲသုံးစားပြု၍ ငွေကြေးရှာဖွေခြင်းကို မစ္စပတ်ဂွမ်ဟီးက ခွင့်ပြုခဲ့သည်ဟူသော စွပ်စွဲမှုများကို ပတ်ဂွမ်ဟီးက ငြင်းဆန်လျက်ရှိသည်။

သူမသည် ရာဇဝတ်မှု စွပ်စွဲချက်ဖြင့် ဖမ်းဆီးခံရသော တတိယမြောက် တောင်ကိုရီးယားသမ္မတဖြစ်သည်ဟု သိရှိရသည်။

သူမအား အဂတိလိုက်စားမှု၊ အာဏာအလွဲသုံးစားပြုမှု၊ လျှို့ဝှက်အချက်အလက် ပေါက်ကြားမှုတို့ဖြင့် စုံစမ်းစစ်ဆေးနေစဉ် ဖမ်းဆီးထိန်းသိမ်းထားရန် ဝရမ်းကို ဆိုးလ်အလယ်ပိုင်းခရိုင်တရားရုံးက ထုတ်ပေးခဲ့ခြင်းဖြစ်သည်။

ကြာသပတေးနေ့က တရားရုံးတွင် မစ္စပတ်အား ကိုးနာရီကြာ စစ်ဆေးပြီးနောက်တွင် သမ္မတဟောင်းသည် သက်သေအထောက်အထားများကို ဖျောက်ဖျက်ပစ်နိုင်သောကြောင့် ဖမ်းဆီးထိန်းသိမ်းထားရန် လိုအပ်သည်ဟု အကြောင်းပြချက်ပေးကာ တရားရုံးက ဝရမ်းထုတ်ပေးခဲ့ခြင်းဖြစ်သည်။

မစ္စပတ်ဂွမ်ဟီးအား တရားဝင်စွဲချက်တင်ခြင်းမပြုမီ ယခုဝရမ်းဖြင့် ရက်ပေါင်း ၂၀ အထိ ဖမ်းဆီးထားနိုင်မည်ဖြစ်သည်။

မစ္စပတ်ဂွမ်ဟီးသည် သူမအား လွှတ်တော်က ပြစ်တင်စွပ်စွဲသည့် ဆုံးဖြတ်ချက်ချမှတ်မှုကို အခြေခံဥပဒေတရားရုံးက အတည်ပြုလိုက်ခြင်းကြောင့် သမ္မတရာထူးမှ ဖယ်ရှားခံရပြီးနောက် သမ္မတရာထူးကြောင့် ကင်းလွတ်ခွင့်ရမှု ဆုံးရှုံးသွားပြီဖြစ်သည်။

အမှုတွင် ပါဝင်ပတ်သက်နေသော ချွိုင်ဆွန်ဆီနှင့် Samsung ကုမ္ပဏီ ယာယီဥက္ကဋ္ဌ လီဂျေယောင်းတို့ကို ထိန်းသိမ်းထားသောစခန်းသို့ မစ္စပတ်ကို ခေါ်ဆောင်သွားခြင်းဖြစ်ပြီး ၎င်းတို့ကိုလည်း သီးခြားစီ စစ်ဆေးလျက်ရှိသည်။

မစ္စပတ်၏ သစ္စာခံ ဟွန်ကျိုအန်းက လက်ရှိတွင် ယာယီသမ္မတအဖြစ် တာဝန်ယူထားပြီး သမ္မတရွေးကောက်ပွဲများကို မေလ ၉ ရက်တွင် ကျင်းပမည်ဖြစ်သည်။

■ F-04




သမ္မတဟောင်းပတ်ဂွမ်ဟီးကို ဖမ်းဆီးခေါ်ဆောင်သွားစဉ်၊ ၎င်းသည် ပြစ်မှုထင်ရှားပါက ထောင်ဒဏ် ၁၀ နှစ်ကျော် ချမှတ်ခံရဖွယ်ရှိသည်




NATO နိုင်ငံခြားရေးဝန်ကြီးများ

# ဥရောပနိုင်ငံများ စစ်အသုံးစရိတ် တိုးမြှင့်ရေး အမေရိကန် တောင်းဆိုချက် ဂျာမနီ လက်မခံ

**ဘာလင်၊ မေ ၁**

ဥရောပနိုင်ငံများကာကွယ်ရေး အမေရိကန်ပြည်ထောင်စုက ပါဝင်လုပ်ဆောင်ပေးမည်ဟု အာမခံလိုက်သလို ဥရောပနိုင်ငံများကလည်း စစ်အသုံးစရိတ် တိုးမြှင့်ပေးရမည်ဟု တောင်းဆိုလိုက်ခြင်းကို ဂျာမနီနိုင်ငံခြားရေးဝန်ကြီး ဆစ်ဂနာ ဂဘာရီယာက လက်မခံနိုင်ကြောင်း ပြောကြားလိုက်သည်ဟု Reuters သတင်းတွင် ဖော်ပြထားသည်။

စစ်အသုံးစရိတ်ကို စုစုပေါင်း ပြည်တွင်းထွက်ကုန်၏ ၂ ရာခိုင်နှုန်းအထိ အသုံးပြုရေး တောင်းဆိုထားသော်လည်း ယင်းသတ်မှတ်ချက်ကို ဂျာမနီနိုင်ငံရောက်ရှိနိုင်မည်မဟုတ်သလို ယင်းသို့လုပ်ဆောင်ရန်လည်း မလိုလားကြောင်း ဂျာမနီ နိုင်ငံခြားရေးဝန်ကြီး ဂဘာရီယာက ပြောကြားသွားသည်။

NATO မဟာမိတ်နိုင်ငံများအနေနှင့် ၂၀၂၄ ခုနှစ် နောက်ဆုံးထားပြီး စစ်အသုံးစရိတ်ကို စုစုပေါင်း အသုံးစရိတ်၏ ၂ ရာခိုင်နှုန်းအထိ တိုးမြှင့်ပေးရမည်ဖြစ်သည်။

"၂ ရာခိုင်နှုန်းဆိုတာ စစ်အသုံးစရိတ် ယူရို ၇၀ ဘီလီယံပါ။ အဲလို သတ်မှတ်ချက်ရောက်နိုင်တယ် ဒါမှမဟုတ် အဲလို လုပ်ချင်တယ်လို့ ကြွေးကြော်နိုင်တဲ့ ဘယ်ဂျာမန်နိုင်ငံရေးသမားကိုမျှ ကျွန်တော် မတွေ့ဖူးပါဘူး" ဟု အမေရိကန်နိုင်ငံခြားရေးဝန်ကြီး တိုင်လာဆန်ပါတက်ရောက်သည့် NATO နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးတွင် ဂျာမန်ဝန်ကြီးက ပြောကြားသည်။

စစ်အသုံးစရိတ် တိုးမြှင့်မှုထက် စစ်အသုံးစရိတ်ကို မည်ကဲ့သို့ကောင်းမွန်စွာ အသုံးပြုရမည်မှာ ပိုအရေးကြီးကြောင်း နိုင်ငံများနှင့်ဒေသများ တည်ငြိမ်ရေး ပေးအပ်လျက်ရှိသည့်လူသားချင်းစာနာထောက်ထားမှု၊ ဖွံ့ဖြိုးတိုးတက်မှုနှင့် စီးပွားရေးအကူအညီများကိုပါ ထည့်သွင်းတွက်ချက်ရန် လိုအပ်ကြောင်း ဂျာမနီက ထောက်ပြထားသည်။

သို့သော်လည်း နေတိုးစစ်အုပ်စုဝင်နိုင်ငံများ၏ကာကွယ်ရေးအသုံးစရိတ် အသုံးပြုမှုပေါ် မူတည်ပြီး NATO အဖွဲ့ လုံခြုံရေးကို အမေရိကန်က အာမခံပေးမည်ဟု အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က အကြံပြုထားပြီး အဆိုပါ စစ်အုပ်စုသည် ခေတ်မမီတော့သည့်အဖွဲ့ဖြစ်သည်ဟုလည်း ထရမ့်က မှတ်ချက်ပြုထားသည်။

နေတိုးစစ်အုပ်စုတစ်ခုလုံး၏ ကာကွယ်ရေးအသုံးစရိတ် ၇၀ ရာခိုင်နှုန်းမှာ အမေရိကန်ပြည်ထောင်စုမှဖြစ်ပြီး နေတိုးအုပ်စုဝင် ဥရောပလေးနိုင်ငံဖြစ်သည့် အက်စတိုးနီးယား၊ ဂရိ၊ ပိုလန်နှင့် ဗြိတိန်နိုင်ငံတို့သာ ၂ ရာခိုင်နှုန်းသတ်မှတ်ချက်ကို ပြည့်မီသေးသည်။

■ F-05

# သမ္မတရွေးကောက်ပွဲကိစ္စ အငြင်းပွားနေသော ပါရာဂွေးတွင် ပါလီမန်ကို မီးရှို့

**အက်စ်အွန်စီယွန်၊ မေ ၁**

ပါရာဂွေးတွင် သမ္မတကိုရွေးကောက်ပွဲ ပြန်လည်ယှဉ်ပြိုင်ခွင့်ပေးမည့် ဥပဒေကြမ်းကို အကြမ်းဖက်ကန့်ကွက်ဆန္ဒပြခဲ့ကြပြီး ပါလီမန်ကို မီးရှို့ဖျက်ဆီးခဲ့ကြသည်ဟု BBC သတင်းတွင် ဖော်ပြထားသည်။

၃၅ နှစ်ကြာ အာဏာရှင်အုပ်ချုပ်မှုအပြီး ပြဋ္ဌာန်းခဲ့သော ၁၉၉၂ အခြေခံဥပဒေတွင် သမ္မတကို ငါးနှစ်သက်တမ်းတစ်ကြိမ်သာ ခွင့်ပြုထားသော်လည်း လက်ရှိသမ္မတ ဟိုရက်ရှိုကာတီက ကန့်သတ်ချက်ကိုဖယ်ရှားကာ ထပ်မံယှဉ်ပြိုင်ရန် ကြိုးစားမှုကြောင့် ဆန္ဒပြမှုများ ထွက်ပေါ်လာခြင်းဖြစ်သည်။

ဆန္ဒပြသူများသည် သောကြာနေ့က လွှတ်တော်ကို ချိုးဖျက်ဝင်ရောက်ကာ အတွင်းပိုင်းကို မီးရှို့ခဲ့ကြပြီး ပြင်ဆင်ချက်ဥပဒေကြမ်းကို ထောက်ခံခဲ့သော အမတ်များ၏ရုံးခန်းများကို ဖျက်ဆီးခဲ့ကြသည်ဟု AFP သတင်းကဆိုသည်။

ရဲတပ်ဖွဲ့က ရော်ဘာကျည်ဆန်များ၊ မီးသတ်ပိုက်များ အသုံးပြုကာ လူစုခွဲခဲ့ပြီး ဆန္ဒပြသူများ၊ နိုင်ငံရေးသမားများ၊

စာ - 21



# သဘောတူညီနိုင်းမှုအရ ကင်ဂျုံနမ်၏ ရုပ်အလောင်း ပြုံယမ်းသို့ရောက်ရှိ

**ကွာလာလမ်ပူ - ပြုံယမ်း၊ ဧပြီ ၁**

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်း၏ ဖအေတူမအေကွဲ အစ်ကိုတော်စပ်သူ ကင်ဂျုံနမ်၏ ရုပ်အလောင်းသည် ပြုံယမ်းသို့ရောက်ရှိသွားပြီဟု တရုတ်တာဝန်ရှိသူများက ထုတ်ဖော်ပြောကြားလိုက်ကြောင်း BBC သတင်းတွင်ရေးသားဖော်ပြထားသည်။

၎င်းရုပ်အလောင်းကို မြောက်ကိုရီးယားတို့က တောင်းဆိုခဲ့သော်လည်း မည်သူမည်ဝါဖြစ်ကြောင်း အတည်မပြုပေ။ ညှိနှိုင်းမှုအရ မြောက်ကိုရီးယားမှ ထွက်ခွာခွင့် ပိတ်ပင်ခံထားရသော မလေးရှားနိုင်ငံသားကိုးဦး ပြန်လည်ရောက်ရှိခဲ့ပြီး ရုပ်အလောင်းကို ပေးပို့ခဲ့ခြင်းဖြစ်သည်။

ယခင်လက ကွာလာလမ်ပူလေဆိပ်တွင် ကင်ဂျုံနမ် လုပ်ကြံသတ်ဖြတ်ခံရမှုနှင့်ပတ်သက်ပြီး နှစ်နိုင်ငံအကြား သံတမန်ရေး တင်းမာမှုများဖြစ်ပွားကာ သက်ဆိုင်ရာနိုင်ငံသားများ ထွက်ခွာခွင့်ကို အပြန်အလှန် ပိတ်ပင်ခဲ့ကြသည်။

သေဆုံးသူ၏ ရုပ်အလောင်းနှင့် မြောက်ကိုရီးယား နိုင်ငံသားများသည် ဘေဂျင်းမှတစ်ဆင့် မြောက်ကိုရီးယားသို့ ရောက်ရှိသွားပြီဟု တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ လူကန်က ပုံမှန်သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသွားသည်။

ကွယ်လွန်သူ ခေါင်းဆောင်ဟောင်း ကင်ဂျုံအီးလ်၏ သားအကြီးဆုံး ကင်ဂျုံနမ်သည် ခေါင်းဆောင်နေရာနှင့် လွဲချော်ခဲ့ပြီးနောက် တရုတ်နိုင်ငံ၏ စောင့်ရှောက်မှုဖြင့် ပြည်ပတွင်နေထိုင်နေသူဖြစ်ပြီး ၎င်းအား လုပ်ကြံသတ်ဖြတ်မှုကို ပြုံယမ်းက စီစဉ်ညွှန်ကြားသည်ဟု အများစုက သံသယရှိကြသည်။




**ကင်ဂျုံနမ်၏ ရုပ်အလောင်းကို ရင်ခွဲရုံမှယူဆောင်ကာ အဆိုပါကားဖြင့် ကွာလာလမ်ပူလေဆိပ်သို့ ပို့ဆောင်ခဲ့ခြင်းဖြစ်သည်**

နှစ်နိုင်ငံအငြင်းပွားမှုကြောင့် ပြုံယမ်းတွင် ပိတ်မိနေသော မလေးရှားသံတမန်များနှင့် မိသားစုဝင် ကိုးဦးသည် သောကြာနေ့အစောပိုင်းက ကွာလာလမ်ပူလေဆိပ်သို့ ပြန်လည်ရောက်ရှိလာခဲ့သည်။

ဖေဖော်ဝါရီလ ၁၃ ရက်က ကင်ဂျုံနမ် လုပ်ကြံခံရပြီးနောက် ၎င်း၏ရုပ်အလောင်းကို ခွဲစိတ်စစ်ဆေးခြင်းမပြုဘဲ ပြန်ပို့ရန် မြောက်ကိုရီးယားက တောင်းဆိုခဲ့ရာ မလေးရှားတို့က ငြင်းပယ်ခဲ့ပြီး မလေးရှားမြေပေါ်တွင် သေဆုံးသော ရုပ်အလောင်းကို စစ်ဆေးခွင့်ရှိကြောင်းနှင့် အလောင်းကို ကင်ဂျုံနမ်၏ မိသားစုထံ လွှဲပြောင်းပေးမည်ဖြစ်ကြောင်း ပြောကြားခဲ့ခြင်းကြောင့် ပြုံယမ်းက စိတ်ဆိုးမာန်ဆိုး တုံ့ပြန်ခဲ့ခြင်းဖြစ်သည်။

နှစ်နိုင်ငံအကြား အပြန်အလှန် စွပ်စွဲမှုများဖြစ်ပေါ်ခဲ့ပြီး မြောက်ကိုရီးယားသံအမတ်ကို ကွာလာလမ်ပူမှ နှင်ထုတ်ကာ မလေးရှားသံအမတ်ကိုလည်း ပြန်လည်ခေါ်ယူခဲ့သည်။

ထို့နောက်တွင် ပြုံယမ်းက ကျန်ရှိနေသော မလေးရှားသံတမန်များနှင့် မိသားစုဝင်များကို ထွက်ခွာခွင့် ပိတ်ပင်ခဲ့သည်။

မလေးရှားဘက်ကလည်း မြောက်ကိုရီးယားနိုင်ငံသားများ ထွက်ခွာခွင့်ကို အပြန်အလှန် ပိတ်ပင်ခဲ့သည်။

ယင်းကဲ့သို့ အခြေအနေမျိုးတွင် စဉ်းစားဉာဏ်ဖြင့် ဖြေရှင်းခြင်းမှလွဲလျှင် အစားထိုးရန်နည်းလမ်းမရှိဟု မလေးရှားနိုင်ငံခြားရေးဝန်ကြီး အန်နီဖာအာမန်က သောကြာနေ့အစောပိုင်းတွင် သတင်းထောက်များအား ပြောကြားသည်။

ညှိနှိုင်းမှုအပြီးတွင် ဝန်ကြီးချုပ် နာဂျစ်က "မလေးရှားရဲက စစ်ဆေးရန် အလိုရှိသူများ အပါအဝင် မြောက်ကိုရီးယားအားလုံးကို မလေးရှားနိုင်ငံမှ ထွက်ခွာခွင့်ပေးမည်" ဟု ပြောကြားခဲ့သည်။

သောကြာနေ့က ကင်၏ရုပ်အလောင်းကို ပေးပို့ခဲ့သော ဘေဂျင်းလေကြောင်းခရီးစဉ်တွင် ရဲကအလိုရှိသော မြောက်ကိုရီးယားနှစ်ဦးနှင့် ဆင်တူသောသူနှစ်ယောက်ကို တွေ့မြင်ရသည်ဟု ဂျပန်ကျိုဒိုသတင်းဌာနက ထုတ်ပြန်သည်။

၎င်းတို့နှစ်ဦးမှာ သံရုံးအတွင်းဝန် ဟွန်ကွမ်ဆွန်နှင့် မြောက်ကိုရီးယားလေကြောင်းလိုင်းမှ ဝန်ထမ်း ကင်ယူအီးတို့ဖြစ်ပြီး မလေးရှားအာဏာပိုင်များ၏ စုံစမ်းစစ်ဆေးမှုကို ငြင်းဆန်ကာ ကွာလာလမ်ပူသံရုံးအတွင်း ပုန်းအောင်းနေခဲ့ခြင်းဖြစ်သည်။

သေဆုံးသူ ကင်ဂျုံနမ်၏ မိသားစုမှာမူ ယခင်က မကာအိုတွင် နေထိုင်ခဲ့သော်လည်း ယခုအခါ ပုန်းအောင်းနေထိုင်နေသည်ဟု ယူဆရသည်။ ■ F-04

---

**စာ - 20 သမ္မတရွေးကောက်ပွဲကိစ္စ အငြင်းပွားနေသော ပါရာဂွေးတွင် ပါလီမန်ကို မီးရှို့. . . မှ အဆက်**

ရဲတပ်ဖွဲ့ဝင်များ အပါအဝင် လူပေါင်းများစွာ ထိခိုက်ဒဏ်ရာ ရရှိခဲ့ကြသည်ဟု ပြည်တွင်းမီဒီယာများက ထုတ်ပြန်သည်။

လွှတ်တော်အဆောက်အအုံ မီးလောင်မှုသည် နှစ်နာရီခန့် ကြာမြင့်ကာ လမ်းများပေါ်တွင် ရဲများနှင့် ဆန္ဒပြသူများအကြား ရုန်းရင်းဆန်ခတ်ဖြစ်ပွားခဲ့ပြီး ပါရာဂွေးတွင် ၁၉၉၂ ဒီမိုကရေစီ ရရှိပြီးနောက်ပိုင်း အပြင်းထန်ဆုံး ဆန္ဒပြမှုဖြစ်သည်။

အခြေခံဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ထောက်ခံခဲ့သည့် ဆီနိတ်တာအမတ် ၂၅ ဦး၏ သီးသန့်အစည်းအဝေးအပြီးတွင် လမ်းများပေါ်သို့ ဆန္ဒပြသူများ စုဝေးရောက်ရှိလာခဲ့ခြင်းဖြစ်သည်။

ယင်းဥပဒေကြမ်းကို အောက်လွှတ်တော်ကလည်း အတည်ပြုရန် လိုအပ်သော်လည်း အောက်လွှတ်တော်တွင် သမ္မတ ကာတီ၏ပါတီက လွှမ်းမိုးထားသည်ဟု သိရှိရသည်။

အတိုက်အခံ ဆီနိတ်တာ ဒီစီရီမာဆီက "ဒီလုပ်ရပ်က အာဏာသိမ်းဖို့ လုပ်ဆောင်နေတာပါ။ ပြည်သူတွေနဲ့ အတူတူ ကျွန်တော်တို့ ဟန့်တားသွားမှာပါ" ဟု ပြောကြားသည်။

ပါရာဂွေးတွင် ၁၉၅၄ မှ ၁၉၈၉ အထိ ဗိုလ်ချုပ်ကြီး အယ်ဖရက်ဒို စထရိုဆနာက အာဏာသိမ်းကာ အုပ်ချုပ်ခဲ့ပြီးနောက် ၁၉၉၂ တွင် အခြေခံဥပဒေသစ်အရ ခေတ်မီအစိုးရ ပေါ်ထွက်လာခဲ့သော်လည်း နိုင်ငံရေးမတည်ငြိမ်မှုများ၊ ပါတီအချင်းချင်း တိုက်ခိုက်ပြိုင်ဆိုင်မှုများ၊ မအောင်မြင်သော အာဏာသိမ်းမှုများ ဆက်တိုက်ဖြစ်ပွားလျက်ရှိသည်။

လက်ရှိသမ္မတကာတီ၏ ရာထူးသက်တမ်းသည် ၂၀၁၈ တွင် ကုန်ဆုံးမည်ဖြစ်ရာ အခြေခံဥပဒေ ပြင်ဆင်မှုကို အတည်ပြုလိုက်ပါက သမ္မတကာတီအပြင် ၂၀၁၂ ခုနှစ်က ရာထူးမှ ဖယ်ရှားခံရသော သမ္မတဟောင်း ဖာနန်ဒိုလူဂိုလည်း ပြန်လည်ယှဉ်ပြိုင်ခွင့် ရလာမည်ဖြစ်သည်။ ■ F-04

# CARTOON




**အင်တာနက်ဆိုတာ Google နဲ့ Facebook တို့ မင်းမူထားတဲ့နယ်ပယ်လား**

Cagle.com

# ဘိုးအင်းကုမ္ပဏီ၏ နောက်ဆုံးပေါ် အကြီးဆုံး Dreamliner လေယာဉ်ကို ပထမဆုံးအကြိမ် အောင်မြင်စွာ ပျံသန်း

**နယူးယောက်၊ ဧပြီ ၁**

ဘိုးအင်းကုမ္ပဏီ၏ နောက်ဆုံးပေါ်နှင့် အကြီးဆုံးလေယာဉ် Dreamliner 787-10 သည် သောကြာနေ့က ပထမဆုံးအကြိမ် အောင်မြင်စွာ စမ်းသပ်ပျံသန်းနိုင်ခဲ့သည်ဟု Reuters သတင်းတွင် ဖော်ပြထားသည်။

ဒေါ်လာ ၃၁၈ ဒသမ ၈ သန်းဖြင့် ရောင်းချမည့်လေယာဉ်ကို ကာဗွန်ဖိုင်ဘာ အသုံးပြု တည်ဆောက်ထားပြီး မျှော်လင့်ထားသည့်အတိုင်း တိကျစွာ စွမ်းဆောင်ပျံသန်းနိုင်ခဲ့သည်ဟု လေယာဉ်မှူးများက ပြောကြားသည်။

ဘိုးအင်း 787 သည် အရွယ်အစားကြီးမားမှုကြောင့် ဝါရှင်တန်ပြည်နယ်၏ အပြင်ဘက်ရှိ တစ်ခုတည်းသော တောင်ကယ်ရိုလိုင်းနား နော့သ်ချာလ်စတန်စက်ရုံခွဲတွင် တည်ဆောက်ခဲ့ရသည်။

လေယာဉ်သစ်ထုတ်လုပ်မှုကို ယခင်လက သမ္မတဒေါ်နယ်ထရမ့် လာရောက်ကြည့်ရှုခဲ့ပြီး ပြည်တွင်းထုတ်လုပ်မှုများကို အားပေးမည်ဖြစ်ကြောင်း၊ ပြည်ပသို့ အလုပ်အကိုင် ပြောင်းရွှေ့သော ကုမ္ပဏီများကို အရေးယူမည်ဖြစ်ကြောင်း ကတိပြုသွားခဲ့သည်။

ဘိုးအင်း 787 အစိတ်အပိုင်းများကို ဂျပန်၊ တရုတ်၊ အီတလီ၊ ဆွီဒင်၊ ပြင်သစ်၊ ဗြိတိန်နိုင်ငံများက ထုတ်လုပ်ပေးကြပြီး အင်ဂျင်ကိုမူ အမေရိကန် GE နှင့် ဗြိတိန် ရိုးလ်စ်ရွိုက်စ် နှစ်မျိုးကို ရွေးချယ်သည်ဟု ဆိုသည်။

ဘိုးအင်း 787-10 သည် 787-9 ထက် ၁၅ ပေ ပိုမိုရှည်လျားပြီး ခရီးသည် ၃၃၀ တင်ဆောင်နိုင်သည်။

ဆီစားသက်သာသော 787 အမျိုးအစားများသည် ခရီးစဉ်အသစ်များ တိုးချဲ့ကာ အမြတ်ထွက်နိုင်သဖြင့် ရောင်းအားကောင်းနေပြီး အမှာစာ ၁ ၂၀၀ လက်ခံရရှိထားသည်ဟုဆိုသည်။




မျှော်လင့်ထားသည့်အတိုင်း တိကျစွာ စွမ်းဆောင်ပျံသန်းနိုင်ခဲ့သည်ဟု လေယာဉ်မှူးများက ပြောကြားသည်

ပြင်သစ်အဲယားဘတ်စ်က အလူမီနီယံကိုယ်ထည်ဖြင့် တည်ဆောက်ထားကာ ဆီစားသက်သာသည့်အင်ဂျင်တပ်ဆင်ထားသော ၎င်း၏ A330 neo လေယာဉ်ဖြင့် ဘိုးအင်း 787-10 ကို ယှဉ်ပြိုင်မည်ဖြစ်သည်။

လောလောဆယ်တွင် အဲယားဘတ်စ် A330 neo သည် အစင်းရေ ၂၂၀ ရောင်းချထားပြီး ဘိုးအင်း 787-10 က အမှာစာ ၁၄၉ ခု လက်ခံရရှိထားသည်။

ဘိုးအင်း နောက်ဆုံးပေါ်လေယာဉ်ကို ၂၀၁၇ ခုနှစ်အတွင်း စမ်းသပ်ပျံသန်းပြီးနောက် ၂၀၁၈ ခုနှစ်အတွင်း လေကြောင်းလိုင်းများတွင် စတင်အသုံးပြုနိုင်မည်ဟု မျှော်လင့်ရသည်။

■ F-04




ဆွစ်ဒနီ အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် လေယာဉ်ပေါ်တက်ရန် စောင့်ဆိုင်းနေသည့်ခရီးသည်များ

# အရှေ့အလယ်ပိုင်းမှလာသည့် လေကြောင်းလိုင်းများကို လုံခြုံရေး စစ်ဆေးမှု ဩစတြေးလျ တိုးမြှင့်

**ဆွစ်ဒနီ၊ ဧပြီ ၁**

လုံခြုံရေးခြိမ်းခြောက်မှု ကာကွယ်နိုင်ရန် အရှေ့အလယ်ပိုင်းဒေသရှိ မွတ်ဆလင်အများစု နေထိုင်ရာနိုင်ငံများမှ လာသည့်လေကြောင်းလိုင်းများကို လုံခြုံရေးအရ စစ်ဆေးမှုများ ဩစတြေးလျနိုင်ငံက တိုးမြှင့်လုပ်ဆောင်မည်ဟု Reuters သတင်းတွင် ဖော်ပြထားသည်။

စည်းမျဉ်းသစ်များသည် ဗြိတိန်နှင့် အမေရိကန်ပြည်ထောင်စု ထုတ်ပြန်ထားသည့် လုံခြုံရေးစည်းမျဉ်းများနှင့် တူညီမည်ဖြစ်သော်လည်း လေယာဉ်စီးခရီးသည်များ အီလက်ထရွန်နစ်ပစ္စည်းများ သယ်ဆောင်ခွင့် ပိတ်ပင်ခြင်း ပါဝင်မည်မဟုတ်ပေ။

“အမျိုးသား လုံခြုံရေးအကြံပေးချက်အရ လာမယ့်ရက်သတ္တတစ်ပတ်ကစတင်ပြီး လေကြောင်းလိုင်းတွေ စည်းမျဉ်းသစ်ကို လိုက်နာဖို့ဖက်ဒရယ် အစိုးရက လမ်းညွှန်လိုက်ပါတယ်” ဟု ဩစတြေးလျ ပို့ဆောင်ရေးဝန်ကြီး ဒါရန်ချက်စတာက ပြောကြားသွားသည်။

ခရီးသွားများကို ကျပန်းရွေးချယ်ပြီး ဖောက်ခွဲရေးပစ္စည်းများ ပါ၊ မပါ စစ်ဆေးသွားမည်ဖြစ်သလို အီလက်ထရွန်နစ်ပစ္စည်းများကိုလည်း စစ်ဆေးသွားနိုင်ကြောင်း ဝန်ကြီးက ဆက်လက်ပြောကြားသွားသည်။

လက်ရှိ စည်းမျဉ်းတင်းကျပ်မှုများသည် ဒိုဟာ၊ အဘူဒါဘီ၊ ဒူဘိုင်းမှ ဩစတြေးလျသို့ပျံသန်းသည့် လေကြောင်းလိုင်းများအပေါ် သက်ရောက်မည်ဖြစ်ကာ သက်ရောက်ခံရမည့် လေကြောင်းလိုင်းများမှာ Etihad, Emirates and Qatar Airways တို့ ဖြစ်သည်။

■ F-05

# တရုတ်နိုင်ငံ ရှင်ကျန်းပြည်နယ်မှ အူဂါမွတ်ဆလင်များကို မုတ်ဆိတ်ရှည်နှင့် ခေါင်းမြီးခြုံပဝါ ပိတ်ပင်

**ဘေဂျင်း၊ ဧပြီ ၁**

တရုတ်နိုင်ငံ အနောက်ဖျားဒေသ ရှင်ကျန်းပြည်နယ်တွင် အစွန်းရောက်အစ္စလာမ္မစ်ဝါဒကို တိုက်ဖျက်သည့်အနေနှင့် တားမြစ်ချက်အသစ်များ ချမှတ်လိုက်သည်ဟု BBC သတင်းတွင် ဖော်ပြထားသည်။

တားမြစ်ချက်များတွင် အများပြည်သူနှင့်ဆိုင်သောနေရာများ၌ ခေါင်းမြီးခြုံပဝါဝတ်ဆင်ခြင်း၊ မူမမှန်သော မုတ်ဆိတ်ရှည်ထားခြင်းတို့ကို ပိတ်ပင်ထားသည်။

ရှင်ကျန်းပြည်နယ်သည် မွတ်ဆလင်ဘာသာဝင် အူဂါလူမျိုးတို့၏ ဇာတိမြေဖြစ်ပြီး မကြာသေးမီနှစ်ပိုင်းများအတွင်း သွေးစွန်းသောဖြစ်ရပ်များ ဆက်တိုက်ဖြစ်ပွားခဲ့သည်။

အကြမ်းဖက်ဖြစ်ရပ်များအတွက် တရုတ်အစိုးရက အစ္စလာမ်စစ်သွေးကြွများနှင့် ခွဲထွက်ရေးလှုပ်ရှားသူများကို အပြစ်တင်ခဲ့သည်။

သို့သော် လူ့အခွင့်အရေးအုပ်စုများကမူ လူထုအုံကြွမှုသည် ဖိနှိပ်သောမူဝါဒများကို တုံ့ပြန်ခြင်းသာဖြစ်ပြီး ယခုကဲ့သို့ ပိတ်ပင်မှုများသည် အူဂါလူမျိုးများအား အကြမ်းဖက်လမ်းစဉ်သို့ ကူးပြောင်းအောင် တွန်းအားပေးရာ ရောက်လိမ့်မည်ဟု သတိပေးကြသည်။

အလားတူတားမြစ်ချက်များသည် ရှင်ကျန်းတွင် ယခင်ကတည်းက ချမှတ်ထားပြီးဖြစ်သော်လည်း ယခု တရားဝင် ပိတ်ပင်လိုက်ခြင်းဖြစ်သည်။

ယခုတားမြစ်ချက်တွင် ကလေးများ အစိုးရကျောင်းသို့ မတက်ခြင်း၊ မိသားစုစီမံချက်၊ စည်းကမ်းများကို မလိုက်နာခြင်း၊ တရားဝင် အထောက်အထားများကို တမင်ရည်ရွယ် ဖျက်ဆီးခြင်း၊ ဘာသာရေးဓလေ့တစ်မျိုးတည်းဖြင့် လက်ထပ်ခြင်း စသည်တို့ကို တားမြစ်ထားသည်။

လေဆိပ်နှင့် ဘူတာရုံ ဝန်ထမ်းများကလည်း ခန္ဓာကိုယ်နှင့်မျက်နှာကို ဖုံးအုပ်ထားသူများအား ဝင်ခွင့်မပေးဘဲ ရဲကို သတင်းပို့ရမည်ဖြစ်သည်။

၎င်းတားမြစ်ချက်များကို ရှင်ကျန်းလွှတ်တော်ကိုယ်စားလှယ်များက အတည်ပြုလိုက်ပြီဖြစ်ပြီး ဒေသဆိုင်ရာ သတင်းဝက်ဘ်ဆိုက်တွင် ထုတ်ပြန်ထားသည်။

ထို့ပြင် တရုတ်အာဏာပိုင်များသည် အူဟာလူမျိုးများကို နိုင်ငံကူးလက်မှတ် ထုတ်ပေးခြင်းမပြုပေ။

■ F-04




အူဂါမွတ်ဆလင်များက ၎င်းတို့သည် ရှင်ကျန်းမြို့တွင် ခွဲခြားဆက်ဆံမှုအမျိုးမျိုးနှင့်ရင်ဆိုင်နေရသည်ဟု ဆိုသည်

# ဂျိမ်းစ် ကန်း



## "စိတ်ကူးတွေ ဘယ်လောက်ကောင်းကောင်း၊ လူကောင်းမရှိရင် အလကားပဲ"

သူ့ကို ပါကစ္စတန်နိုင်ငံ ပန်ဂျပ်ပြည်နယ် လာဟိုးတွင် မွေးဖွား ခဲ့သည်။ သူအသက် ၂ နှစ်သားလောက်ကတည်းက မိဘများနှင့်အတူ ဗြိတိန်ကို ရောက်ရှိလာခဲ့သူဖြစ်သည်။

ဂျိမ်းစ်ကန်း (James Cann) သည် အင်္ဂလန် လန်ဒန်တွင် အခြေစိုက်ထားသည့် ပုဂ္ဂလိကကုမ္ပဏီတစ်ခုဖြစ်သော Hamilton Bradshaw ၏အကြီးအကဲ CEO တာဝန်ကို ယူထားရသူတစ်ဦး ဖြစ်သည်။ အေးဆေးတည်ငြိမ်ပြီး စူးရှထက်မြက်သည့် မျက်လုံးပိုင်ရှင် စွန့်ဦးတီထွင်လုပ်ငန်းရှင်တစ်ဦးဖြစ်သည်။ သူ့ကို BBC ရုပ်သံက ထုတ်လွှင့်သည့် Drangons' Den အစီအစဉ်ကြောင့် လူသိများသည်။

သူ့ကို ကုမ္ပဏီကြီးများ၊ လုပ်ငန်းကြီးများအတွက် အလွန်တော်ပြီး အရည်အချင်းရှိသူခေါင်းဆောင်များ ရှာပေးသူအဖြစ်လည်း လူသိ များသည်။ သူက ထိပ်ပိုင်းခေါင်းဆောင်ရှာဖွေပေးသည့်အလုပ်ကို ၁၉၈၅ ခုနှစ်ကတည်းက Alexander Mann Group ကုမ္ပဏီ အနေနှင့်ထူထောင်ပြီး လုပ်ကိုင်ခဲ့သည်။ သူ့လုပ်ငန်းသည် နိုင်ငံပေါင်း ၅၀ တွင် ရုံးခွဲများဖွင့်လှစ်ထားရပြီး စတာလင်ပေါင် သန်း ၃၀၀ ခန့်အထိ လည်ပတ်နိုင်သည့်လုပ်ငန်းကြီးတစ်ခု ဖြစ်လာသည်။

ကန်းသည် Doug Bugie နှင့် ပူးပေါင်းပြီး ၁၉၉၃ ခုနှစ်တွင် Humana International ကုမ္ပဏီကို ထပ်မံထူထောင်ပြန်သည်။ ထိုခေါင်းဆောင်ရှာဖွေမှုလုပ်ငန်းကြီးကလည်း ၁၉၉၉ ခုနှစ်တွင် နိုင်ငံပေါင်း ၃၀ ၌ ရုံးခွဲပေါင်း ၁၄၇ ခုအထိ ဖွင့်လှစ်နိုင်ခဲ့သော လုပ်ငန်းကြီး ဖြစ်လာခဲ့သည်။

သူက လန်ဒန်အခြေစိုက် Hamilton Bradshaw ရုံးကို ၂၀၀၄ ခုနှစ်မှ ထူထောင်ခဲ့ခြင်းဖြစ်သည်။ ပုဂ္ဂလိကပိုင် ရှယ်ယာအစုများ ရောင်းချထားသည့်ကုမ္ပဏီတစ်ခုဖြစ်ပြီး ရှယ်ယာများဝယ်ယူခြင်း၊ ရင်းနှီးမြှုပ်နှံခြင်း စသည့်လုပ်ငန်းများကိုလည်း လုပ်ကိုင်ခဲ့ပြီး သူထူထောင်ထားသည့် လုပ်ငန်းတိုင်းကို စတာလင်ပေါင် ၁၀ သန်းဖြင့် စတင်ရင်းနှီးကာ ထူထောင်နိုင်ခဲ့သူလည်းဖြစ်သည်။

သူ၏ လုပ်ငန်းအောင်မြင်ခဲ့မှုများနှင့်ပတ်သက်ပြီး -

"လုပ်ငန်းမှာ အောင်မြင်ချင်ရင် သူများတွေနဲ့မတူတဲ့ နည်းလမ်းတွေနဲ့ ရှာလုပ်ဖို့လိုတယ်။ စိတ်ကူးတွေ အများကြီးကူးနိုင်ကြတာပဲ။ ဒါပေမဲ့ သူလိုကိုယ်လို စိတ်ကူးတွေဖြစ်နေရင် ဘာလုပ်မှာလဲ။ ကျွန်တော် Alexander Mann လုပ်ငန်းကို စတင်ထူထောင်တုန်းက လူသစ်ရှာတဲ့လုပ်ငန်း လေးမျိုးလောက်ပဲရှိတာ။ အလယ်အလတ်တန်းစား အလုပ်အကိုင်ရှာဖွေရေးအေဂျင်စီတွေက ကြော်ငြာတွေထုတ်ပြီး တော့ ကုမ္ပဏီတွေအတွက် အလယ်အလတ်တန်းအဆင့် မန်နေဂျာတွေကိုပဲ ရှာဖွေပေးကြတယ်။ တကယ့်ထိပ်တန်းရာထူးတွေအတွက် ဆိုရင်လည်း စတာလင်ပေါင်တစ်သိန်းနဲ့ အခြားခံစားခွင့်တွေကြော်ငြာထုတ်ပြီး ခေါ်လိုက်ကြတာများတယ်။ ကျွန်တော်ကတော့ အလယ်အလတ်တန်းစား မန်နေဂျာတွေကိုပဲ ရှာဖွေပေးတယ်ဆိုပေမယ့် ကျွန်တော်ရှာပေးတဲ့သူတွေဟာ သူများတွေရှာပေးတာနဲ့ မတူရဘူး"

ဂျိမ်းစ် ကန်းသည် ဟားဗတ် စီးပွားရေးကျောင်းဆင်းတစ်ဦးဖြစ်သည်။ အစောပိုင်းကာလ မအောင်မြင်ချိန်တွင် သူလုပ်ဆောင်ခဲ့ရ ပုံများကို -

"လူတွေ သိဖို့နဲ့ အသိအမှတ်ပြုလာဖို့ အရေးကြီးတယ်။ အဲဒါကို ဆုံးရှုံးသွားလို့ မရဘူး။ ပုံမှန်အတိုင်းသွားနေနိုင်အောင်ကို ကြိုးစားသွားရမှာ။ အဖွဲ့အစည်းလုပ်ငန်းတွေမှာ စွန့်ဦးတီထွင် လုပ်ဆောင်ချင်သူတွေနဲ့ အကောင်းဆုံးလုပ်ဆောင်ချင်သူတွေကြား မှာ ကွာခြားချက်တွေရှိတယ်။ အဲဒီနှစ်ယောက်ကြားမှာ ကွာခြားချက်တွေက အရမ်းကြီးတယ်။ ကျွန်တော်က လူတွေကို ခေါ်တဲ့အခါမှာ ကျွန်တော့်ထက်တော်တဲ့သူတွေကိုပဲ ခေါ်လေ့ရှိတယ်"

ကန်းက သူ့လုပ်ငန်းများ အောင်မြင်လာခဲ့ရခြင်းမှာ လူတွေကို မက်လုံးပေးပြီး ဆွဲဆောင်နိုင်စွမ်းကြောင့်ဟုဆိုသည်။ သူက လုပ်ငန်းဆိုင်ရာ ခံစားခွင့်တွေကို မက်လုံးပေးသည်။ ဥပမာ- လုပ်ငန်းတွင် ရှိနေသည့် ရှယ်ယာတွေကိုပေးပြီး ဆွယ်သည်။ သူတို့လုပ်ငန်းလို မှတ်ယူလာသည့်အခါတွင် ထိုလုပ်ငန်းတိုးတက်မှ သူတို့ဘဝတွေလည်း တိုးတက်လာမည်ဟု ခံယူလာစေခြင်းက သူလူရှာသည့် လုပ်ငန်းကို တိုးတက်အောင်မြင်စေခဲ့ခြင်းဖြစ်သည်။

သူ့ဘဝတွင် အမှားတွေမရှိခဲ့ဘူးလားဆိုသည်ကို သူက -

"ကျွန်တော် ဆုံးဖြတ်ချက်တွေကို မြန်မြန်ချတဲ့အခါ အမှားတွေလုပ်မိတတ်ပါတယ်။ စွန့်ဦးတီထွင် လုပ်နေရတဲ့သူတွေမှာ တစ်ခုပြီးတစ်ခု စဉ်းစားဆုံးဖြတ်နေရတာတွေရှိနိုင်တယ်။ ဒါကြောင့် အမြန်ဆုံး ဆုံးဖြတ်ပြီး လုပ်ဆောင်ရတာတွေဆိုရင် သတိထားရတယ်" ဟုဆိုသည်။

သူ့ကို ၂၀၀၃ ခုနှစ်က Pricewaterhouse Coopers Entrepreneur ဆုပေးစဉ်က -

"ငွေရှာတယ်ဆိုတာ မလွယ်ပါဘူး။ တကယ့်ကို စီမံကိန်းတွေချပြီး လုပ်ဆောင်နိုင်ရမယ်။ အခက်အခဲတွေ ကြုံလာတာကိုလည်း နားလည်နိုင်ရမယ်။ အခက်အခဲတွေကို လျော့ပါးသက်သာသွားအောင်လည်း လုပ်ဆောင်နိုင်ပြီး ငွေကြေးဘက်ကလည်း အောင်မြင်အောင် လုပ်နိုင်ရမယ်" ဟု သူကပြောကြားခဲ့သည်။

"အောင်မြင်တဲ့ လုပ်ငန်းရှင်အများစုဟာ စိတ်ကူးကောင်းကောင်း၊ အတွေးကောင်းကောင်းနောက်ကိုပဲ လိုက်နေကြတာ။ ဒါပေမဲ့ သူတို့စိတ်ကူးကောင်းတွေကို အကောင်အထည်လိုက် ဖော်ပေးနိုင်မယ့် လူကောင်းတွေကို လိုအပ်တယ်ဆိုတာ သိပ်ပြီးတော့ သတိမပြုမိကြဘူး။ သူတို့က စိတ်ကူးနောက် တောက်လျှောက်လိုက်နေကြရင်းက၊ အောင်မြင်အောင် လုပ်ပေးနိုင်မယ့်သူတွေကို မေ့နေကြတာ။ စိတ်ကူးဘယ်လောက်ကောင်းကောင်း၊ လူကောင်းတွေ မရှိရင် အလကားပဲ"

သူက "လုပ်ငန်းတစ်ခု အောင်မြင်ချင်ရင်၊ အကောင်အထည်ဖော်နိုင်သူကို ဦးစားပေး ရွေးချယ်နိုင်ရမယ်" ဆိုသည့် သဘောတရားကို ပြောလည်းပြော၊ လက်ကိုင်လည်းထားသူတစ်ဦးဖြစ်သည်။

"ခင်ဗျားတို့ထုတ်ထားတဲ့ထုတ်ကုန်ကို အမည်ကောင်းကောင်းပေးပြီး ဈေးကွက်တင်နိုင်ပါတယ်။ ဒါပေမဲ့ ဘယ်လို ဈေးကွက်ကို တင်မလဲဆိုတာ အရေးကြီးတယ်။ အဲဒီပစ္စည်းကို ဘယ်သူက ဝယ်မှာလဲ။ သူတို့ ဘာကြောင့် ပိုက်ဆံပေးဝယ်ကြမှာလဲ၊ သူတို့ ဘယ်လို ဝယ်ကြမှာလဲ။ စိတ်ကူးရတာ လွယ်လွယ်လေး။ စိတ်ကူးကို အကောင်အထည်ဖော်ရတာ ခက်တယ်။ စီးပွားရေးလုပ်တယ်ဆိုတာ စိတ်ကူးတွေကို အကောင်အထည်ပေါ်အောင် ဖော်နိုင်မှအောင်မြင်တာ"

သူသည် ၂၀၁၃ ခုနှစ်တွင် International Business Awards ကိုရရှိခဲ့ပြီး Chairman of the Year အဖြစ်လည်း သတ်မှတ်ခြင်းခံခဲ့ရသည်။ ■

# ထမင်းပေါင်း

အရင်ဆုံး ထမင်းကိုချက်ပေးထားပါ။ ပြီးရင်တော့ ကြက်သား၊ ဝက်သား စတဲ့ အသားတစ်မျိုးမျိုးကို အညစ်အကြေးသန့်စင်ပြီး အရသာအတွက် ဆား၊ ဝေ့ချမ်ဟင်းရွက်ဟင်းချိုမှုန့်၊ နနွင်းမှုန့်တို့နဲ့ နယ်ပေးပါ။ ပန်းကန်တစ်ခုထဲမှာ မှိုခြောက်၊ ပန်းခြောက်တွေကို ရေစိမ်ထားပေးပါ။ ပြီးရင် ကြက်သွန်နီ၊ ခရမ်းချဉ်သီး၊ မုန်လာဥနီ၊ မုန်ညင်း၊ Babycorn၊ ဘိုစားပဲသီး၊ ရွှေပဲသီး၊ ပဲပြားနဲ့ ပန်းဂေါ်ဖီစိမ်းတို့ကိုလှီးထားပါ။ ပြီးရင် ဒယ်အိုးတစ်လုံးထဲမှာ ဆီထည့်၊ ဆီပူလာရင်တော့ ကြက်သွန်နီ၊ ခရမ်းချဉ်သီးနဲ့ အသားတစ်မျိုးမျိုးကိုရော ဆီသတ်ပေးပါ။ အသားတွေနွမ်းလာရင်တော့ ခုနလှီးထားတဲ့အရွက်တွေကို ထပ်ချက်ပေးပါ။ အရွက်တွေ နွမ်းလာရင်တော့ ခုနရေစိမ်ထားတဲ့ မှိုခြောက်၊ ပန်းခြောက်၊ ကော်ရည်နဲ့ ခရုဆီတို့ကိုထပ်ထည့်ပေးပြီး အရသာအတွက် အပေါ့၊ အငန် လိုသလို ထပ်ထည့်ပေးလိုက်တာနဲ့ ထမင်းပေါင်းလေးကို စားနိုင်မှာဖြစ်ပါတယ်။ အရွက်တွေနဲ့ ထမင်းကို ရောစားနိုင်သလို၊ သတ်သတ်ဖယ်ပြီးတော့လည်း စားနိုင်မှာဖြစ်ပါတယ်။



### ပါဝင်ပစ္စည်း

အသားတစ်မျိုးမျိုး၊ ဆား၊ ဝေ့ချမ်ဟင်းရွက်ဟင်းချိုမှုန့်၊ နနွင်းမှုန့်၊ ဆီ၊ ကြက်သွန်နီ၊ ခရမ်းချဉ်သီး၊ မုန်လာဥနီ၊ မုန်ညင်း၊ Babycorn၊ ဘိုစားပဲသီး၊ ရွှေပဲသီး၊ ပဲပြား၊ ပန်းဂေါ်ဖီစိမ်း၊ မှိုခြောက်၊ ပန်းခြောက်၊ ကော်ရည်နဲ့ ခရုဆီတို့ ပါဝင်ပါတယ်။






# Photo Essay

## ကြားဖြတ်ရွေးကောက်ပွဲ မြင်ကွင်းဓာတ်ပုံများ



★ မဲရုံရွှေ့ပြောင်းခြင်းခံရတဲ့ မော်မေ့ကျေးရွာအုပ်စု၊ မိုင်းအွတ်ကျေးရွာအုပ်စု၊ ကွန်ကျောင်းကျေးရွာအုပ်စု၊ နောင်အက်ကျေးရွာအုပ်စုက ပြည်သူတွေ မိုင်းရှူးမြို့ မဲရုံမှာ မဲပေးဖို့ စောင့်နေကြပါတယ်။





★ နိုင်ငံရေးပါတီ ၅ ခု ဝင်ရောက်ယှဉ်ပြိုင်သော မုံရွာပြည်သူ့လွှတ်တော် မဲဆန္ဒနယ်တွင် မဲပေးကြသူများ။



★ ပဲခူးတိုင်းဒေသကြီး အမျိုးသားလွှတ်တော် မဲဆန္ဒနယ် အမှတ် ၄ အတွက် ကျောက်တံခါးမြို့နယ် ဈေးပိုင်းရပ်ကွက် မဲရုံတွင် ယနေ့နံက် ၁၀ နာရီခန့်က မဲပေးရန် ပြင်ဆင်နေသူများ။





★ လှိုင်သာယာမြို့နယ် အမှတ် ၁၉ ရပ်ကွက် အ.မ.က ၃၇ မသန်စွမ်းသူတစ်ဦး လာရောက်မဲပေးစဉ်။



★ ဧပြီလ ၁ ရက်နေ့တွင် ချောင်းဆုံမြို့နယ် ကွန်ရိုက်ကျေးရွာ မဲရုံအမှတ် ၁ တွင် မဲပေးပိုင်ခွင့်ရှိသူ ၄၂၀၀ ကျော်ရှိပြီး ချောင်းဆုံမြို့နယ် မဲရုံ ၆၂ ရုံအနက် ဆန္ဒမဲပေးခွင့်ရှိသူအများဆုံး မဲရုံဖြစ်သည်။



★ ရန်ကုန်တိုင်းဒေသ အမျိုးသားလွှတ်တော် မဲဆန္ဒအမှတ် ၆ တွင် မဲပေးရန် မဲစာရင်း ကြည့်နေသော လသာမြို့နယ်မှ ပြည်သူများ။



★ ရခိုင်ပြည်နယ် အမ်းမြို့နယ် ပြည်သူ့လွှတ်တော်နေရာအတွက် မဲဆန္ဒရှင်များ၏ မဲပေးမှုမြင်ကွင်းများ။



★ ဗဟန်းမြို့နယ် အနောက်ရွှေဂုံတိုင်လမ်းတွင် မဲစာရင်းကြေညာမည်ကို စောင့်ဆိုင်းနေသူများ။



★ ကော့မှူးမြို့နယ် မဝန်းကျေးရွာမြင်ကွင်း။




★ ချင်းပြည်နယ် ထန်တလန်မြို့ မဲဆန္ဒနယ် အမှတ် ၃ အမျိုးသားလွှတ်တော်နေရာအတွက် ထန်တလန်မြို့တွင် မဲပေးကြစဉ်။

# University

## Asian Development Bank-Japan Scholarship Program (ADBJSP)

East-West Center မှ ပညာသင်ဆုပေးအပ်ချီးမြှင့်မည့် အစီအစဉ်ဖြစ်ပါသည်။ အထောက်အပံ့အနေနှင့် Non-Profit Organization/ Agency/Association များကို ပေးအပ်မည့် ပညာသင်ဆုဖြစ်သည်။

Asia Development Bank အနေနှင့် အဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံသားများအား စီးပွားရေးပညာ၊ စီမံအုပ်ချုပ်ရေး ပညာ၊ သိပ္ပံနှင့် နည်းပညာများအပြင် အခြားနိုင်ငံ ဖွံ့ဖြိုးတိုးတက်စေမည့် ပညာရပ်များကို လေ့လာသင်ယူနိုင်ရန် စီစဉ်ပေးသော ပညာသင်ဆုအစီအစဉ်တစ်ခုလည်းဖြစ်ပါသည်။

ပညာသင်ဆုရရှိပြီး သက်ဆိုင်ရာပညာရပ်များကို လေ့လာဆည်းပူးကာ ဘွဲ့ရပြီးပါက မိမိတို့နိုင်ငံများသို့ပြန်ကာ စီးပွားရေးနှင့် လူမှုရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်ကြရမည်ဖြစ်သည်။

East-West Center မှာ အုပ်ချုပ်သူများနှင့် ဟိုနိုလူလူရှိ Asia Development Bank-Japan Scholarship Program အဖွဲ့သည် သက်ဆိုင်ရာ ပြဋ္ဌာန်းဘာသာရပ်များကို မာနိုအာမြို့ရှိ University of Hawaii တွင် ပညာသင်ယူခွင့်ရရန် စီစဉ်ဆောင်ရွက်ပေးမည်ဖြစ်သည်။ ယင်းတက္ကသိုလ်တွင် ပညာသင်ဆုရရှိသူများအား ပညာရေး၊ ခေါင်းဆောင်မှုဖွံ့ဖြိုးရေးနှင့် ယဉ်ကျေးမှုလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်စေရန်လည်း စီစဉ်ထားကြောင်း သိရသည်။ ထို့ပြင် LL.M. (Law) ဘွဲ့ကိုလည်း ပေးအပ်ရန် စီစဉ်ထားကြောင်း သိရသည်။

ပညာသင်ကြားရမည့် နေရာမှာ ဟိုနိုလူလူကျွန်း၊ University of Hawaii ဖြစ်ပါသည်။


University of Hawaii

မြန်မာနိုင်ငံမှ ကျောင်းသားများလည်း လျှောက်ထားနိုင်ပါသည်။ ပေးအပ်မည့်ဘွဲ့အမျိုးအစားမှာ ရိုးရိုးဘွဲ့အမျိုးအစားသာ ဖြစ်ပါသည်။

သင်ယူနိုင်မည့် ပညာရပ်များမှာ Economics, Geography, Law, Master of Business Administration (MBA), Natural Resources and Conservation, Ocean and Resource Management, Oceanography, Pacific Islands Studies, Public Administration, Sociology, Tropical Plant and Soil Sciences, Urban Planning ဖြစ်သည်။

ထောက်ပံ့မည့် ငွေကြေးမှာ ဘာသာရပ်အလိုက် နှစ်အလိုက် အမျိုးမျိုး ခွဲခြားထားသည်။ ခေါ်ယူမည့် ကျောင်းသားအရေအတွက်မှာလည်း ဘာသာရပ်အလိုက် အမျိုးမျိုး ခွဲခြားထားပါသည်။ ပညာသင်စရိတ်၊ နေထိုင်စရိတ်၊ အစားအသောက်နှင့် အပိုအသုံးစရိတ်များ၊ စာအုပ်စာရေးကိရိယာကြေး၊ ကျန်းမာရေးစရိတ်၊ လေယာဉ်ခများ လုံလောက်စွာ ထုတ်ပေးရန် စီစဉ်ထားကြောင်း သိရသည်။

ပညာသင်ကြားရမည့်ကာလမှာ အနည်းဆုံး ၂ နှစ်ဖြစ်ပါသည်။ နိုဝင်ဘာ ၁ ရက်နေ့တွင် ကျောင်းတက်ရမည်ဖြစ်ပြီး လျှောက်လွှာနောက်ဆုံးထား လျှောက်ရမည့်ရက်မှ မေလနှင့် ဇွန်လများတွင်ဖြစ်သည်။

လျှောက်ထားသူများသည် -

- Master ဘွဲ့ကို ယူမည့် သူများအတွက် Bachelor ဘွဲ့တစ်ခုခုကို ပိုင်ဆိုင်လာရမည်ဖြစ်သည်။

- ဘွဲ့လွန်လျှောက်ထားသူများအနေနှင့် လျှောက်လွှာတင်ချိန်တွင် တက္ကသိုလ်များ၌ အနည်းဆုံး ၂ နှစ်တာဝန်ထမ်းဆောင်နေသူများဖြစ်ရမည်။

- GPA (grade point average) မှာ ဟာဝိုင်အီတက္ကသိုလ်က စံသတ်မှတ်ချက်အတိုင်းဖြစ်ရမည်။

- TOEFL ရမှတ် 550 PBT/ 213 CBT/ 79-80 IBT/ သို့မဟုတ် IELTS score 6.5 ရရှိထားသူများ ဖြစ်ရမည်။

- Asian Development Bank အဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံသားများဖြစ်ရမည်။

ညွှန်ကြားချက်-

လျှောက်လွှာကို အွန်လိုင်းမှ Download ချယူရန်ဖြစ်ပါသည်။ ဆက်သွယ်ရန် လိပ်စာမှာ East-West Center, ADB-JSP Scholarship Coordinator, Education Program, ADB-JSP Scholarship Office, John A. Burns Hall, Room 2066, 1601 East-West Road, Honolulu, HI, 96848-1601 ဖြစ်ပါသည်။

Website မှာ www.eastwestcenter.org/adb ဖြစ်ပြီး အီးမေးလ်မှာ adbjsp@eastwestcenter.org ဖြစ်သည်။ အသေးစိတ် သိလိုသည်များကို Website တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

■

**E01**

## International Student Scholarship

College of Saint Benedict/Saint John's University – Minnesota အဖွဲ့က ပေးအပ်မည့်ပညာသင်ဆုဖြစ်သည်။ နိုင်ငံတကာမှ ကျောင်းသားကျောင်းသားများအတွက် ပေးအပ်သည့် ပညာသင်ဆုလည်းဖြစ်သည်။ ပညာသင်ဆုရရှိသူများသည် နွေရာသီ မေ၊ ဇွန်၊ ဇူလိုင်၊ ဩဂုတ်လများတွင် အချိန်ပြည့် ကျောင်းတွင်း၌ အလုပ်လုပ်ခွင့်လည်း ရရှိမည်ဖြစ်သည်။

Collegeville မြို့ရှိ College of Saint Benedict/Saint John's University တို့တွင် တက်ရောက် ပညာသင်ကြားရမည်ဖြစ်ပြီး ပေးအပ်မည့် ဘွဲ့အမျိုးအစားမှာ Undergraduate အနေနှင့် တက်ကာ သက်ဆိုင်ရာ ဘာသာရပ်များတွင် သတ်မှတ်ထားသည့်အတိုင်း သင်ယူပြီးမှ ဘွဲ့တစ်ခုခု ရရှိမည်ဖြစ်သည်။

ပညာသင်ဆုအဖြစ် ထောက်ပံ့ကြေး ဒေါ်လာ ၁၂,၀၀၀ မှ ၂၅,၀၀၀ အထိရရှိနိုင်ပါသည်။ ခေါ်ယူမည့် အရေအတွက်မှာ ၁၁၀ ခန့်ဖြစ်သည်။

ပညာသင်စရိတ် ကျူရှင်ကြေး၊ အခန်းခ၊ စားသောက်စရိတ် ထောက်ပံ့ကြေးများ ရရှိမည်။ ဘွဲ့ရသည်အထိ လေးနှစ် တက်ရောက်ရမည်ဖြစ်သည်။ မေလတွင် နောက်ဆုံးထားပြီး လျှောက်ထားရန် သတ်မှတ်ထားသည်။

လျှောက်ထားသူများသည် -

- TOEFL အမှတ် 80 iBT, 6.5 ELTS, SAT 1500 နှင့် GPA 3.0 (on 4.0 scale) ရရှိထားသူများဖြစ်ရမည်။

- လျှောက်လွှာနှင့်အတူ Essay တစ်ပုဒ်ကို သတ်မှတ်ထားသည့်အတိုင်း ပူးတွဲလျှောက်ထားရမည်။

- ဘုတ်အဖွဲ့က သတ်မှတ်ထားသည့်လျှောက်လွှာပုံစံဖြင့်သာ လျှောက်ထားရန်လိုပါသည်။


Saint John's University

ဆက်သွယ်ရန် လိပ်စာမှာ -

College of Saint Benedict/Saint John's University—Minnesota, Alex Schleper, Director of International Admission, International Admission Office, Quad #118, 56321, Collegeville, MN, 56321 ဖြစ်သည်။

လျှောက်လွှာကို Website တွင် ရယူနိုင်ပါသည်။ အွန်လိုင်းကတစ်ဆင့် လျှောက်ထားရန် ဖြစ်ပါသည်။

Website

http://www.csbsju.edu/admission/international

E-Mail: admissions@csbsju.edu

■ **E01**

# Satire




**"ငါက ... ဗိုလ်အောင်ဒင် ... နင်က... ဒါကို မမြင်... ငါ့အသည်းကို... ခလုတ်တိုက်သွားတယ်... မိန်းကလေးရယ်... မင်းမိုက်တယ်... " ဟူသောသီချင်း သံကိုစာစာကထက် ဘော်လွန်းကိုတိုး၍ ဖွင့်လေ၏။ ထိုသီချင်းသံကို ဘော်ဒါယုန်ကြားသော် အလျှုခံမှန်းမသိ၊ နားနှစ်ဖက်ပိတ်ပြီး ဇွတ်အိပ်၏။ အိပ်သော် အိပ်မရ။ ကြိုးစား၍ သီလဆောက်တည် သော်လည်း မရ။**

**ရှေး** အခါကဗာရာဏသီပြည် ဗြဟ္မဒတ်မင်း လက်ထက်တွင်ဖြစ်သည်။ ယုန်တစ်ကောင်သည် ဖျံ၊ မြေခွေး၊ မျောက် စသောဘော်ဒါဘော်ကျွတ်များနဲ့အတူ ပခုံးချင်းဖက်၍ ချစ်ခင်စွာတောမြိုင်တစ်ခုတွင်အတူတကွ နေထိုင်လေ၏။ တစ်ခါသော်ယုန်သည် "မနက်ဖြန် ဥပုသ်နေ့ကွ၊ ငါတို့ဥပုသ်စောင့် ရအောင်၊ ဒီလိုပေ့ါပေ့ါတန်တန်နေရင် ငါတို့ဘဝတွေ တုံးလိမ့်မယ်... အလှူခံတို့အား ငါတို့၏ စားတဲ့အစာထဲမှ အလှူကို လှူကြမယ်" ဟုပြောလေတယ်။ ထိုအခါ ဘော်ဒါမြေခွေးက "ကျွန်တော်လည်း KTV သွား၊ မာဆတ်သွားနဲ့ ပင်ပန်းပြီး ကုသိုလ်တရားနဲ့ဝေးနေတယ်၊ မနက်ဖြန်တော့ ဥပုသ်စောင့်ဖြစ်အောင်စောင့်မယ်။"

ဘော်ဒါမျောက်ကလည်း "တစ်နေ့တစ်နေ့ ဘောပွဲလောင်း၊ ဘောပွဲကြည့် လောင်းကစားအစုံလုပ်နေရတာနဲ့ မအားလပ်နိုင်အောင် ဖြစ်နေတယ်၊ အချိန်တွေနှမြောပါဘိ... အဆွေယုန် ပြောတာသင့်မြတ်လှပါပေတယ်"။ ဘော်ဒါဖျံကလည်းအားကျမခံ... "အဆွေတို့ပြောတာမှန်ပါတယ်။ ကျုပ်မှာလည်းနေ့စဉ် ဖျံမလေးတွေနဲ့ မျိုးဆက်ပြန့်ပွားဖို့ အချိန်ပေးရတာနဲ့ ဘဝကကြမ်းတမ်းလွန်းလှပါတယ်... မနက်ဖြန်ဥပုသ်နေ့ကျရင်တော့ ကုသိုလ်အရယူရမယ်ဗျာ" ဟု အားတက်သရောပြောလေ၏။ ထိုအခါ ဘော်ဒါယုန်လည်း သာဓုသုံးကြိမ်ခေါ်လေသည်။ နောက်တစ်နေ့တွင် အသီးသီး အစာရှာထွက်ကြရာဘော်ဒါဖျံသည် တံငါသည်တစ်ဦး၏ ပိုက်ကွန်မှ ငါးကြင်းခုနစ်ကောင် ရလေ၏။ မြေခွေးသည် လယ်စောင့်တဲမှ အမဲစို့ နှစ်ခု၊ ဖွတ်ကင်တစ်ခုရ၏။ ဘော်ဒါမျောက်သည် ငှက်ပျောခိုင်တစ်ခိုင်ရ၏။

ထို့နောက် ဘော်ဒါသုံးဦးတို့သည် ကိုယ်စီရှာဖွေထားသော အစားအစာများကို မိမိနေထိုင်ရာဌာနေတွင်ထားကာ သီလဆောက်တည်ကြ၏။ ယုန်သည် မြက်ကိုသာစား၏။ တကယ်လို့ အလှူခံလာရင် မြက်ကို လှူရန် မသင့်။ အဲတော့ မိမိအသားကို လှူမည်ဟု ကြံစည်ပြီး မိမိနေထိုင်ရာဘုံဗိမာန်ဖြစ်သော ချုံအတွင်း ၌ဝပ်ကာ သီလကို ကြိုးစားဆောက်တည်နေ၏။

ထိုအခြင်းအရာကို သိသော သိကြားမင်းသည် ယုန်မင်း၏ သီလကိုစမ်းသပ်ရန် နယ်ဝေးအလှူခံအဖွဲ့တစ်ဖွဲ့ကိုဖန်ဆင်းလေသည်။ မိမိကိုယ်တိုင်လည်း ပုဏ္ဏားအသွင် ဖန်ဆင်းပြီး ပထမဦးစွာဖျံ၊ မြေခွေးနှင့် မျောက်ဆီသို့ အလှူခံထွက်လေသည်။

"ငါက...ဗိုလ်အောင်ဒင်...နင်က... ဒါကိုမမြင် ...ငါ့အသည်းကိုခလုတ်တိုက်သွားတယ်...မိန်းကလေးရယ်...မင်းမိုက်တယ်..."ဟူသော မနော၏ ဗိုလ်အောင်ဒင် သီချင်းကိုဖျံ၊ မြေခွေးနှင့်မျောက် တို့ ကြားအောင် ဘော်လွန်းကိုတိုး၍ ဖွင့်လေ၏။

ထိုသီချင်းသံကိုဖျံ၊ မြေခွေးနှင့် ယုန်တို့ ကြားသော် အလှူခံတွေတော့ လာချေပြီဟုသိလေ၏။ ထိုအခါ မိမိတို့ နေထိုင်ရာဌာနေတွေဆီမှ ထွက်လာကြပြီး အစားအစာများ လှူဒါန်းကြတဲ့အခါ သိကြားမင်း (ပုဏ္ဏား)မှ "နောက်များမှပေ့ါ အခုထော်လာဂျီဆီ သွားထည့်ဦးမယ်"ဟု ဆိုကာဆိုကာ ဘော်ဒါယုန်ဆီ သွားလေသည်။

"ငါက...ဗိုလ်အောင်ဒင်...နင်က...ဒါကို မမြင်...ငါ့အသည်းကို...ခလုတ်တိုက်သွားတယ်... မိန်းကလေးရယ်...မင်းမိုက်တယ်..."ဟူသောသီချင်း သံကိုစောစောကထက် ဘော်လွန်းကိုတိုး၍ ဖွင့်လေ၏။

ထိုသီချင်းသံကိုဘော်ဒါယုန်ကြားသော် အလှူခံမှန်းမသိ၊ နားနှစ်ဖက်ပိတ်ပြီးဇွတ်အိပ်၏။ အိပ်သော် အိပ်မရ။ ကြိုးစား၍ သီလဆောက်တည်သော်လည်း မရ။ သိကြားမင်း၏ စမ်းသပ်မှုကြောင့် သီလကျိုးလေပြီ။ ဘော်ဒါယုန် သေချင်စိတ်ပေါက်သွားလေသည်။ ဘော်ဒါယုန် စိတ်ကိုဒုန်းဒုန်းချပြီး မိမိဘုံဗိမာန်ချုံ အတွင်းမှ ထွက်လာကာ "အသင်ပုဏ္ဏား မီးမွှေးတော့၊ ငါ့ကိုချက်စားတော့၊ သင်တို့လည်းလမ်းတကာ နယ်တကာ လှည့်ပြီး အလှူခံလာတာမောနေရောပေ့ါ၊ ဆာနေရောပေ့ါ၊ ငါ့ကိုယ်ငါ ဟင်းအိုးထဲခုန်ဆင်းပြီး ငါ့ အသားကို အသင်တို့ကို လှူမည်။ ငါ၏အသားသည် ဘီယာနဲ့ မြည်းမြည်းဝီစကီနဲ့ပဲ မြည်းမြည်း၊ သင့်တော်၏၊ ကင်စားစား၊ ကြော်စားစားပင်စိမ်းလေးအုပ်လို့ အရည်သောက်လေးပဲ ချက်ချက်လွှတ်ကောင်း၏" ဟုဆိုလေသည်။

ပုဏ္ဏားလည်း သွားရည်ကျလေ၏။ ထို့နောက် မီးမွှေးဖို့ရာမီးသွေးရှာ၏၊ အရန်သင့် မတွေ့သော် လမ်းဘေးဈေးဆိုင်တစ်ဆိုင်မှ တစ်ရာတန်မီးသွေး တစ်ထုပ်ဝယ်၍ မီးမွှေးလေ၏။ တစ်အောင့်ကြာသော် ဟင်းအိုးသည် ဟော့ပေ့ါ်အိုးလိုပွက်ပွက်ဆူနေလေသည်။ ဘော်ဒါယုန်လည်း ကိုယ်လက်သန့်စင်ခြင်းပင် မလုပ်တော့။

နားညည်းသည့် ဒဏ်မခံနိုင်ရော့ထင့်။ ဘော်ဒါယုန် ဟင်းအိုးအတွင်းသို့ ခုန်ဆင်းမည် အပြုတွင် "အဆွေယုန် ရပ်လော့" သိကြားမင်း(ပုဏ္ဏား)မှ တားမြစ်လေသည်။

"ထိုဟင်းအိုးသည်ကား အဆွေယုန်၏အသားကို စိုးစဉ်းမျှ ပူလောင်မည် မဟုတ်ပေ"။ ပုဏ္ဏားစကားမှန်ပေ၏၊ ဟင်းအိုးကား မြန်မာစည်ဘီယာတစ်ခွက်လိုအေးစက်နေလေသည်။

ဘော်ဒါယုန် ကံကောင်းသွားလေသည်။ ဗိုလ်အောင်ဒင် သီချင်းသံမကြားခင်ကဆောက်တည်ခဲ့တဲ့ သီလအကျိုးတည်း။ ထိုအခါ ပုဏ္ဏားက "ငါသည် သိကြားမင်း ဖြစ်သည်။ သင်၏ သီလကိုစုံစမ်းရန် လာခြင်း ဖြစ်သည်။ နောက်တစ်ဖန် လူ့လောကလူ့ဘုံတွင် ဤဗိုလ်အောင်ဒင်သီချင်းဖြင့် သွားရောက်၍ စမ်းသပ်ရပေဦးမည်။ အသင်ယုန်၏ ဂုဏ်ကျေးဇူးသည် ကမ္ဘာပတ်လုံးတည်စေသတည်း" ဟုကြွေးကြော်ကာ သော်တာလဝန်း၌ ယုန်ရုပ်ကိုရေး၍ နတ်ပြည်သို့ ပြန်လေ၏။

ထို့နောက် ဘော်ဒါလေးဦးတို့လည်း သိကြားမင်း၏ နယ်ဝေးအလှူခံအဖွဲ့(ဝါ)ဗိုလ်အောင်ဒင် ပြန်သွားမှ အလှူဒါနကို အေးအေးချမ်းချမ်း ပြုကာ သီလဆောက်တည်ပြီးအသက်ထက်ဆုံးချစ်ချစ်ခင်ခင် ပျော်ပျော်ရွှင်ရွှင်နေသွားသတဲ့။

■ ကိုG








PEOPLE
PEOPLE

# ယုန်ကလေးရဲ့အိမ်

ဟိုး ရှေးရှေးတုန်းက ယုန်လေးတစ်ကောင်ဟာ တောင်ကုန်းပေါ်မှာ ကျင်းလေးတစ်ကျင်းကို သူနေဖို့ တူးထားတယ်။ ကျင်းလေးထဲမှာ သူဟာ ပျော်ပျော်ပါးပါးနေထိုင်ခဲ့တယ်။ မိုးတွင်းရောက် လာတော့ တောင်ကုန်းလေးအောက်မှာ ရေတွေပြည့် လာတယ်။ တောထဲက တိရစ္ဆာန်လေးတွေက တောင်ကုန်းပေါ်တက်လာကြပြီး ယုန်လေးရဲ့အိမ်လေးကို ရောက်လာကြတယ်။

ကြွက်ကလေးတွေ၊ ဖားလေးတွေက ယုန်လေးရဲ့အိမ်တံခါးကိုလာခေါက်တယ်။ သူတို့က တစ်မိုးလောက် ဒီအိမ်လေးထဲမှာ အတူနေပါရစေလို့လာပြီး ခွင့်တောင်းတယ်။ ယုန်လေးကလည်း သဘောကောင်းတာကြောင့် သူတို့ကို အိမ်ထဲဝင်ခွင့်ပြုလိုက်တယ်။

အိမ်လေးကကျဉ်းတော့ သူတို့အားလုံး ပြည့်ကျပ်ပြီး နေထိုင်ကြရတယ်။ အခန်းတွေ အားလုံးမှာလည်း တိရစ္ဆာန်လေးတွေ နေရာယူထားတော့ ယုန်လေးဟာ သူ့အိပ်ရာမှာတောင် သူမအိပ်နိုင်ပါဘူး။ သူ့အိပ်ရာပေါ်ကို အကောင်လေးတွေ စုပြုံတက်နေလို့ခုတင်အောက်မှာ ဖြစ်သလို နေရတယ်။ ဒါပေမဲ့ သဘောကောင်းတဲ့ ယုန်လေးဟာ ပျော်ပျော်ပဲ အားလုံးနဲ့ သင့်မြတ်အောင် နေထိုင်တယ်။


Bob Atkins

ဆောင်းဦးရောက်လာတော့ တိရစ္ဆာန်လေးတွေဟာ တောင်အောက်ကို ပြန်ကြတယ်။ အဲဒီအချိန်မှာ တောကြောင်တစ်ကောင်က ရောက်လာပြီး တံခါးလာခေါက်တယ်။ ယုန်လေးက ကြောင်နဲ့ ယုန်ဆိုတာ တစ်အိမ်တည်း အတူနေဖို့ မဖြစ်နိုင်လို့ တံခါးမဖွင့်ပေးဘူး။ ဒါကို တောကြောင်က စိတ်ဆိုးပြီးတော့ ယုန်လေးနေတဲ့ကျင်းလေးကို ဖျက်ဆီးလိုက်တယ်။ ယုန်လေးလည်း တောကြောင်ရန်က လွတ်အောင်ထွက်ပြေးခဲ့ရတယ်။

တောင်အောက်မှာ နှင်းတွေကျပြီးတော့ နေစရာမရှိဘူး။ တောကြောင်ကလည်း ယုန်လေးနောက်ကို တကောက်ကောက်လိုက်နေတယ်။ တောထဲရောက်ပြီး နေစရာအိမ်မရှိလို့ ညအိပ်ဖို့ လိုက်ရှာနေတဲ့ ယုန်လေးဟာ ချမ်းချမ်းနဲ့ ပုန်းနေချိန်မှာ ကြွက်လေးတွေကသူ့ကို လာခေါ်သွားတယ်။

ယုန်လေးဟာ ကြွက်လေးတွေရဲ့ကျင်းလေးထဲမှာ တစ်ဆောင်းတွင်လုံး ခိုနားခဲ့ရတယ်။ သူတစ်ပါးအပေါ် စိတ်ကောင်းထားပြီး ကူညီတတ်တဲ့ ယုန်လေးဟာ အခက်အခဲတွေ့ချိန်မှာ မိတ်ဆွေတွေရဲ့ ကူညီစောင့်ရှောက်မှုကို ပြန်ရတယ်။

တောကြောင်ကတော့ နှင်းတွေထဲမှာ ယုန်ကို လိုက်ရှာရင်း အေးခဲပြီးသေသွားတယ်။ ■ **E01**


## အခမဲ့ ကြော်ငြာကဏ္ဍ Classifieds

| | | | | | |
|---|---|---|---|---|---|
| AB မှန်နှင့်အလူမီနီယံလုပ်ငန်း<br>No.189/B<br>Ph: 09-250752838,09-421737885 | စေတနာ မျက်မှန်ဆိုင်<br>Ph:09-5409736,09-73186183 | ရွှေနန်းတော် သံဖြူလုပ်ငန်း<br>Ph:09-425261097 | Nway Oo<br>Ph:09-79046691,09-5161685 | Spring<br>Ph:09-5404171,09-441903404 | SHWE APPLE TAIWAN HOT POT<br>Ph: 09-973939666,09-783700886 |
| Beauty Choice (Beauty & Spa)<br>Ph:09-420318488,01-563605 | Beauty & Fashion<br>Ph: 09-420003930,09-254052633 | San La Wun (Beauty & Spa)<br>Ph:09-420099909 | Zay Cho (Beauty & Spa)<br>Ph: 09-5158338,01-579059 | Unity & Health<br>No.100, Rm-5, 2nd Flr,<br>Ph: 09-421114511 | Healthy Paradise<br>No.468, 1st Flr,<br>Ph: 09-250512958 |
| Love Energy For Your Day<br>No.42/A,<br>Ph: 09-77880102 | ထွန်းလင်း<br>Ph:09-420786846 | Yar Pyae Phone Service<br>Ph:09-420786846 | ထွန်းငွေ<br>Ph:09-254012062 | Rose & Rose (Beauty & Spa)<br>Ph: 09-5114533 | Skarkys (Artison Fine Food)<br>Ph:09-731463557 |
| Ph:09-73077035 | World Star ကုန်မာလုပ်ငန်း<br>Ph:09-781105235 | Win& Son (II) ကားဝပ်ရှော့<br>Ph:09-425290398 | New World Beauty Saloon<br>Ph:09-5087472 | Ngwe Sin Kyal Beauty Saloon<br>Ph:09-5086820,09-970978966 | May-9<br>Air-con Sale & Service<br>No.157,<br>Ph: 09-731211023,09-8624234 |
| KL Kyaw Kyaw (Japan Car)<br>Ph:09-5081007 | Lin Htet<br>Ph:09-420779858 | NIA Gym<br>No.5,<br>Ph:09-30232439 | Royal Gold Gym<br>No.62/A, Basenent,<br>Yawmin Gyi Street Dagon<br>Ph: 09-253884442 | Mega Fit Gym<br>Ph:09-31641814 | Classic Gym<br>No.41, 1st Floor Ar Thaw Ka Street<br>Ar Thaw Ka Bus Near, TMWE<br>Ph: 09-421020175 |

# Technology

## ကမ္ဘာကျော်သိပ္ပံပညာရှင်များ

### မောရစ် ဟေးလ်မန်း {Maurice Hilleman (1919-2005)}

ယနေ့ခေတ်တွင် အသုံးပြုနေကြသည့် ကာကွယ်ဆေး ၁၄ မျိုးလောက်တွင် ဟေးလ်မန်းတီထွင်ခဲ့သော ဆေးကရှစ်မျိုးခန့်ပါဝင်သည်။ သူ၏ သိပ္ပံနည်းကျ စူးစမ်းလေ့လာတီထွင်မှုများတွင် ကာကွယ်ဆေး အမျိုးပေါင်း ၄၀ ခန့်ကို တီထွင်ဖော်ထုတ်နိုင်ခဲ့ပါသည်။ သမိုင်းတွင် ကာကွယ်ဆေးတီထွင်သူများထဲ၌ လေးစားဖွယ် အကောင်းဆုံး ပညာရှင်တစ်ဦးအဖြစ် သတ်မှတ်ထားခြင်း ခံခဲ့ရသူတစ်ဦးလည်းဖြစ်သည်။

လူတိုင်း မိမိတို့ လုပ်ငန်းများတွင် ဘဝကိုရင်းနှီးပြီး အသက်မွေးနေထိုင်ကြရပါသည်။ သတိမမူမိသည့် အချက်များကြောင့် ကူးစက်ရောဂါများ ဖြစ်ပွားခဲ့ပြီး အချိန်မတိုင်မီ သေဆုံးသွားသူပေါင်းများစွာလည်း ရှိနိုင်ပါသည်။ ကူးစက်ရောဂါ ကာကွယ်ဆေးဝါးများပေါ်ထွန်းလာခြင်းကြောင့် နှစ်စဉ်လူသားပေါင်း ၈ သန်းခန့် အသက် ရှင်နေခဲ့ကြရကြောင်း သိသူအလွန်နည်းလှသည်။

**အစောပိုင်းဘဝ**

အမည်ရင်းမှာ မောရစ်ရာ့ဖ် ဟေးလ်မန်း (Maurice Ralph Hilleman) ဖြစ်သည်။ မွေးချင်း အမြွှာညီမတစ်ဦးရှိပြီး ၁၉၁၉ ခုနှစ် ဩဂုတ်လ ၃၀ တွင် ဖွားမြင်ခဲ့ကြသည်။ မွေးရပ်မှာ အမေရိကန်ပြည်ထောင်စု၊ မွန်တားနားပြည်နယ်၊ ကာ့စ်တား ကောင်တီဖြစ်သည်။

မိဘများဖြစ်ကြသည့် အန်နာနှင့် ဂုစ်တေ့ ဟေးလ်မန်းတို့သည် လယ်သမားများဖြစ်ကြပြီး၊ သူ့ကိုမွေးစဉ်က အမြွှာ ညီမသည် အသေမွေးဖြစ်ပြီး၊ မိခင်ကလည်း သူတို့ကို မွေးဖွားပြီး နှစ်ရက်အကြာတွင် ကွယ်လွန်သွားခဲ့ရသည်။

၁၉၁၈-၁၉ ခုနှစ်ဝန်းကျင်က တုပ်ကွေးရောဂါ ကူးစက်မှုကြောင့် အမေရိကတွင် လူပေါင်း ၇ သိန်းနီးပါး အသက် ဆုံးရှုံးခဲ့ရပြီး၊ ကမ္ဘာပေါ်တွင်လည်း သန်းဆယ်ဂဏန်းချီပြီး သေဆုံးခဲ့ကြရသည်။ မောရစ်လည်း ငယ်စဉ်က ဆုံဆို့နာဖြစ်ပွားခဲ့ပြီး အသက်လုထားရသူဖြစ်ခဲ့သည်။

မောရစ်သည် ညီအစ်ကိုမောင်နှမ ၈ ဦးနှင့်အတူ ကြီးပြင်းခဲ့ရပြီး ၁၉၃၇ ခုနှစ်တွင် အထက်တန်းကျောင်းပြီးခဲ့ သည်။ ထိုအချိန်တွင် အမေရိကတွင် အလုပ်လက်မဲ့များဖြင့် စီးပွားရေး အကျပ်အတည်းကို ရင်ဆိုင်နေရချိန် ဖြစ်သည်။

၁၉၄၁ ခုနှစ်၊ အသက် ၂၁ နှစ်အရွယ်တွင် ဓာတုဗေဒနှင့် အဏုဇီဝဗေဒ ပညာရပ်များကို ထူးချွန်စွာဖြင့် အောင်မြင်ခဲ့ပြီး ဘွဲ့ရရှိခဲ့သည်။ အဏုဇီဝဗေဒကို စိတ်ဝင်စားသောကြောင့် Ph.D ဘွဲ့ရသည်အထိ ကြိုးစားရန် ဆုံးဖြတ်ပြီး ပညာသင်ဆုလိုက်လံလျှောက်ထားရာ ချီကာဂိုတက္ကသိုလ်တွင် တက်ရောက်သင်ကြားခွင့်ရရှိခဲ့ သည်။ ၁၉၄၄ ခုနှစ်တွင် Ph.D ဘွဲ့ကို အဏုဇီဝဗေဒဘာသာရပ်ဖြင့် ရရှိခဲ့ပြီး ဆေးဝါးထုတ်လုပ်မှုနှင့် ကူးစက်ရောဂါများတိုက်ဖျက်ရေးကို ကြိုးစားဆောင်ရွက်ခဲ့သည်။ ငယ်စဉ်ကတည်းက မိခင်သည် ကူးစက်ရောဂါဖြင့် သေဆုံးရခြင်းအပေါ် သူ့စိတ်ထဲတွင် အမြဲခံစားချက်ကလွှမ်းမိုးလျက်ရှိသည်။

**လုပ်ဆောင်ချက်များ**

၁၉၄၄ ခုနှစ်ကစတင်ကာ နယူးဂျာဆီမှ E.R. Squibb ဆေးဝါးကုမ္ပဏီနှင့် ပူးပေါင်းပြီး တုပ်ကွေးရောဂါကာကွယ် ဆေးများကို တီထွင်ထုတ်လုပ်ခဲ့သည်။ ၁၉၄၈ ခုနှစ်၊ အသက် ၂၈ နှစ်အရွယ်တွင် ဝါရှင်တန်ဒီစီသို့ ပြောင်းရွှေ့ပြီး စစ်တပ်ဆေးဝါးဌာန၌ ဝင်ရောက်တာဝန်ထမ်းဆောင်ခဲ့သည်။

၁၉၅၇ ခုနှစ်တွင် ဟေးလ်မန်းက ဟောင်ကောင်မှ တုပ်ကွေးရောဂါတစ်မျိုးကိုတွေ့ရှိခဲ့ပြီး တစ်ကမ္ဘာလုံးရှိ လူသန်းပေါင်းများစွာ သေဆုံးရခြင်းမှာ ထိုတုပ်ကွေးပိုးကအခြေခံကြောင်း ထုတ်ဖော်ခဲ့ပြီး ပထမဆုံး တုပ်ကွေးဆေးကို လေးလအတွင်းတီထွင်ခဲ့သည်။ အမေရိကန်ပြည်ထောင်စု အတွင်း ထိုးဆေးအလုံးပေါင်း သန်း ၄၀ ကို ဖြန့်ချိ နိုင်ခဲ့သဖြင့် အသက်ချမ်းသာရာရ ရှိခဲ့ကြသည်။ ထိုဆေးကြောင့်ပင် လူပေါင်း ၆၉၀၀၀ ခန့်သာ သေဆုံးခဲ့ရသည်။ သူ၏ လုပ်ဆောင်ချက်များကြောင့် နိုင်ငံတော်က Distinguished Service Medal ဆုကို ပေးအပ်ချီးမြှင့်ခဲ့သည်။

၁၉၅၇ ခုနှစ်ကစတင်ပြီး Merck & Co. သို့ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခဲ့သည်။ ထိုမှ ပင်ဆယ်ဗေးနီးယား၊ ဝက်စ်ပွိုင့်သို့ ပြောင်းရွှေ့ပြီး Merck ဌာနတွင် ဆေးသုတေသနလုပ်ငန်းများကို ၄၅ နှစ်တိုင် လုပ်ကိုင်ခဲ့ပြီး ကာကွယ်ဆေးပေါင်းများစွာကိုလည်း တီထွင်ဖော်ထုတ်ပေးခဲ့သည်။

ထို့ပြင် ဟေးလ်မန်းသည် ရောဂါပိုး ဗိုင်းရပ်စ်များစွာကိုလည်း လေ့လာဖော်ထုတ်နိုင်ခဲ့သောကြောင့် ကာကွယ်ဆေးများကို တီထွင်ထုတ်လုပ်နိုင်ခဲ့ပါသည်။



**နောက်ဆုံးကာလ**

ဟေးလ်မန်းသည် ၁၉၄၃ ခုနှစ်၊ အသက် ၂၃ နှစ်အရွယ်တွင် သယ်လ်မာ မေဆန်ဆိုသူနှင့် အိမ်ထောင်ပြုခဲ့သည်။ သမီးနှစ်ဦး ဖွားမြင်ခဲ့သည်။ သယ်လ်မာသည် ၁၉၆၂ ခုနှစ်တွင် ကွယ်လွန်သွားခဲ့သည်။ ၁၉၆၃ ခုနှစ်တွင် လော်ရိန်း ဝစ်မာဆိုသူနှင့် နောက်ထပ် အိမ်ထောင်ပြုသည်။

၁၉၈၈ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စုက ပေးအပ်သည့် အမြင့်ဆုံး သိပ္ပံဆု National Medal of Science ကိုရရှိခဲ့သည်။ သမ္မတ ရော်နယ် ရေဂင်ကိုယ်တိုင်ပေးအပ်ချီးမြှင့်ခဲ့ခြင်းဖြစ်သည်။

အသက်ရှင်နေသမျှ အလုပ်ထဲတွင် ဘဝကို နှစ်မြှုပ်ထားပြီး တီထွင်မှုများကို လုပ်ဆောင်ခဲ့သည်။ အသက် ၈၅ နှစ် အရွယ် ၂၀၀၅ ခုနှစ် ဧပြီလ ၁၁ ရက်နေ့တွင် ကင်ဆာရောဂါဖြင့် ကွယ်လွန်ခဲ့ရသည်။ ■

## ခြင်မှဖြစ်ပွားသည့် ကူးစက်ရောဂါများကို စမတ်ဖုန်းဖြင့် စစ်ဆေးနိုင်မည်



Seeker

အမေရိကန်ပြည်ထောင်စု ကာလီဖိုးနီးယားပြည်နယ်၊ လစ်ဗာမိုးရှိ Sandia National Lab မှ သုတေသီများသည် ကျန်းမာရေး လုပ်သားများကို ခြင်မှဖြစ်ပွားစေတတ်သည့် Zika, Dengue, Chikungunya စသည့် ရောဂါများအား စမတ်ဖုန်းများဖြင့် စစ်ဆေးနိုင်မည့်နည်းများကို တီထွင်နိုင်ခဲ့ကြောင်း Reuters သတင်းတွင် ဖော်ပြထားသည်။

ယင်းသုတေသနဌာနမှ ပညာရှင်များသည် LAMP ဟုခေါ်သည့် ဆေးသေတ္တာလေးတစ်ခုကို တီထွင်ခဲ့ပြီး သေတ္တာအတွင်း ထည့်သွင်းထားသော 3D ပရင်တာဖြင့် ပုံစံထုတ်ထားသည့် ခွက်လေးများထဲသို့ စစ်ဆေးမည့် သူ၏ သွေးနမူနာအနည်းငယ်ကိုထည့်ကာ စမတ်ဖုန်းဖြင့် ချိတ်ဆက်ပြီး ခြင်ကဖြစ်ပွားသည့် ရောဂါများရှိ၊ မရှိကို အလွယ်တကူစစ်ဆေးနိုင်ကြောင်း ယင်းသတင်းကဆိုသည်။

ခြင်မှဖြစ်ပွားသည့် ရောဂါများ ရှိ၊ မရှိကို စစ်ဆေးမည့် ပစ္စည်းတစ်စုံတန်ဖိုးမှာ ဒေါ်လာ ၁၀၀ ခန့်သာကျသင့်ပြီး သံသယရှိသူထံမှ တံတွေး၊ ဆီးနှင့် သွေးများကို ပုံစံခွက်ထဲထည့်သွင်းစေပြီး စစ်ဆေးနိုင်မည်ဖြစ်ကာ လူတစ်ဦးလျှင် စစ်ဆေးခအဖြစ် ဒေါ်လာ ၂၀ ခန့်သာ ကျသင့်မည်ဖြစ်သည်။

စမတ်ဖုန်းများ လူတိုင်းကိုင်ဆောင်လာနိုင်ခြင်းနှင့် ရောဂါဝေဒနာ စစ်ဆေးစမ်းသပ်နည်းများကို စမတ်ဖုန်း အခြေခံ ဆော့ဖ်ဝဲများ တီထွင်ပေးလာနိုင်ခြင်းက အလွယ်တကူ အဖြေရှာပြီး အချိန်မီကုသမှုများကို လုပ်ဆောင် ပေးလာနိုင်ကြောင်း၊ ဆေးရုံ၊ ဆေးခန်းများတွင် ဒေါ်လာ ၂၀၀၀၀ ခန့် အကုန်အကျခံပြီးမှ အဖြေထုတ်နိုင်မည့် စက်များကို တည်ဆောက်ရခြင်းထက်၊ အချိန်မရွေး နေရာမရွေး လူတိုင်း အဖြေရှာနိုင်သည့် ခေတ်ကို ရောက်လာပြီဖြစ်ကြောင်း တီထွင်သူများကပြောကြားသည်။

Sandia သုတေသနအဖွဲ့မှ ရောဘတ် မက်ဟာ ဦးဆောင်သော ပညာရှင်အဖွဲ့သည် LAMP ဟုအမည်ပေးထား သော ခြင်မှဖြစ်ပွားသည့် ရောဂါစမ်းသပ်ရေး သေတ္တာကို နှစ်ပေါင်းများစွာ စမ်းသပ်တီထွင်ခဲ့ရပြီး မကြာမီ ဈေးကွက်တင်ရန် ပြင်ဆင်နေပြီဖြစ်သည်။ ■

## လှေကားများကိုတက်နိုင်မည့် ဝှီးချဲတီထွင်

လမ်းမလျှောက်နိုင်သူများ၊ အကြောင်းအမျိုးမျိုးကြောင့် ဝှီးချဲကို အသုံးပြုနေရသူများ အနေနှင့် ၂၀၁၈ ခုနှစ်က စတင်ပြီး လှေကားများကို အလွယ်တကူကိုယ်တိုင် အတက်အဆင်းပြုလုပ်နိုင်မည့် ဝှီးချဲ (wheelchair) တစ်မျိုး ကို တီထွင်ခဲ့ကြောင်း Science ဂျာနယ်သတင်းတွင် ဖော်ပြထားသည်။

Scewo ဟု အမည်ပေးထားသည့် ဝှီးချဲများ၏ ဘီးများကို ရော်ဘာအထိန်းများဖြင့် ပြုလုပ်ထားပြီး လှေကားများအတက်အဆင်းကို ကုတ်အားအထိန်းများသုံးကာ ဖြည်းဖြည်းချင်း ဆင်းသက်နိုင်စေရန် စီစဉ်ထားကြောင်း ယင်းသတင်းကဆိုသည်။

ယင်းပရောဂျက်ကို Swiss Federal Institute of Technology တက္ကသိုလ်နှင့် Zurich University of the Arts တက္ကသိုလ်များမှ Master တန်းတက်နေကြသည့် ကျောင်းသား ငါးဦးက ပူးပေါင်းတီထွင်ခဲ့ကြခြင်းဖြစ်သည်။

နည်းပညာနှင့် အနုပညာကျောင်းသားများသည် Scalevo ဟု အမည်ပေးထားသည့် ရှေ့ပြေးနမူနာပုံစံပေါ်တွင် အခြေခံပြီးတီထွင်ထားခြင်းဖြစ်ကာ ရှေ့ပြေးပုံစံကိုလည်း ကျောင်းသားများကပင် ဒီဇိုင်းထုတ်ထားခြင်းဖြစ်သည်။

တီထွင်သူကျောင်းသားများက ဝှီးချဲကို Scewo ဟု အမည်ပေးခဲ့ကြပြီး ၂၀၁၈ ခုနှစ်တွင် ဈေးကွက်တင်နိုင်သည်အထိထုတ်လုပ်သွားရန် ရည်ရွယ်ထားကြောင်း ပြောကြားသည်။

ဝှီးချဲပေါ်တွင် ဂိမ်းကစားရာ၌ အသုံးပြုရသည့် joystick ကိုထည့်သွင်းပေးထားပြီး အတက်အဆင်း ထိန်းချုပ်မှုများကို လွယ်ကူစွာလှည့်ပတ်ပေးရုံဖြင့် လုပ်ဆောင်နိုင်ကြောင်း၊ ဝှီးချဲကို လှုပ်ရှားမှု ပုံစံအမျိုးမျိုး ထိန်းချုပ်လုပ်ဆောင်ခိုင်းနိုင်ကြောင်း၊ အတက် အဆင်းသာမက ပတ်ဝန်းကျင်အနေအထားနှင့် အဆင်ပြေစေမည့် အနိမ့်အမြင့်ကအစ မိမိတို့ကြိုက်သလို မော်တာစွမ်းအားဖြင့် မောင်းနှင် အသုံးပြုနိုင်ကြောင်း တီထွင်သူများက ပြောကြားသည်။

ယင်းပရောဂျက်ကို ၂၀၁၄ ခုနှစ်ကတည်းက ကျောင်းသားများ တီထွင်လုပ်ဆောင်နေခြင်းဖြစ်ပြီး Patreon ကုမ္ပဏီက ငွေကြေးများကို ထောက်ပံ့ကူညီပေးခဲ့သည်။

Scewo ဝှီးချဲများကို ဘတ်စ်ကားများပေါ် အတက်အဆင်းလုပ်ခြင်း၊ ပလက်ဖောင်းများပေါ်တွင် အတက်အဆင်းလုပ်ခြင်း အားလုံးကိုပါ မိမိတစ်ဦးတည်းက လုပ်ဆောင်နိုင်တော့မည် ဖြစ်ကာ မသန်စွမ်းသူများအတွက် အထူးတီထွင်ထုတ်လုပ်ခဲ့ ခြင်းဖြစ်ကြောင်း ပညာရှင်များကဆိုသည်။ ■



Scewo

# မာတာ ဒဏ်ရာခွဲစိတ်ကုသမှု ခံယူ၊ စမောလင်းနှင့် ဖီးလ်ဂျုံးစ်တို့ ရာသီကုန်အထိ နားရမည်

**မန်ချက်စတာ၊ ဧပြီ ၁**

မန်ယူကွင်းလယ်ကစားသမား မာတာသည် လွန်ခဲ့သည့်ကြာသပတေးနေ့၌ ၎င်းရင်ဆိုင်နေရသော ညှို့သကျည်း ဒဏ်ရာပြဿနာကို ခွဲစိတ်ကုသမှု ခံယူလိုက်ပြီဖြစ်ကာ ယင်းအတွက် ဒဏ်ရာပျောက်ကင်းသက်သာ၍ ကြံ့ခိုင်မှုအပြည့်ဖြင့် ဘောလုံးပြန်ကစားနိုင်ရန် မာတာက သီတင်းပတ်အတန်ကြာ အနားယူရတော့မည်ဖြစ်ကြောင်း BBC က ဖော်ပြထားသည်။

မာတာသည် လွန်ခဲ့သည့်သီတင်းပတ်အနည်းငယ်ခန့်ကတည်းကပင် ညှို့သကျည်းနာကျင်မှုကို ခံစားနေခဲ့ရခြင်းဖြစ်ကာ လက်ရှိတွင် မာတာအနေနှင့် ဘောလုံးရာသီမကုန်ဆုံးမီ ပြန်ကစားနိုင်မည်ဆိုသည်ကိုသာ အတည်ပြုနိုင်သေးကြောင်း၊ သီတင်းပတ်မည်မျှခန့် အနားယူရမည်ဆိုခြင်းကိုမူ အတိအကျမပြောနိုင်သေးကြောင်း မန်ယူအသင်း ဆေးအဖွဲ့တာဝန်ရှိသူတစ်ဦးက ရှင်းပြသွားခဲ့သည်။

မန်ယူအသင်းဆေးအဖွဲ့သည် လာမည့်သီတင်းပတ်၌ မာတာ၏ဒဏ်ရာကို ပြန်လည်စစ်ဆေးမှုများ ဆောင်ရွက်မည်ဖြစ်ကာ အနိမ့်ဆုံးအဖြစ် ဘယ်လ်ဂျီယံကလပ် အန်ဒါလက်ချ်နှင့်ယှဉ်ပြိုင်ရမည့် ယူရိုပါလိဂ်ကွာတားဖိုင်နယ် ပထမ အကျော့တိုင်သည်အထိ မာတာမှာ အသင်းအတွက် ပွဲထွက်ပေးနိုင်လိမ့်မည်မဟုတ်ကြောင်း မန်ယူအသင်းက သတင်းထုတ်ပြန်ထားသည်။

မန်ယူသည် အသင်းအဓိကဇဟိုခံစစ်မှူးနှစ်ဦးဖြစ်သည့် စမောလင်းနှင့် ဖီးလ်ဂျုံးစ်တို့ကိုလည်း ဒဏ်ရာပြဿနာများကြောင့် လက်ရှိဘောလုံးရာသီပြီးဆုံးချိန်တိုင်သည်အထိ လက်လွှတ်လိုက်ရပြီဖြစ်ကာ ယင်းကစားသမားနှစ်ဦးမှာ နိုင်ငံတကာပွဲစဉ်များ ကစားပေးရန်အတွက် အင်္ဂလန်လက်ရွေးစင်အသင်းနှင့် သွားရောက်ပူးပေါင်းရာတွင် ယခုကဲ့သို့ ဒဏ်ရာပြဿနာများဖြင့် ရင်ဆိုင်လိုက်ကြရခြင်းဖြစ်သည်။

ဖီးလ်ဂျုံးစ်သည် အင်္ဂလန်လက်ရွေးစင်အသင်း၏လေ့ကျင့်ရေးအစီအစဉ်တွင် စမောလင်းနှင့် ဘောလုံးယှဉ်လုရာ၌ ခြေချောင်းရိုး ကျိုးသွားခဲ့ခြင်းဖြစ်ကာ စမောလင်းမှာမူ အင်္ဂလန်အသင်းကို ကိုယ်စားပြု၍ ပြိုင်ပွဲများပါဝင်ကစားပေးရာ၌ ပေါင်ကြွက်သားလုံး နာကျင်သွားခဲ့ခြင်းဖြစ်ကြောင်း မန်ယူနည်းပြ မော်ရင်ညိုက ရှင်းပြထားသည်။

မန်ယူသည် လက်ရှိဧပြီလအတွင်း၌ ပွဲစဉ်ကိုးပွဲ(ယမန်နေ့ညသည် ဝက်စ်ဘရွန်းနှင့်ပွဲစဉ်ကို ယှဉ်ပြိုင်ကစားခဲ့ပြီးဖြစ်၍ ပွဲစဉ်ရှစ်ပွဲ ကျန်ရှိသေးသည်)ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ပွဲကျပ်များဆက်တိုက် ရင်ဆိုင်ရမည့်အချိန်တွင် အသင်းအဓိက ကစားသမားများ ဒဏ်ရာပြဿနာကြောင့် ကာလရှည်နားရရန် အကြောင်းဖန်လာခြင်းမှာ အသင်းအတွက် ကြီးစွာသောထိုးနှက်ချက်ပင်ဖြစ်ကြောင်းလည်း မော်ရင်ညိုက ဆက်လက်ပြောကြားသွားခဲ့သေးသည်။ ■ E-11


AP

# SEA Games ပြိုင်ပွဲ မြန်မာအလေးမအဖွဲ့ ကစားသမား ငါးဦးဖြင့် ယှဉ်ပြိုင်မည်

**ရန်ကုန်၊ ဧပြီ ၁**

မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ဩဂုတ်လအတွင်းကျင်းပမည့် ၂၉ ကြိမ်မြောက် SEA Games ပြိုင်ပွဲကို မြန်မာအလေးမ အားကစားအဖွဲ့ ကစားသမား ငါးဦးဖြင့် ယှဉ်ပြိုင်မည်ဖြစ်သည်။

အရှေ့တောင်အာရှ၏ အဆင့်မြင့်ဆုံးအားကစားပြိုင်ပွဲဖြစ်သည့် SEA Games ပြိုင်ပွဲဝင်ရန် ကစားသမားများကို ရွေးချယ်ထားပြီး ဧပြီလအတွင်း ပူးတွဲလေ့ကျင့်မှုများပြုလုပ်ရန် တရုတ်နိုင်ငံသို့ စေလွှတ်မည်ဟု မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ် တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

"ကျွန်တော်တို့အဖွဲ့ချုပ်အနေနဲ့ SEA Games သွားမယ့် ကစားသမားတွေ ရွေးပြီးပါပြီ။ လူငယ်ကစားသမားတွေကိုလည်း နောက်လာမယ့် ပြိုင်ပွဲကြီးတွေအတွက် ရွေးချယ်လေ့ကျင့်ပေးနေပါတယ်။ အောင်မြင်မှုရဖို့ကတော့ အတော်ကြိုးစားရမှာပါ"ဟု ၎င်းက ဆိုသည်။

SEA Games ပြိုင်ပွဲဝင်မည့် မြန်မာ့လက်ရွေးစင် အလေးမအားကစားသမားများမှာ ၅၆ ကီလိုတန်းတွင် ပြည့်ဖြိုး၊ ၆၂ ကီလိုတန်းတွင် မြင့်ကြည်၊ ၆၉ ကီလိုတန်းတွင် ကျော်မျိုးဝင်း၊ ၇၁ ကီလိုတန်းတွင် ဝေယံဖြိုး၊ ၈၅ ကီလိုတန်းတွင် စသန်းထိုက်ဝင်းတို့ ဖြစ်သည်ဟု မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ်က ထုတ်ပြန်ထားသည်။

မြန်မာအလေးမ အားကစားအဖွဲ့အနေနှင့် ဧပြီလမှ ဇူလိုင်လအထိ တရုတ်နိုင်ငံတွင် သုံးလကြာ လေ့ကျင့်မည်ဖြစ်ပြီး နေပြည်တော်ရှိ အားကစား လေ့ကျင့်ရေးခန်းတွင်လည်း လူငယ်ကစားသမား ၁၆ ဦးကို လေ့ကျင့်ပေးလျက်ရှိသည်။

အလေးမအားနည်းကို ၂၀၁၅ ခုနှစ်စင်ကာပူ SEA Games တွင် ထည့်သွင်းကျင်းပခဲ့ခြင်းမရှိဘဲ ယခုနှစ်မှ ပြန်လည်ပါဝင်ခဲ့ခြင်းဖြစ်ကာ နောက်ဆုံးကျင်းပခဲ့သည့် ၂၀၁၃ ခုနှစ် မြန်မာ SEA Games တွင် မြန်မာအလေးမအဖွဲ့သည် ရွှေတံဆိပ်တစ်ခု၊ ငွေတံဆိပ် နှစ်ခုနှင့် ကြေးတံဆိပ်နှစ်ခု ရယူနိုင်ခဲ့သည်။ ■ J-04



# အာစင်ဝင်းဂါးကို အယုံအကြည်မရှိတော့ကြောင်း အာဆင်နယ်ပရိသတ် ၇၈ ရာခိုင်နှုန်း မဲပေး

**လန်ဒန်၊ ဧပြီ ၁**

အာဆင်နယ်အသင်းအမာခံပရိသတ်များ တည်ထောင်ထားသည့် Arsenal Supporters' Trust အဖွဲ့သည် အာဆင်နယ်အသင်းအားပေးသူများကို အွန်လိုင်းကတစ်ဆင့် နည်းပြအာစင်ဝင်းဂါးကို အယုံအကြည်ရှိ၊ မရှိ မဲပေးစေခဲ့ရာ အာစင်ဝင်းဂါးကို အယုံအကြည် ကင်းမဲ့နေပြီဖြစ်ကြောင်း မဲပေးခဲ့သူအရေအတွက်မှာ ၇၈ ရာခိုင်နှုန်းအထိ ရှိခဲ့ကြောင်း Sportmail က ဖော်ပြထားသည်။

အာဆင်နယ်နည်းပြ အာစင်ဝင်းဂါးသည် ယနေ့(ဧပြီလ ၂ ရက်)ညတွင် အာဆင်နယ်နှင့် မန်စီးတီးတို့ ယှဉ်ပြိုင်ကစားမည့် ပရီးမီးယားလိဂ်ပွဲစဉ်အပြီး၌ ၎င်း၏အနာဂတ်ကို ထုတ်ပြန်ကြေညာသွားဖွယ်ရှိနေပြီဖြစ်ကာ အကယ်၍ ၎င်းတို့ကန့်ကွက်နေသည့်ကြားက အာစင်ဝင်းဂါးကို စာချုပ်သစ်ချုပ်မည်ဆိုပါက ယခုထက်ပိုမိုသည့် ဆန့်ကျင်ဆန္ဒပြမှုများကို ရင်ဆိုင်ကြုံဆုံရလိမ့်မည်ဟု အာဆင်နယ်အသင်း ပရိသတ်များက အသင်းဒါရိုက်တာဘုတ်အဖွဲ့ကို သတိပေးစကား ပြောကြားထားပြီလည်းဖြစ်သည်။

အာဆင်နယ်အသင်း တာဝန်ရှိသူများသည် လက်ရှိအချိန်တိုင်သည်အထိ အာစင်ဝင်းဂါးကို ၂ နှစ်သက်တမ်း စာချုပ်သစ်တစ်ရပ် လက်မှတ်ရေးထိုးရန် ကမ်းလှမ်းထားဆဲဖြစ်ပြီး လွန်ခဲ့သည့်ရက်အနည်းငယ်ခန့်ကပင် အာစင်ဝင်းဂါးက အာဆင်နယ်နည်းပြအဖြစ် ၎င်းဆက်ရှိနေမည့်သဘောအရိပ်အမြွက် ပြောကြားခဲ့ပြီးဖြစ်သည်။

အာစင်ဝင်းဂါးသည် သတင်းမီဒီယာများနှင့် တွေ့ဆုံခဲ့ရာ၌ အသင်းအတွက် အနာဂတ်တစ်ခုကို ပုံဖော်ပေးရန်အတွက် အာဆင်နယ်ထံတွင် ၎င်းဆက်ရှိခွင့်ရလိုသည်ဟု အသိပေးသွားခဲ့ခြင်းဖြစ်ပြီး အာဆင်နယ်အသင်းတာဝန်ရှိသူများဘက်က ပရိသတ်များ၏ဆန္ဒပြကန့်ကွက်မှုများကို မျက်ကွယ်ပြုထားသည်မှာ အာစင်ဝင်းဂါးကို စာချုပ်သစ်ချုပ်ရန် ရာနှုန်းပြည့်နီးပါးသေချာနေ၍ဖြစ်ကြောင်း သုံးသပ်ချက်များလည်း ထွက်ပေါ်နေသည်။

အာဆင်နယ်သည် ယနေ့(ဧပြီလ ၂ ရက်)ညတွင် မန်စီးတီးကို ဂိုးပြတ်ရလဒ်ဖြင့် ရှုံးနိမ့်ခဲ့ပါက နည်းပြ အာစင်ဝင်းဂါး လက်ထက်၌ ရာသီနှောင်းပိုင်းကာလတွင် အဆင့်ခြောက်ပြင်ပသို့ ပထမဆုံးအကြိမ်အဖြစ် ရောက်သွားတော့မည်ဖြစ်ပြီး မန်စီးတီးကို အိမ်ကွင်းတွင် အရေးနိမ့်ခဲ့မည်ဆိုပါက အာဆင်နယ်ပရိသတ်များ၏မကျေနပ်ချက်များမှာ ပိုမိုပေါက်ကွဲလာတော့မည်လည်းဖြစ်သည်။

အာဆင်နယ်သည် အာစင်ဝင်းဂါး၏ ဦးဆောင်မှုအောက်တွင် ဘောလုံးရာသီနှောင်းပိုင်းကာလ၌ အဆင့်ငါးပြင်ပသို့ လက်ရှိဘောလုံးရာသီအပါအဝင် နှစ်ကြိမ်တည်းသာ ရောက်ခဲ့ဖူးပြီး ယခုမတိုင်မီ ဘောလုံးရာသီနှောင်းပိုင်းကာလ၌ အဆင့်ငါးပြင်ပသို့ အာဆင်နယ်ရောက်ခဲ့ဖူးသည်မှာ ဟိုက်ဘူရီဘောလုံးကွင်းတွင် နောက်ဆုံးဘောလုံးရာသီဖြတ်သန်းခဲ့သည့် ၂၀၀၆ ခုနှစ်ကဖြစ်သည်။ သို့သော် အဆိုပါ ၂၀၀၅-၀၆ ဘောလုံးရာသီပြီးဆုံးချိန်တွင်မူ အာဆင်နယ်မှာ အဆင့်လေးနေရာကို ရယူပြီး ချန်ပီယံလိဂ်ကို ခြေစစ်ပွဲကတစ်ဆင့် ဝင်ရောက်နိုင်ခဲ့သည်။ ■ E-11

# ပြည်တွင်းပြိုင်ပွဲများကို ချန်ပီယံလိဂ်၊ ယူရိုပါလိဂ်တို့နှင့် အချိန်တူကျင်းပနိုင်ကြောင်း ယူအီးအက်ဖ်အေ ခွင့်ပြု

**နိုင်ယွန်၊ ဧပြီ ၁**

ဥရောပဘောလုံးအဖွဲ့ချုပ်(ယူအီးအက်ဖ်အေ)သည် ဥရောပတစ်လွှားရှိ နိုင်ငံအလိုက် သက်ဆိုင်ရာ ပြည်တွင်းပြိုင်ပွဲများကို ချန်ပီယံလိဂ်၊ ယူရိုပါလိဂ်ပွဲစဉ်များဖြင့် အချိန်တူကျင်းပနိုင်သည်ဟု တရားဝင်ခွင့်ပြုချက် ပေးအပ်လိုက်ပြီ ဖြစ်ကြောင်း Sky Sports က ဖော်ပြထားသည်။

ဥရောပ ပရော်ဖက်ရှင်နယ် ဘောလုံးလိဂ်အစည်းအရုံးနှင့် ယူအီးအက်ဖ်အေ အကြားတွင် ချန်ပီယံလိဂ်နှင့် ယူရိုပါလိဂ်ပွဲစဉ်များ ကျင်းပသည့်နေ့များတွင် နိုင်ငံအလိုက် ပြည်တွင်းပြိုင်ပွဲများ(အမှတ်ပေးပြိုင်ပွဲနှင့် ရှုံးထွက်ဖလား ပြိုင်ပွဲတို့ကို အဓိကရည်ညွှန်းခြင်းဖြစ်သည်)ကို ချန်ပီယံလိဂ်၊ ယူရိုပါလိဂ်တို့နှင့် အချိန်တိုက်ဆိုင် မကစားစေရ ဟူသော သဘောတူညီချက်သည် လွန်ခဲ့သည့် မတ်လ ၁၅ ရက်နေ့ကစတင်၍ ပျက်ပြယ်သွားခဲ့ပြီဖြစ်ကာ သဘောတူညီမှုအသစ်တစ်ရပ် မရရှိသေးချိန်တိုင်သည်အထိ နိုင်ငံအလိုက် သက်ဆိုင်ရာဘောလုံးအဖွဲ့ချုပ်များက ချန်ပီယံလိဂ်၊ ယူရိုပါလိဂ်တို့နှင့် အချိန်တိုက်၍ ကြားရက်ပွဲစဉ်များ စီစဉ်ခွင့်ရှိသွားပြီဖြစ်သည်။

ဥရောပ ပရော်ဖက်ရှင်နယ် ဘောလုံးလိဂ်အစည်းအရုံးနှင့် ယူအီးအက်ဖ်အေ အကြားတွင် သဘောတူညီမှုရယူထားခဲ့သည့် ကာလအတွင်း၌ ချန်ပီယံလိဂ်နှင့် ယူရိုပါလိဂ်ပွဲစဉ်များ ယှဉ်ပြိုင်သည့်နေ့များတွင် မလွှဲမရှောင်သာ၍ ကြားရက်ပွဲစဉ်ကျင်းပရမည့်အခြေအနေများ ဖြစ်ပေါ်လာခဲ့ပါက နိုင်ငံအလိုက် သက်ဆိုင်ရာဘောလုံးအဖွဲ့ချုပ်များမှာ ချန်ပီယံလိဂ်နှင့် ယူရိုပါလိဂ်ပွဲစဉ်များ မစတင်မီတွင် ၎င်းတို့၏ပွဲစဉ်ကို အပြီးသတ်နိုင်ရန် စီစဉ်ရလေ့ရှိပြီး ယခုကဲ့သို့ ပြည်တွင်းပြိုင်ပွဲများကို ချန်ပီယံလိဂ်၊ ယူရိုပါလိဂ်ပြိုင်ပွဲများနှင့် အချိန်တိုက်၍ ကစားနိုင်ကြောင်း ခွင့်ပြုချက် ပေးအပ်လိုက်သည်မှာ ရုပ်သံလွှင့်ကုမ္ပဏီများအတွက် စိန်ခေါ်မှုတစ်ရပ် ဖြစ်လာတော့မည်လည်းဖြစ်သည်။

ပရီးမီးယားလိဂ်ပြိုင်ပွဲကျင်းပရေးကော်မတီနှင့် အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်(အက်ဖ်အေ)တို့သည် ပရီးမီးယားလိဂ်ပွဲကျန်များနှင့် အက်ဖ်အေဖလားပြန်ကန်ပွဲစဉ်များကို ချန်ပီယံလိဂ်နှင့် ယူရိုပါလိဂ်ပွဲစဉ်များ ယှဉ်ပြိုင်သည့်နေ့များတွင် ကျင်းပတတ်လေ့ရှိပြီး ယခုကဲ့သို့ နိုင်ငံအလိုက်သက်ဆိုင်ရာဘောလုံးအဖွဲ့ချုပ်များက ၎င်းတို့၏ပြည်တွင်း ပြိုင်ပွဲများကို ချန်ပီယံလိဂ်၊ ယူရိုပါလိဂ်တို့နှင့် အချိန်တိုက်၍ ပွဲစီစဉ်ခွင့်ရသွားခြင်းက ရုပ်သံကြည့်ပရိသတ်များအတွက် စိတ်ရှုပ်ထွေးဖွယ်ရာအခြေအနေများဖြစ်သွားနိုင်စေသည်ဟု ITV ရုပ်သံလွှင့်ဌာနက သုံးသပ်ထားသည်။

ITV ရုပ်သံလွှင့်ဌာနသည် ၎င်းတို့၏ ထုတ်ပြန်ကြေညာချက်တွင် "ဒါဟာ ရုပ်သံလွှင့်ကုမ္ပဏီတွေအတွက်ရော ရုပ်သံကြည့်ပရိသတ်တွေအတွက်ပါ အနှောင့်အယှက်ဖြစ်လာဖို့ ရှိနေပါတယ်။ ချန်ပီယံလိဂ်နဲ့ ယူရိုပါလိဂ်ပြိုင်ပွဲတွေ ရှိတဲ့နေ့တွေမှာ မန်ယူ၊ အာဆင်နယ်၊ မန်စီးတီး၊ လီဗာပူး၊ ချယ်လ်ဆီး၊ ရီးရဲလ်မက်ဒရစ်နဲ့ ဘာစီလိုနာတို့လိုအသင်းတွေရဲ့ကြားရက်ပွဲတွေ ဝင်ရောက်လာခဲ့ရင် အခက်တွေ့ရမယ့် အနေအထားပါပဲ။ ရုပ်သံလွှင့်ကုမ္ပဏီတွေအတွက် ဘဏ္ဍာရေးအရ နစ်နာမှုတွေဖြစ်လာနိုင်တယ်လို့လည်း ယူဆမိပါတယ်"ဟု ဖော်ပြပါရှိသည်။ ■ E-11

# အောင်လအန်ဆန် မြစ်ကြီးနားမြို့ရှိ စစ်ဘေးရှောင် စခန်းများသို့ ယနေ့သွားမည်

**ရန်ကုန်၊ ဧပြီ ၁**

ကိုယ်ခံပညာပေါင်းစုံသုံး တိုက်ခိုက်ရေး(MMA) ပြိုင်ပွဲများတွင် မြန်မာ့စပါးကြီးမြွေဟု ထင်ရှားသည့် ကချင်တိုင်းရင်းသား အောင်လအန်ဆန်သည် မြစ်ကြီးနားမြို့ရှိ စစ်ဘေးရှောင်စခန်းများသို့ ဧပြီလ ၂ ရက် (ယနေ့) သွားရောက်မည်ဖြစ်သည်။

မတ်လ ၃၁ ရက်နေ့က ကျင်းပခဲ့သည့် ၎င်း၏ အသုံးအဆောင်ပစ္စည်းများ လေလံတင်ပွဲမှရရှိသောငွေများကို မြစ်ကြီးနားမြို့ရှိ စစ်ဘေးရှောင်စခန်းများနှင့် ရန်ကုန်မြို့ရှိ သုခစုံမိဘမဲ့ဂေဟာတို့သို့ လှူဒါန်းမည်ဟု အောင်လအန်ဆန်းက ပြောကြားသည်။

စစ်ရှောင်စခန်းများသို့ သွားရောက်မည့်အပြင် ၁၀ နှစ်ကျော် ခွဲခွာခဲ့ရသည့် မိသားစုဝင်များနှင့်လည်း တွေ့ဆုံမည်ဟုလည်း ၎င်းကပြောဆိုသည်။

"မြန်မာပြည်မှာ မပြည့်စုံတဲ့သူတွေ အများကြီး ရှိနေတယ်။ အဲဒီလူတွေကို ကျွန်တော် ကူညီပေးချင်လို့ပါ။ စစ်ဘေးသင့်နေတဲ့ပြည်သူတွေအတွက် စိတ်မကောင်းပါဘူး။ သူတို့ကို ကူညီနိုင်သလောက် အားပေးကူညီပေးမှာပါ"ဟုလည်း အောင်လအန်ဆန်းက ဆက်လက်ပြောကြားသည်။

အောင်လအန်ဆန်းအနေနှင့် မြစ်ကြီးနားရှိ စစ်ဘေးရှောင်ဒုက္ခသည်စခန်းများဖြစ်သည့် ခတ်ချိုတိုက်ပွဲရှောင်စခန်းနှင့် မိုင်းနား (KBC) တိုက်ပွဲရှောင် စခန်းတို့ကို သွားရောက်မည်ဟု လေလံပွဲစီစဉ်သူများထံမှ သိရသည်။

မတ် ၃၁ ရက်နေ့က ကျင်းပခဲ့သည့် လေလံတင်ပွဲတွင် အောင်လအန်ဆန်း၏ လက်မှတ်ပါဝင်သည့် တီရှပ်များ၊ လေ့ကျင့်မှုပြုလုပ်စဉ် အသုံးပြုသည့် အားကစားဝတ်စုံများ၊ သုဝဏ္ဏကွင်းတွင်ကျင်းပခဲ့ပြီး ပိုလန်နိုင်ငံသား ပတ်စတာနှာခ်ကို အနိုင်ယူခဲ့သည့် MMA ပွဲတွင် အသုံးပြုခဲ့သော လက်အိတ်နှင့်ဘောင်းဘီ၊ လေ့ကျင့်ရေးလက်အိတ်၊ ၎င်းနှင့်အတူ ညစာ စားသုံးခွင့်နှင့် အမေရိကန်နိုင်ငံတွင် ကျင်းပခဲ့သော ပြိုင်ပွဲတွင် ၎င်းရရှိခဲ့သည့် ရွှေတံဆိပ်တို့ကို လေလံတင်ရောင်းချခဲ့ရာ ကျပ် ၅၈ သိန်း ရရှိခဲ့သည်။

■ J-04

## နိုင်ပွဲပျောက်မှုတွေကို အဆုံးသတ်မယ့် လေဗာကူဆင်ကို သဘောကျမိတယ်

### ဂျာမန်ဘွန်ဒက်စ်လီဂါ ပွဲစဉ်(၂၆) ပွဲကြိုသုံးသပ်ချက်

**တ**နင်္ဂနွေညရဲ့ ဂျာမန်ဘွန်ဒက်စ်လီဂါပွဲစဉ်တွေက မိန့်ဇ်နဲ့ ဝုဖ်ဘတ်တို့ရဲ့အမှတ်ပေးရပ်တည်မှုအခြေအနေတွေကြောင့် စိတ်လှုပ်ရှားစရာပါပဲ။ ဒီနှစ်သင်းဟာ တိုက်ရိုက်တန်းဆင်းရမယ့် အဆင့် ၁၇ နဲ့ ၁၈ နေရာတွေဆီ ရောက်သွားဖို့ မရှိကြပေမယ့် အဆင့် ၁၆ နေရာအတွက် စိုးရိမ်ရပါတယ်။ အဆင့် ၁၆ ရတဲ့အသင်းဟာ တန်းမဆင်းရရေးအတွက် ဘွန်ဒက်စ်လီဂါ-၂ ဆီက တတိယရတဲ့အသင်းနဲ့ ပြန်ကန်ပွဲကစားရမှာဖြစ်လို့ တစ်ချက်မှားရင် ပေးဆပ်ရမှု ကြီးမားသွားမှာပါ။ မိန့်ဇ်က တန်းဆင်းဇုန်ထဲရောက်နေတဲ့ အင်ဂေါ်လ်စတတ်ဒ်နဲ့ကစားရမှာဖြစ်လို့ အနည်းငယ်ပွဲချောင်ပေမယ့် ဝုဖ်ဘတ်ကတော့ လေဗာကူဆင်နဲ့ ယှဉ်ပြိုင်ရမှာဖြစ်တဲ့အတွက် ရလဒ်ကောင်းဖို့ ခက်ခဲနေပါတယ်။

### အင်ဂေါ်လ်စတတ်ဒ် - မိန့်ဇ်

**ပထမအကျော့ရလဒ် - မိန့်ဇ် ၂ - ၀ အင်ဂေါ်လ်စတတ်ဒ်**

ရာသီအစောပိုင်းကာလတွေတုန်းက ရလဒ်ကောင်းတွေ ပိုင်ဆိုင်ရရှိခဲ့တဲ့ အင်ဂေါ်လ်စတတ်ဒ်ဟာ အခုတော့လည်း ဘွန်ဒက်စ်လီဂါ-၂ ဆီကို ပြန်သွားရဖို့ ကျိန်းသေသလောက် ရှိနေပါပြီ။ မိန့်ဇ်ကလည်း တန်းမဆင်းရရေးအတွက် ထပ်ဆင့်ခြေစစ်ပွဲကစားရမယ့် အဆင့် ၁၆ နေရာနဲ့ ရမှတ် နှစ်မှတ်သာ ကွာဟချက်ကျန်တော့လို့ ဖိအားတွေရောက်မသွားစေရေးအတွက် နိုင်ပွဲပြန်ရှာရတော့မှာပါ။ နှစ်သင်းလုံးအတွက် သရေဟာ အမျှတဆုံးသောရလဒ်ဖြစ်လိမ့်မယ်လို့ ယူဆမိပါတယ်။ မိန့်ဇ်ကို ရွေးချယ်လိုက်ကြရအောင်လား။

### လေဗာကူဆင် - ဝုဖ်ဘတ်

**ပထမအကျော့ရလဒ် - ဝုဖ်ဘတ် ၁ - ၂ လေဗာကူဆင်**

ဝုဖ်ဘတ်ဟာ တစ်နှစ်ထက်တစ်နှစ် အခြေအနေ ပိုဆိုးလာခဲ့ပါပြီ။ ကစားသမားကောင်းတွေကို အဆက်မပြတ် ရောင်းထုတ်နေခြင်းက ဝုဖ်ဘတ်ကို အခုလိုမျိုး အခြေယိုင်သွားစေတာပါပဲ။ လေဗာကူဆင်ကလည်း နောက်ဆုံးကစားထားတဲ့ ဘွန်ဒက်စ်လီဂါပွဲစဉ် လေးပွဲဆက်တိုက် နိုင်ပွဲပျောက်ခဲ့ရတဲ့အခြေအနေကနေပြီး ရုန်းထွက်ဖို့ကြိုးပမ်းရမှာပါ။ ချန်ပီယံလိဂ်ပြိုင်ပွဲကနေ ထွက်လိုက်ရပြီဖြစ်လို့ ဘွန်ဒက်စ်လီဂါဘက်ကို လေဗာကူဆင် အာရုံစူးစိုက်မှုအပြည့်နဲ့ ပြန်ပြီးအားထည့်လာတော့မှာပဲဖြစ်ပါတယ်။ လေဗာကူဆင်ကို သဘောကျမိတယ်။



AP



## အဝါရောင်မြည်းပျံလေးတွေလို့ နာမည်ပြောင်ရထားတဲ့ ချီယေဗိုနဲ့အတူ ရင်ခုန်လိုက်ကြရအောင်လား

AP

### အီတလီစီးရီးအေ ပွဲစဉ်(၃၀) ပွဲကြိုသုံးသပ်ချက်

**ဒီ**နေ့ညယှဉ်ပြိုင်ကစားမယ့် စီးရီးအေပွဲစဉ်တွေထဲမှာ နာပိုလီနဲ့ ဂျူဗင်တပ်တို့ အားပြိုင်ကြမယ့်ပွဲစဉ်က စိတ်ဝင်စားဖို့ကောင်းလှပါတယ်။ ဂျူဗင်တပ်ဟာ နာပိုလီကိုသာ အနိုင်ရလိုက်မယ်ဆိုရင် စီးရီးအေချန်ပီယံပြေးလမ်းထက်ကနေပြီး အဓိကပြိုင်ဘက်အသင်းတစ်သင်းကို ဖယ်ထုတ်ပစ်လိုက်နိုင်မှာပါ။ တိုရီနိုနဲ့ အူဒီးနီးစ်တို့ပွဲစဉ်ကလည်း ခြေညီတဲ့အသင်းနှစ်သင်း ထိပ်တိုက်တွေ့တာဖြစ်လို့ ပွဲကောင်းတစ်ပွဲဖြစ်လာပါလိမ့်မယ်။ ဖီအိုရင်တီးနားနဲ့ ချီယေဗိုတို့ကတော့ အဝေးကွင်းအားနည်းတဲ့ ပြိုင်ဘက်တွေနဲ့ ကစားရမှာဖြစ်လို့ အနိုင်သုံးမှတ်ကို အရယူနိုင်ကြမှာပါ။

### တိုရီနို - အူဒီးနီးစ်

**ပထမအကျော့ရလဒ် - အူဒီးနီးစ် ၂ - ၂ တိုရီနို**

နောက်ဆုံးကစားထားတဲ့ ပြိုင်ပွဲအရပ်ရပ် ပွဲစဉ် ၁၂ ပွဲမှာ တိုရီနိုက နိုင်ပွဲဆိုလို့ နှစ်ပွဲတည်းသာ ရှာဖွေရရှိခဲ့ပါတယ်။ အူဒီးနီးစ်ဟာ အသင်းလိုက်ကစားအား မဆိုးလှပေမယ့် အဝေးကွင်းပွဲစဉ်တွေမှာတော့ သိပ်ပြီး စိတ်မချရပါဘူး။ နောက်ဆုံးကစားခဲ့တဲ့ စီးရီးအေပွဲစဉ် သုံးပွဲဆက်တိုက် ခြေလန်းကြွေလန်းဖြစ်ခဲ့တဲ့ အူဒီးနီးစ်ဟာ တစ်ကြိမ်လောက်ဖြစ်ဖြစ် ပြန်ရပ်သင့်ပြီလို့ ယူဆမိပါတယ်။ အူဒီးနီးစ်ဟာ တန်ပြန်တိုက်စစ်တွေကို အားပြုပြီး သရေတစ်မှတ်အတွက်ပဲ ဦးတည်တိုက်ပွဲဝင်သွားမှာပါ။ တိုရီနိုကို ကပ်နိုင်ပါလိမ့်မယ်။

### ဂျီနိုအာ - အတ္တလန်တာ

**ပထမအကျော့ရလဒ် - အတ္တလန္တာ ၃ - ၀ ဂျီနိုအာ**

ဂျီနိုအာက အိမ်ကွင်းပွဲစဉ်တွေမှာဆိုရင် အကောင်းဆုံးပုံစံတစ်ရပ်ကို ရနေတတ်လေ့ရှိပါတယ်။ ကစားခဲ့ပြီးတဲ့ အိမ်ကွင်းပွဲစဉ် ၁၄ ပွဲမှာ လေးပွဲနိုင်၊ ခြောက်ပွဲသရေကျပြီး လေးပွဲတည်းသာ ရှုံးနိမ့်ထားတဲ့ ဂျီနိုအာစွမ်းဆောင်ရည်ဟာ မဆိုးလှပါဘူး။ အတ္တလန္တာကလည်း ယူရိုပါလိဂ်ပြိုင်ပွဲပါဝင်ကစားခွင့် တစ်နေရာစာကို ရယူနိုင်ဖို့ မျှော်လင့်ချက်ရှိနေတဲ့အတွက် တိုက်စစ်ဖွင့်ပြီး အနိုင်သုံးမှတ်ကို အရယူဖို့ ကြိုးပမ်းလာပါလိမ့်မယ်။ သရေဟာ နှစ်သင်းလုံးအတွက် အမျှတဆုံးသော အဖြေပါပဲ။ အိမ်ရှင်ဂျီနိုအာနဲ့ လက်တွဲထားလိုက်ကြရအောင်လား။

### ဖီအိုရင်တီးနား - ဘိုလော့ဂ်နာ

**ပထမအကျော့ရလဒ် - ဘိုလော့ဂ်နာ ၀ - ၁ ဖီအိုရင်တီးနား**

နှစ်သင်းလုံးက ခြေတက်နေကြပါတယ်။ ဖီအိုရင်တီးနားက နောက်ဆုံးကစားထားတဲ့ စီးရီးအေပွဲစဉ် လေးပွဲဆက်တိုက် ရှုံးပွဲမရှိ မှတ်တမ်းနဲ့ ဖြတ်သန်းနိုင်ခဲ့သလို ဘိုလော့ဂ်နာကလည်း နောက်ဆုံးကစားထားတဲ့ စီးရီးအေပွဲစဉ် နှစ်ပွဲဆက်တိုက် အနိုင်ရထားတာပါ။ ဖီအိုရင်တီးနားရဲ့အားသာချက်က ဂိုးသွင်းအားကောင်းတဲ့ ထိပ်တန်းတိုက်စစ်မှူးတွေကို ပိုင်ဆိုင်ထားခြင်းပါပဲ။ ကာလီနစ်၊ ကာနာဒက်စ်ချီ၊ တယ်လ်လိုနဲ့ ဘာဘာကာတို့ဟာ ပွဲအလှည့်အပြောင်းကို ဖန်တီးပေးနိုင်စွမ်းရှိသူတွေချည်းဖြစ်ကြပါတယ်။ ဘိုလော့ဂ်နာဟာ ဂိုးပြတ်မရှုံးရလေအောင်ဘဲ ခုခံကာကွယ်သွားရမှာပါ။ ဖီအိုရင်တီးနားကို အကြိုက်တွေ့မိတယ်။

### ချီယေဗို - ခရိုတုန်း

**ပထမအကျော့ရလဒ် - ခရိုတုန်း ၂ - ၀ ချီယေဗို**

ပထမအကျော့ရှုံးကြွေးကို ပြန်ဆပ်ဖို့အတွက် ချီယေဗို အားထည့်ကစားသွားပါလိမ့်မယ်။ လက်ရှိအချိန်မှာ ခရိုတုန်းက တစ်ပွဲနဲ့တစ်ပွဲအကြား ကစားအားအတက်အကျ မမှန်တော့သလို နိုင်ပွဲပျောက်ဆုံးမှုကလည်း ရှည်ကြာလွန်းနေပါပြီ။ နောက်ဆုံးကစားထားတဲ့ စီးရီးအေပွဲစဉ် ၁၃ ပွဲမှာ ခရိုတုန်းက နိုင်ပွဲဆိုလို့ တစ်ပွဲတည်းသာရှိခဲ့တာပါ။ အဝေးကွင်းပွဲစဉ်တွေ ယှဉ်ပြိုင်ကစားရာမှာ အမ်ပိုလီရဲ့နောက် ဒုတိယမြောက် သွင်းဂိုးအနည်းဆုံးအသင်းက ခရိုတုန်းပါပဲ။ အိမ်ကွင်းမာတဲ့ ချီယေဗိုပဲ အောင်ပွဲခံသွားပါလိမ့်မယ်။

### ပါလာမို - ကက်ဂလီယာရီ

**ပထမအကျော့ရလဒ် - ကက်ဂလီယာရီ ၂ - ၁ ပါလာမို**

ပါလာမိုက စီးရီးအေပြိုင်ပွဲဝင်အသင်း ၂၀ ထဲမှာ အိမ်ကွင်းရလဒ် အညံ့ဖျင်းဆုံးပါပဲ။ ကစားခဲ့ပြီးတဲ့ အိမ်ကွင်းပွဲစဉ် ၁၄ ပွဲမှာ ပါလာမိုက တစ်ပွဲနိုင်၊ နှစ်ပွဲသရေကျပြီး ၁၁ ပွဲအထိ ရှုံးနိမ့်ထားပါတယ်။ ဒါပေမဲ့ကက်ဂလီယာရီကလည်း အဝေးကွင်းခြေစွမ်းသိပ်အကောင်းကြီးမဟုတ်လို့ ပါလာမိုသာ ပါးပါးနပ်နပ်နဲ့ ကစားနိုင်ခဲ့ရင် ရလဒ်ကောင်းဖို့ သိပ်မခက်လောက်ပါဘူး။ ကစားခဲ့ပြီးတဲ့ အဝေးကွင်းပွဲစဉ် ၁၅ ပွဲမှာ ကက်ဂလီယာရီက နိုင်ပွဲဆိုလို့ နှစ်ပွဲတည်းသာ ရှာဖွေရရှိခဲ့ပါတယ်။ သရေဟာ နှစ်သင်းလုံးအတွက် အမျှတဆုံးသော အဖြေတစ်ခုပါပဲ။

### နာပိုလီ - ဂျူဗင်တပ်

**ပထမအကျော့ရလဒ် - ဂျူဗင်တပ် ၃ - ၁ နာပိုလီ**

နာပိုလီဟာ ချန်ပီယံလိဂ်ပြိုင်ပွဲကို တိုက်ရိုက်ပါဝင်ကစားခွင့်ရနိုင်မယ့် အဆင့်နှစ်နေရာကို မျှော်လင့်ခွင့်ရှိနေသေးတာကြောင့် အိမ်ရှင်အခွင့်အရေးကို လက်ကိုင်ပြုပြီး ဂျူဗင်တပ်ကို ဖိအားပေးသွားမှာပါ။ ချန်ပီယံလိဂ်ကနေ ထွက်လိုက်ရပြီးတဲ့နောက်ပိုင်း ပြည်တွင်းပွဲစဉ်တွေကို စိတ်ရှင်းကိုယ်ရှင်း အာရုံစိုက်ခွင့်ရသွားတာက နာပိုလီရဲ့အားသာချက်ပါပဲ။ ဂျူဗင်တပ်ဟာ နာပိုလီ တိုက်စစ်ကျွံဝင်လာမယ့်အချိန်ကိုစောင့်ပြီး တန်ပြန်တိုက်စစ်တွေကနေတစ်ဆင့် ဂိုးပေါက်ရှာဖွေသွားပါလိမ့်မယ်။ သရေကျဖို့ ရာခိုင်နှုန်းများလို့ ဂျူဗင်တပ်ကို ရွေးထားလိုက်ပါရစေ။

### ပက်စ်ကာရာ - အေစီမီလန်

**ပထမအကျော့ရလဒ် - အေစီမီလန် ၁ - ၀ ပက်စ်ကာရာ**

အေစီမီလန်ဟာ အသင်းလိုက်ကစားအား ပြန်လည်ကောင်းမွန်လာခဲ့ပြီပဲဖြစ်ပါတယ်။ ယူရိုပါလိဂ်ပြိုင်ပွဲပါဝင်ကစားခွင့်ဖြစ်တဲ့ အဆင့်ငါးနေရာကို မျှော်လင့်ခွင့်ရှိနေသေးတာကြောင့် အေစီမီလန်ဟာ အနိုင်သုံးမှတ်ကို အရယူဖို့အတွက် ပွဲစကတည်းက တိုက်စစ်ဖွင့်ပြီး အင်တိုက်အားတိုက် ကစားလာမှာပါ။ နောက်ဆုံးကစားထားတဲ့ စီးရီးအေပွဲစဉ် လေးပွဲဆက်တိုက် အရေးနိမ့်ခဲ့တဲ့ ပက်စ်ကာရာဟာ စီးရီးဘီဆီကို တန်းဆင်းရဖို့ သေချာလုနီးပါး ရှိနေပါပြီ။ အေစီမီလန်တိုက်စစ်ကို ပက်စ်ကာရာ ခံစစ် မထိန်းချုပ်နိုင်လောက်ပါဘူး။ အေစီမီလန်ကို ရွေးမယ်။■

# Escape



## ရေပေါ်က ဆန္ဒပြပွဲလေလား

မြစ်ပြင်အပြည့် လေဖြည့်သွင်းလို့ရတဲ့ လှေတွေနဲ့ လူတွေချီတက်လှော်ခတ်ကြတဲ့ လှုပ်ရှားမှုကို ရဲတွေကတော့ သိပ်ကြိုက်မယ် မထင်ပါဘူး။

ရေပေါ်မှာပြုလုပ်တဲ့ ဆန္ဒပြပွဲနဲ့တူတဲ့ အုပ်စုလိုက်ပွတ်သိပ်ပြီး ရေပေါ်မျောကြခြင်းကို ဗြိတိန်မှာ တကယ်ပြုလုပ်ကြမှာပါ။

လူ ၃၀၀၀ လောက်ပါဝင်မယ်လို့ စာရင်းပြုထားတဲ့ ဒီအခမ်းအနားကို နယူးဘန်း၊ နယူးကာဆယ် စတဲ့ အင်္ဂလန်က မြို့တွေကို ဖြတ်စီးသွားတဲ့ တိုင်းမြစ်ထဲမှာ ပြုလုပ်မှာဖြစ်ပါတယ်။

ရဲတွေကတော့ သက်သက်မဲ့ အလုပ်ရှုပ်အောင် လုပ်တယ်ဆိုပြီး စိတ်တိုနေလေရဲ့။

ပေါက်ပန်းလေးဆယ် ထလုပ်တာ မဟုတ်ပါဘူး။ ဖင်လန်နိုင်ငံက ရိုးရာ ကယ်ဂျာကယ်လွန်တာဆိုတဲ့ ရိုးရာအစဉ်အလာအတိုင်း ပြုလုပ်ကြတာလို့ စီစဉ်သူတွေက ဆိုပါတယ်။

ဘီယာတွေပေါ်မျောခြင်း လို့လည်း နာမည်ပေးထားပြီး အဲဒီလှေတွေပေါ်မှာ ဘီယာတွေ ပါလာမှာပါ။ ရဲတွေကတော့ လုံခြုံရေးပေးရမှာမို့ စိတ်တိုမယ်ဆိုလည်း တိုလောက်ပါတယ်လေ။ ■ F-02

## တိုင်ရန်နိုဆောရပ်စ် အသားစား ဒိုင်နိုဆောတွေက ချစ်တတ်တဲ့သတ္တဝါတွေတဲ့

ပေ ၂၀ လောက်မြင့်မားပြီး ဧရာမ ခါးကြီးတွေလို သွားတွေ၊ ကရိန်းကား တစ်စီးလို သန်မာတဲ့မေးရိုးတွေကို ပိုင်ဆိုင်ထားတဲ့ တိုင်ရန်နိုဆောရပ်စ်ဟာ အများထင်သလို သတ္တဝါဆိုးကြီး ဟုတ်ရင် ဟုတ်မှာပါ။ ဒါပေမဲ့ သူတို့ဟာ ချစ်တတ်သူတွေ ဖြစ်တယ်ဆိုတာကိုတော့ သိပ္ပံသုတေသန တစ်ရပ်က ဖော်ထုတ်လိုက်ပါသတဲ့။

သူတို့ရဲ့ နှာခေါင်းဝတွေဟာ အလွန်ကို အာရုံခံစားပြီး နူးညံ့ကြတယ်လို့ ပညာရှင်တွေ ဖော်ထုတ်ထားကြပါတယ်။

ဒီလိုတွေရှိချက်ရဲ့ အဓိပ္ပာယ်ကတော့ အထီးနဲ့အမဟာ အချင်းချင်း နှာခေါင်းလေးနဲ့ ပွတ်သပ်ကျီစယ် ချစ်တမ်းကစားကြတယ် ဆိုတာပါပဲ။

မိတ်မလိုက်ခင်မှာ တိုင်ရန်နိုဆောရပ်စ်တွေဟာ မိန်းမပိုးလေ့ရှိပြီး အဆင်ပြေတဲ့အခါ လိုရင်းကို အကြမ်းပတမ်းတန်း မသွားဘဲ တစ်ကောင်နဲ့တစ်ကောင် ကျီစယ်ကြတဲ့လက္ခဏာလို့ ဆိုပါတယ်။

အဲဒီအကြောင်းအရာကို အမေရိကန်သုတေသီတွေက သိပ္ပံသုတေသနဂျာနယ်မှာ ရေးထားတာပါ။

■ F-02

## ရယ်စရာမောစရာသတင်းအချက်အလက်ကမ္ဘာ



★ သောက်လို့ရတဲ့စာအုပ် ထွက်ရှိထားပါတယ်။ ဒီစာအုပ်ထဲမှာ ကိုယ့်မှာရှိတဲ့ပစ္စည်းပစ္စယတွေနဲ့ ရေသန့်စင်နည်းကို ရေးထားတာပါ။ စာအုပ်ထဲက နည်းလမ်းတွေကိုဖတ်ပြီး ရေသန့်ပြုလုပ်လို့ရပါတယ်။ ကိုယ့်အနီးအနားမှာ ရေသန့်စင်တဲ့ပစ္စည်းတောင်မှ မရှိဘူးဆိုရင်တော့ စာအုပ်ကို သောက်လို့ရပါသေးတယ်။ ဒီလိုပါ စာမျက်နှာတိုင်းဟာ နာနိုနည်းပညာအမှုန်လေးတွေ သုတ်လိမ်းထားပြီး ဗက်တီးရီးယားတွေကို ၉၉ ရာခိုင်နှုန်းကာကွယ်နိုင်လို့ စာမျက်နှာလေးတွေကို ဖြဲဖြဲပြီး ရေစစ်လုပ်လို့ရပါတယ်။ လူတစ်ယောက်အဖို့ လေးနှစ်တိတိ အသုံးပြုနိုင်ပါသတဲ့။

★ တစ်ခါက ဝန်ထမ်း ၁၃ ယောက်ပဲ ရှိတဲ့ ကုမ္ပဏီတစ်ခုကို Facebook က အမေရိကန်ဒေါ်လာ တစ်ဘီလီယံသုံးပြီး ဝယ်ယူခဲ့ပါတယ်။ ဒါကတော့ Instagram ကုမ္ပဏီပဲ ဖြစ်ပါတယ်။





★ ကစားကွင်းတွေက သူရဲအိမ်ဆိုတာ အရုပ်တွေနဲ့ လုပ်ထားတာ တကယ်တော့ ကြောက်စရာ သိပ်မကောင်းလှပါဘူးဆိုတဲ့ အပေါင်းအသင်းတွေကို ကယ်လီဖိုးနီးယားပြည်နယ်က မက်ကာမီမက်နော် သူရဲအိမ်ကို ပို့ပေးလိုက်ပါ။ လာလည်တဲ့သူတွေကို အကြမ်းပတမ်းလုပ်တာ၊ ရက်ရက်စက်စက် ခြောက်တာတွေကြောင့် နာမည်ကြီးပါ။ ဆံပင်တွေ ညှပ်တယ်၊ သွေးတွေနဲ့ ပက်မယ်၊ ကြိုးတုပ်မယ်ဆိုတာ သဘောတူမှ ဝင်ရမယ်ဆိုပြီး လက်မှတ်ရေးထိုးရပါတယ်။

★ သဘာဝတရားထဲမှာ ထူးဆန်းစွာ တည်ရှိနေတာတွေက အများကြီးပါ။ ဒီတစ်ပတ်မှာ မိတ်ဆက်ပေးချင်တဲ့နေရာကတော့ မက္ကဆီကိုနိုင်ငံက ကမ်းခြေတစ်ခုအကြောင်းပါ။ ပင်လယ်လှိုင်းတွေကို ကျောက်ဆောင်ဂူကြီးတွေက ကာရံထားပြီးတော့ ပင်လယ်ရေက ထိုဂူတွေထဲ ဖြတ်သန်းပြီးမှ ကမ်းခြေကို ရောက်လာပါတယ်။ ဒီတော့ ဝှက်ထားတဲ့ ကမ်းခြေ ဖြစ်လာတော့တာပေါ့။




